ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ခူးလကွယ်၊ သောကြာနေ့၊ 6, Friday May 2016 (၈၅၅၃)

စောင့်ရှောက်အပ်သောစိတ်

စိတ်သည် အလွန်သိမ်မွေ့၍ အလွန်မြင်နိုင်ခဲ၏။ (မျိုးနွယ်နိမ့်မြင့် သင့်မသင့်ကို မချင့်တွက်ဘဲ)တွေ့မြင်ရာရာ ကာမဂုဏ်၌ ရိပ်ခနဲ တိမ်းစောင်းကျရောက်တတ်၏။ ၎င်းစိတ်ကို ပညာရှိသည် ထိန်းသိမ်းစောင့်ရှောက်ရာ၏။ စောင့်ရှောက်အပ်သောစိတ်သည်(လူ နတ် နိဗ္ဗာန်သုံးတန်သော)ချမ်းသာကိုဆောင်၏။ (ဓမ္မပဒ-၃၆)

ရေရှားပါးမှုများကြုံတွေ့နေရသည့်ဒေသများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေများ စဉ်ဆက်မပြတ် သွားရောက်လှူဒါန်းပေးလျက်ရှိ

သတင်း စာမျက်နှာ - ၂

မော်တော်ကား မူဝါဒ၊ ဥပဒေနဲ့ လုပ်ထုံးများ

ဆောင်းပါး စာမျက်နှာ - ၆

ရခိုင်ဒေသအတွက် ကမ်းရိုးတန်းသွားရေယာဉ်သစ် တည်ဆောက်ရန် ပြည်တွင်းအင်ဂျင်နီယာများနှင့် ဒီဇိုင်းရေးဆွဲဆောင်ရွက်နေ

သတင်း စာမျက်နှာ - ၁၀

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနဖွဲ့စည်းရေး လွှတ်တော်သို့တင်ပြ

နေပြည်တော် မေ ၅

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာပေးပို့ခဲ့သည်။

ယင်းသဝဏ်လွှာတွင် နိုင်ငံတော်အစိုးရသည် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး စသည့်လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုလုပ်ငန်းစဉ်များ ပိုမိုထိရောက်အောင်မြင်မှုရရှိနိုင်ရေးအတွက် လုပ်ငန်းတာဝန်များအား ဆက်စပ်ဆောင်ရွက်ပေးနိုင်မည့် ဝန်ကြီးဌာနတစ်ခု လိုအပ်လျက်ရှိပါကြောင်း။

သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂ တွင် ပါရှိသော "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် ဝန်ကြီးဌာနများကို ပြင်ဆင်သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်သည်" ဟူသည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)

သုံးစွဲနိုင်သည့်ပမာဏထက် ကျော်လွန်သုံးစွဲနေရမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်

ရန်ကုန်မြို့ရှိ ဓာတ်အားပေးစက်ရုံများ၏ ထက်ဝက်ခန့်သာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့်အနေအထားဖြစ်နေ

ရန်ကုန် မေ ၅

လျှပ်စစ်မီး အမှန်တကယ်သုံးစွဲနိုင်သည့် ပမာဏထက် ကျော်လွန်စွာသုံးစွဲနေရမှုကြောင့် System Break Down ဖြစ်ကာ လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နေရခြင်းဖြစ်ပြီး လက်ရှိလျှပ်စစ်မီး လိုအပ်ချက်မြင့်မားလျက်ရှိသော ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ထက်ဝက်ခန့်သာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်သည့် အနေအထားတွင်ရှိနေကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ထက်ဝက်ခန့်ကို သုံးစွဲနေသော ရန်ကုန်မြို့တော်၏ လျှပ်စစ်ဓာတ်အား အသုံးပြုမှုတွင် တစ်အိမ်ထောင်ချင်း လျှပ်စစ်ဓာတ်အားအသုံးပြုမှုပိုမိုလာပြီး သုံးစွဲနိုင်သည့် ပမာဏထက်ကျော်လွန်သုံးစွဲနေရမှုများ ရှိလာကာ နှစ်စဉ် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ ၁၅ ရာခိုင်နှုန်းခန့်ရှိလာကြောင်း သိရသည်။ ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးမှုတွင် ရေအားလျှပ်စစ်မှ ရယူအသုံးပြုမှုများရှိသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဂက်စ်တာပိုင်၊ ဂက်စ်အင်ဂျင်သုံးစက်များဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း အဆိုပါ စက်ရုံများ၏ ထက်ဝက်ခန့်သာ လျှပ်စစ်ဖြန့်ဖြူးပေးနိုင်သည့် အနေအထားတွင်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မေ ၅ ရက်က ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည့် ရန်ကုန်မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော်၌ လျှပ်စစ်မီးမကြာခဏ ပြတ်တောက်မှုဖြစ်ပေါ်နေခြင်းအပေါ် ထည့်သွင်းရှင်းလင်းပြောကြားသွားခဲ့သည်။

"လျှပ်စစ်မီးဟာ မြန်မာနိုင်ငံမှာရှိတဲ့ မီးသုံးစွဲနိုင်မှုထက် ကျော်လွန်စွာသုံးစွဲနေရပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းများ

နေပြည်တော် မေ ၅

နေပြည်တော်
၇ ဒသမ ၃
ရန်ကုန်
၇ ဒသမ ၈
မန္တလေး
၉ ဒသမ ၇

ကြေးမုံ

ရန်ကုန်မြို့ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး

ရန်ကုန်မြို့ ဘက်စုံဖွံ့ဖြိုးမှုအတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန် မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူလူထုအတွင်းမှ စိတ်ဝင်စားသူများနှင့် မြို့ပြစီမံကိန်းဆိုင်ရာပညာရှင်များ ဆွေးနွေးအကြံပြုဝိုင်းဝန်းအဖြေရှာဖို့ ကြိုးစားနေကြပုံများကို သတင်းများမှ တစ်ဆင့် တွေ့ရပါသည်။

၁၉၈၈ နောက်ပိုင်း ရန်ကုန်မြို့၏ တိုးတက်ဖွံ့ဖြိုးလာပုံမှာ ဒရောသောပါးနှင့် ဖရိုဖရဲ ဖြစ်လွန်းသည်ကို ရန်ကုန်မြို့ပြ ပြဿနာများက ဖော်ပြနေပါသည်။

မြို့ပြများ စနစ်တကျ မဖွံ့ဖြိုးသည့်အခါ တွေ့ရမည်ဖြစ်သော မြို့ပြပြဿနာများ၊ လမ်းတွေပေါ်မှာ ကျပ်တည်းနေသော မော်တော်ကားများ၊ လူအများ လမ်းလျှောက်ရန်မဖြစ်နိုင်သော လူသွားစင်္ကြံများပေါ်ရှိ ဆိုင်တန်းများ၊ ကားလမ်းပေါ်မှာ စွန့်စားလျှောက်လှမ်းနေကြရသော လူများ၊ ရုပ်ပိုင်းစိတ်ပိုင်း မလုံမခြုံဖြစ်နေကြရသော မြို့သူမြို့သားများ။

အာဇာနည် ဗိုလ်ချုပ်အောင်ဆန်းတို့၏ ရုပ်ကလာပ်များကို ထားရှိ အကြည်ညိုခံရာဂျူဗလီဟောကြီး မရှိတော့ပြီ။ ဗိုလ်ချုပ်တို့ ကျောင်းသားဘဝ နယ်ချဲ့ဆန့်ကျင်ရေး၏ အထင်ကရဖြစ်ခဲ့သော ကျောင်းသားသမဂ္ဂအဆောက်အအုံကြီး မရှိတော့ပြီ။ အလွန်ပြေပြစ်တင့်တယ်လှသော ရွှေတိဂုံအရှေ့ဘက်စောင်းတန်းကြီး မူလအတိုင်း မရှိတော့ပြီ။ ကန်တော်မင်ပန်းခြံအလယ်က အချိုးကျလှပသော ဇရပ်ငယ်လေး မရှိတော့ပြီ။ အရောင်ပြင်းပြင်းများနှင့် ခြယ်သထားသည့် ကန်ထရိုက်တိုက်များကြောင့် ရန်ကုန်မြို့၏ ထူးခြားသော မြို့မြင်ကွင်းတို့ ပျောက်ဆုံးလုဖြစ်နေရပြီ။ မြို့ လူနေမှု သိပ်သည်းသည်ထက် သိပ်သည်းလာစေသော ကွန်ဒိုများ၊ ဟိုတယ်များ၊ ရှော့ပင်းစင်တာများကြောင့် သိမ်ဖြူကွင်း၊ မြကျွန်းသာ၊ ဆူးလေကလေးပန်းခြံစသော မြို့သူမြို့သားတို့၏ ပြည်သူ့မြေကွက်လပ်များ ပျောက်ဆုံးကုန်ပြီ။ ပတ်ဝန်းကျင်ကို ဂရုမထား အရေးမစိုက်သည့် ထိုးထိုးထောင်ထောင် တွန်းထွက်လာသော အဆောက်အအုံသစ်များကြောင့် ရန်ကုန်မြို့လယ်ကောင်၏ ပြယုဂ်အဖြစ် ကျက်သရေရှိ သပ္ပာယ်လှပသော ဆူးလေစေတီသည်ပင် မှေးမှိန် ပုန်းလျှိုးနေရရှာပြီ။

ဆုံးရှုံးကုန်သော မြို့ပြအမွေအနှစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းအမွေအနှစ်များ။

မြို့ကြီးများဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်ရမည် ဓမ္မတာ။ သို့သော်လည်း စနစ်တကျတော့ ဖြစ်သင့်သည် မဟုတ်ပါလော။ တိုးတက်များပြားလာသော လူဦးရေနှင့် လိုက်လျောညီသည့် ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်သော လူနေအိမ်များ၊ မြို့ပြအဆောက်အအုံများ လိုအပ်သလို ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ စိန့်မေရီဘုရားရှိခိုးကျောင်းကြီး အစရှိသည့် ဘာသာရေးနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ထိန်းသိမ်းစရာများ၊ ဝန်ကြီးများရုံး၊ ရန်ကုန်တက္ကသိုလ်၊ ပဲခူးဆောင် စသော သမိုင်းဆိုင်ရာ တန်ဖိုးထားထိန်းသိမ်းစရာများ၊ မြို့သူမြို့သားတို့၏ အမှတ်တရဖြစ်ရမှုများအရ တန်ဖိုးကြီးလှသော မြို့တော်ခန်းမ၊ အင်းယားကန်ပေါင်၊ တံတားဖြူ အစရှိသော အမှတ်တရထိန်းသိမ်းစရာများ၊ သစ်ပုပ်ပင်ကြီး၊ ကံ့ကော်တော၊ ခရေပင်တန်း၊ ကန်တော်ကြီး စသော သဘာဝအမွေအနှစ် ထိန်းသိမ်းစရာများကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုပါမည်။

တိုးတက်ဖွံ့ဖြိုးရာတွင်လည်း မြို့လယ်ကောင်မှာ ဟိုတယ်ကြီးတွေ၊ ကွန်ဒိုအမြင့်ကြီးတွေ သက်သက်တိုးတက်လာတာမျိုးမဟုတ်ဘဲ ပြည်သူအများစု၏ ဘဝများသာယာအေးချမ်းမှုကို မြှင့်တင်ပေးမည့် တိုးတက်မှုမျိုးဖြစ်ရန်လိုပါမည်။

မြို့ပြဥပဒေစိုးမိုးရေး၊ မြို့တွင်းခရီးသွားလာမှု တင့်တင့်တယ်တယ်နှင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြရေး၊ လျှပ်စစ်မီး၊ သုံးရေ၊ ရေဆိုးစွန့်ထုတ်ရေး၊ မိလ္လာစနစ်၊ အမှိုက်စွန့်ပစ်ရေးစနစ် အစရှိသည့် မြို့ပြ အခြေခံအဆောက်အအုံများက တစ်ပြိုင်နက်ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါမည်။

အထူးသဖြင့် စီမံကိန်းကြီးများ (ဥပမာ- ရန်ကုန်ဘူတာကြီး စီမံကိန်း) အကောင်အထည်ဖော်မည်ဆိုလျှင် မြို့ပြပြဿနာများကို ကူညီဖြေရှင်းပေးနိုင်မည့်အစီအစဉ်များကို ထည့်သွင်းစဉ်းစားဖို့ လိုပါမည်။ မြို့လယ်ကောင်တည့်တည့်မှာရှိနေသည့်အတွက် မြို့လူထုအတွက် ကားရပ်ရန်နေရာ၊ ဘတ်စ်ကားအကူးအပြောင်းစခန်း စသည်တို့ကို ပူးတွဲစဉ်းစားခြင်းမျိုး ဖြစ်ပါမည်။

အချုပ်ကိုဆိုရသော် မည်သို့သော စီမံကိန်းကြီးများဖြစ်စေ အလျင်စလိုမလုပ်ဘဲ ပညာရှင်များနှင့် ဆွေးနွေး၊ ပြည်သူ့သဘောထားနှင့် ညှိနှိုင်းကာ ရေးဆွဲပြင်ဆင်ရမည်ဟု ယူဆပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်သစ်၊ အစိုးရအဖွဲ့၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပညာရှင်တို့ ပူးပေါင်းအဖြေရှာနိုင်ကြပြီး ပြည်သူ့ထောက်ခံအားပေးမှုဖြင့် ရန်ကုန်မြို့ စနစ်တကျ မှန်မှန်ကန်ကန် ဖွံ့ဖြိုးတိုးတက်နိုင်ပါစေကြောင်း။ ။

အစိုးရသစ်လက်ထက် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ ဆက်လက်စစ်ဆေး

နေပြည်တော် မေ ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ၈-၁၁-၂၀၁၅ ရက်တွင် အောင်မြင်စွာကျင်းပပေးခဲ့ပြီးနောက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇/၆၈၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၇ အရ တင်သွင်းလာသည့် ကန့်ကွက်လွှာအမှု ၄၅ မှုရှိခဲ့ပြီး ၂၁-၁၂-၂၀၁၅ ရက်မှ ၂၉-၃-၂၀၁၆ ရက် အထိ တရားခွင် (၂) ခုဖြင့် စစ်ဆေးခဲ့ရာ ရုပ်သိမ်းခွင့်ပြုသည့်ကန့်ကွက်လွှာအမှု ၁ မှု၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၇ ၊ နည်း ၁၁(က) အရ ကန့်ကွက်လွှာကို ပလပ်ကြောင်း အမိန့်ချခဲ့သည့်အမှု ၂ မှုရှိခဲ့ပြီး စစ်ဆေးရန် ၄၂ မှု ကျန်ရှိသည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉(င)အရ ကန့်ကွက်လွှာအမှုအမှတ် (၁)တွင် ကန့်ကွက်လွှာ အမှုအမှတ်(၄၅) အား ပေါင်း၍စစ်ဆေးမည်ကို ၁၈-၁-၂၀၁၆ ရက်တွင် အမိန့်ချခဲ့ပြီး ကန့်ကွက်လွှာအမှုအမှတ်(၂)တွင် ကန့်ကွက် လွှာ အမှုအမှတ် (၄၁) အားပေါင်း၍ စစ်ဆေးမည်ကို ၁၀-၂-၂၀၁၆ ရက်တွင် အမိန့်ချမှတ်ခဲ့သဖြင့် ဆက်လက်စစ်ဆေးရန် ကန့်ကွက်လွှာအမှု ၄၀ မှုသာ ကျန်ရှိကြောင်း သိရှိရသည်။

အစိုးရသစ်လက်ထက်တွင် ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အဖွဲ့ဝင်လေးဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ကော်မရှင်က ၈-၄-၂၀၁၆ ရက်စွဲပါ အမိန့်အမှတ် ၁၆/၂၀၁၆၊ ၁၇/၂၀၁၆၊ ၁၈/၂၀၁၆ နှင့် ၁၉/၂၀၁၆ တို့ဖြင့် ရွေးကောက်ပွဲခုံအဖွဲ့လေးဖွဲ့ကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉(က) (၂)အရ ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဥပဒေကျွမ်းကျင်သော သင့်လျော်သည့် နိုင်ငံသားနှစ်ဦးပါဝင်သော ရွေးကောက်ပွဲ ခုံအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ရာ တရားခွင်နှစ်ခုထပ်မံတိုးချဲ့လျက် စုစုပေါင်းတရားခွင်(၄)ခုဖြင့် သင်္ကြန်ကာလရုံးပိတ်ရက်များအပြီး ၂၅-၄-၂၀၁၆ ရက်မှစ၍ ကန့်ကွက်လွှာအမှုများ အမြန်ပြီးပြတ်နိုင်ရေးအတွက် နေ့စဉ်ရုံးထိုင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေရှားပါးမှုများကြုံတွေ့နေရသည့်ဒေသများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေများ စဉ်ဆက်မပြတ် သွားရောက်လှူဒါန်းပေးလျက်ရှိ

နေပြည်တော် မေ ၅

ယခုနှစ်နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ ရေရှားပါးမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက သောက်ရေသုံးရေများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ မေ ၄ ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် နယ်မြေရဲစခန်းမှူးများဦးစီးသည့် အဖွဲ့များက သောက်သုံးရေဂါလန် ၁၂၃၄၀ အား မိမိတို့မြို့နယ်အတွင်းရှိ ရေရှားပါးသည့် နေရာဒေသများသို့ သွားရောက်လှူဒါန်းခဲ့ကြရာ ဧပြီ ၂၄ ရက်မှ မေ ၄ရက်ထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုစုပေါင်း သောက်သုံးရေ ၂၄၂၀၄၆ ဂါလန် သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ရဲပြန်ကြား)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၆၁၂၈၊ ၀၆၇-၃၄၆၁၃၀၊ ဖက်စ် ၀၆၇-၃၄၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၈၅ ဗီဇ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

လေဘေးသင့်ပြည်သူများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက သွပ်ချပ်များနှင့် အလှူငွေများလှူဒါန်း

နေပြည်တော် မေ ၅
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေးတပ်သို့ ရောက်ရှိရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်၊ အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေးတပ်နှင့် တပ်မတော် အသက်မွေးမှုအတတ်ပညာသင်စခန်းတို့မှ တပ်မှူးများက ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသည့် ဆေးအဆင့်နိမ့် စစ်သည်များအား ပြန်လည်နေရာချထားပေးမည့် အစီအမံများ၊ ယင်းစစ်သည်များ၏ လုပ်အားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများနှင့် ကိုယ်တိုင်လုပ်ကိုင်စားသောက်နိုင်ရန် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန်၊ ဆေးအဆင့်နိမ့်စစ်သည်များကို စစ်မှုထမ်းသက်ပြည့်သည်အထိ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ရေး လိုအပ်သည့် နေရာချထားမှုများ စီစဉ်ဆောင်ရွက်ပေးကာ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊ တပ်မတော်သားများအနေဖြင့် ကိုယ်တိုင်ဆန္ဒအရ တပ်မတော်မှ နုတ်ထွက်ရာတွင် ပြင်ပတွင် ကိုယ်တိုင်လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေးအတွက် အမှန်တကယ် အကျိုးရှိမည့် အသက်မွေးမှုအတတ်ပညာသင်တန်းများကို ထိရောက်စွာ လေ့ကျင့်သင်ကြားပေးရန်နှင့် ပြင်ပတွင် လက်တွေ့ကျကျအသုံးချနိုင်သည်အထိ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန် မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိုင်းမောတပ်နယ်ရှိ အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေးတပ်နှင့် တပ်မတော် အသက်မွေးမှု အတတ်ပညာသင်စခန်းတို့မှ အရာရှိ စစ်သည်၊ မိသားစုများကို အသက်မွေးမှု အတတ်ပညာသင်စခန်းခန်းမတွင် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းမောတပ်နယ်ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်မည့်နေရာအား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပျော်ဘွယ်မြို့နယ် ထန်းတောကြီးအုပ်စု သဖန်းကန်ကျေးရွာနှင့် ဒဟတ်ကုန်းကျေးရွာအုပ်စု၊ ကန်ဖျားကျေးရွာများသို့ သွားရောက်၍ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော ဘုန်းကြီးကျောင်းနှင့် ကျေးရွာအခြေခံပညာမူလတန်းကျောင်းများကို လှည့်လည်ကြည့်ရှုသည်။

ပျော်ဘွယ်မြို့နယ်အတွင်း ဧပြီ ၃၀ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာ ၄၁ ရွာမှ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် နေအိမ်တချို့ အမိုးလန်ပျက်စီးခြင်း၊ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ လေဘေးသင့်ပြည်သူများသို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများက သွပ်ချပ် ၃၀၀၀ နှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်များအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၅
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာကို ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ နော်ဝေနိုင်ငံသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး မစ္စစ် အန်အော်လီစတက်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ၁၀ နာရီတွင်လည်းကောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်များအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ မြေမြှုပ်မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်များ၊ ပင်လယ်ကမ်းရိုးတန်းဒေသများအတွင်း တပ်မတော်၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့် နယ်စပ်ဖြတ်ကျော် ခိုးဝင်ဒုက္ခသည်များ အရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

■

❃ သုံးစွဲနိုင်သည့်မှ
ထုတ်လုပ်မှုတွေကို ပြန်လည်သုံးသပ်တဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်ဖြန့်ပေးနိုင်ဖို့အတွက် ရေအားလျှပ်စစ်ကရတဲ့ မဂ္ဂါဝပ်တွေရှိပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးကနေပဲ ဖြန့်ချိနိုင်မှုအတွက်ဆိုပြီး ဂက်စ်နဲ့ လည်ပတ်နေတဲ့ ဂက်စ်တာပိုင်တွေ၊ ဂက်စ်အင်ဂျင်တွေ ၆၁ လုံးရှိပါတယ်။ လှော်ကားမှာရှိတယ်၊ အင်းစိန်မှာရှိတယ်။ အလုံမှာရှိတယ်။ သာကေတမှာရှိတယ်။ ဒီစက်တွေရဲ့ စွမ်းဆောင်ရည်ဟာ မဂ္ဂါဝပ် ၉၉၀ လောက် စွမ်းဆောင်ရည်ရှိရမှာဖြစ်ပါတယ်။ ဒါပေမယ့် မဂ္ဂါဝပ် ၄၀၀ ကျော်လောက်ပဲ လည်နိုင်ပါတယ်။ လျှပ်စစ်ထုတ်ဖို့အတွက် ဂက်စ်တွေကို သုံးနေရတယ်။ ဒါပေမယ့် လုံလောက်တဲ့ လျှပ်စစ်ထွက်မလာခဲ့ဘူး။ ဘာကြောင့်လဲဆိုရင် ဒီစက်တွေဟာ အသစ်တွေပါဆိုပြီး ဝယ်ပင်ဝယ်ထားသော်လည်း တကယ်လက်တွေ့မှာ ဒီစက်တွေဟာ ပြောင်လက်နေတာပဲရှိတယ်။ မော်ဒယ်လည်းမကောင်းဘူး။ စွမ်းဆောင်ရည်လည်းမရှိဘူး။ ပြည်သူလူထုဟာ လျှပ်စစ်မီးရဲ့ဒဏ်ကို ခံနေရတယ်။ ဒီထွက်လာတဲ့ အရေအတွက်မရှိတဲ့ စက်တွေရဲ့ မောင်းနှင်အားပေါ်မှာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဖြန့်ချိရေးက လိုအပ်တာထက်ပိုပြီး လျှပ်စစ်မီးကို သုံးစွဲခွင့်ပြုလိုက်မယ်ဆိုရင် System Break Down ဖြစ်သွားမယ်။ အခု လျှပ်စစ်ဘာကြောင့် ပျက်သလဲလို့မေးတိုင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဖြန့်ချိရေးက System Break Down ဖြစ်သွားတာပါလို့ ပြောမှာပါ။ ကိုယ့်မှာရှိတဲ့အင်အားနဲ့ သုံးစွဲမှုကို ချိန်ကြည့်ဖို့လိုအပ်ပါတယ်။ မချိန်ညှိဘဲနဲ့ ဆောင်ရွက်နေမှုဟာ ပြည်သူလူထုကို ဒုက္ခပေးသလိုဖြစ်ပါတယ်။ ပြည်သူလူထုဟာ မီးလင်းမလားလို့ဆိုပြီး အလုပ်လုပ်နေတဲ့အချိန်မှာ မီးပျက်သွားတာဟာ အလုပ်တွေအများကြီး နှောင့်နှေးကြန့်ကြာစေပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကိုလည်း အနှောင့်အယှက်ဖြစ်စေပါတယ်” ဟု ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသည်။

ရာသီဥတုစံချိန်တင် ပူပြင်းလာမှုနှင့်အတူ လျှပ်စစ်အသုံးပြုမှုမှာလည်း မြင့်မားလာပြီး လျှပ်စစ်မီးလိုအပ်ချက်ရှိနေသော ရန်ကုန်မြို့အတွက် အခက်အခဲများရှိကြောင်းလည်း သိရသည်။ ရန်ကုန်မြို့တော်တွင် နှစ်စဉ် လျှပ်စစ်ဓာတ်အား လိုအပ်ချက် ၁၅ ရာခိုင်နှုန်း တိုးတက်လာလျက်ရှိပြီး လက်ရှိတွင် လူနေရပ်ကွက်များနှင့် စက်မှုဇုန်များ လျှပ်စစ်မီးအပြည့်အဝမရရှိခြင်းများနှင့် ရင်ဆိုင်နေရသည်။ သုံးစွဲနိုင်သည့် ပမာဏထက် တိုးမြှင့်သုံးစွဲနေရမှုကြောင့် System Break Down ဖြစ်ကာ မကြာခဏ လျှပ်စစ်မီးပြတ်တောက်မှုများနှင့် ကြုံတွေ့နေရပြီး ယင်းအပေါ် လက်ရှိအစိုးရအနေဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ရန်ကုန်မြို့သည် လူဦးရေထူထပ်ခြင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ခြင်းကြောင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ထက်ဝက်ခန့်ကို သုံးစွဲနေလျက်ရှိပြီး မဂ္ဂါဝပ် ၁၂၅၀ ခန့် အသုံးပြုလျက်ရှိသည်ဟု သိရသည်။

(ဆုနှင်းလဲ့)

နှစ်(၇၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းလုပ်အားပေး

ဒေးဒရဲ မေ ၅
နှစ်(၇၀) ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့တွင် ယနေ့နံနက်၇ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဌေးနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ အမှတ် (၁) (၂) (၃)ရပ်ကွက်နှင့် ကျွန်းပင်ကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စသည့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၇၀ ခန့်တို့က ဒေးဒရဲမြို့ ဆုတောင်းပြည့်စုံကျိုက်ဒေးယျံစေတီတော်မြတ်ကြီး ရင်ပြင်တော် ပရိဝုဏ်အတွင်းရှိ စေတီတော်နှင့် အရန်စေတီများအား ရေသပ္ပာယ်ခြင်းနှင့်သန့်ရှင်းရေး ကုသိုလ်ယူဆောင်ရွက်မှုများ စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(သပြေထွန်း)**

၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

နေပြည်တော် မေ ၅
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဇွန် ၅ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "the fight against the illegal trade in wildlife" “တို့ကမ္ဘာမြေ ဂေဟစနစ်ထိန်းသိမ်းဖို့တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်စို့” ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ အဖိုးတန်ဇီဝမျိုးစုံမျိုးကွဲများအား တစ်စထက်တစ်စ ဆုတ်ယုတ်လျော့ပါးလာစေပြီး ဆင်များ၊ ကြံ့များနှင့် ကျားများကဲ့သို့သော ရှားပါးမျိုးစိတ်များနှင့် အခြားမျိုးစိတ်များအား ခြိမ်းခြောက်လျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်ရန်ဖြစ်သည်။

ယခုနှစ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်များနှင့် အသိပေးနှိုးဆော်ချက်များကို ပြည်သူအများ သိရှိဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် အဆိုပါဆောင်ပုဒ်နှင့်စပ်လျဉ်းသည့် မိမိတို့ရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ဆောင်းပါးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိလည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ငါးမျက်နှာမှ အများဆုံး ခုနစ်မျက်နှာထိလည်းကောင်း၊ ကွန်ပျူတာစာလုံး Myanmar Unicode(Myanmar 2) သို့မဟုတ် Win-Innwa စာလုံးအရွယ်အစား-၁၈ (Fontsize-18)၊ ကွန်ပျူတာစလုံး Myanmar Unicode(Myanmar 3) စာလုံးအရွယ်အစား-၁၄ (Fontsize-14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5) ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ(Hard copy) တစ်စုံနှင့် CD ဖြင့် (Soft copy) တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၅၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်-၀၆၇-၄၃၁၃၂၅၊ ၀၆၇-၄၃၁၃၂၁၊ ၀၆၇-၄၃၁၃၁၈၊ ဖက်စ်အမှတ်-၀၆၇-၄၃၁၃၂၅၊ ၀၆၇-၄၃၁၃၂၂၊ အီးမေးလ် - ppir.ecd@moecaf.gov.mmနှင့် thinthin.env@gmail.com သို့ **မေလ ၂၃ ရက်(တနင်္လာနေ့)** နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ website ဖြစ်သော www.ecd.gov.mm တွင် လေ့လာကြည့်ရှုနိုင်သည်။

ဆုရရှိသူများကို ၂၀၁၆ ခုနှစ် ဇွန် ၅ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

○ အများပြည်သူမှ
အဆိုပါရှေးဟောင်းတိုင်များအား Myanmar Teakwood ကုမ္ပဏီက ပြတိုက်တည်ဆောက်ပေး၍ ပြသပေးမည်ဖြစ်ကာ မြေနေရာအား တောင်သမန်သစ္စာကုမ္ပဏီကပေးမည်ဟု အကြမ်းဖျင်း သဘောတူချက်များရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“အကြမ်းဖျင်းသဘောတူညီချက်ပဲရရှိသေးတာပါ။ သေချာပေါက်လှူမယ်ဆိုတာသေချာရင် တိုင်းဒေသကြီးအစိုးရနဲ့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွေကို ဆက်လက်တင်ပြဆောင်ရွက်သွားပါမယ်။ အခုလောလောဆယ်တော့ ကမ်းလှမ်းတဲ့အဆင့်ပဲ ရှိသေးပါတယ်”ဟု ၎င်းက ပြောသည်။

နှစ်ပေါင်း ၁၆၀ ကျော်ကြာမြင့်နေသည့် တံတားတိုင်လုံးကြီးများသည် လေဒဏ်၊ မိုးဒဏ်၊ ရေဒဏ် စသည့်သဘာဝဘေးအန္တရာယ်များခံစား ခဲ့ရခြင်း၊ အင်းဆက်ပိုးမွှားများကြောင့် တိုင်များဆွေးမြည့်ခြင်းများကြောင့် ရှေးဟောင်းလက်ရာတံတားတိုင်ကြီးများဖြစ်သော်လည်း တံတား၏ ကြံ့ခိုင်မှုဝန်ကို ထိန်းနိုင်ခြင်းမရှိသည့်တိုင်များနေရာတွင် ရှေးမူကို အနည်းငယ်ယူ၍ ကြံ့ခိုင်မှုကိုဦးစားပေးကာ ကျွန်းတိုင်အသစ်များဖြင့် အစားထိုးပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။

(အောင်ရဲသွင်)

ကနေဒါအနောက်ပိုင်း ရေနံမြေတည်ရာမြို့၌ တောမီးလောင်မှုကြောင့် ပြည်သူများကို ရွှေ့ပြောင်းပေးရ

အန်းဇက် မေ ၅

ကနေဒါနိုင်ငံ၌ ဆိုးရွားပြင်းထန်သော တောမီးလောင်ကျွမ်းမှုဖြစ်ပွားလျက်ရှိရာ နိုင်ငံအနောက်ပိုင်းရှိ ရေနံလုပ်ငန်းလုပ်ကိုင်သော ဖို့မက်မာရေးမြို့တွင် ပြည်သူ ၈၈၀၀၀ ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖို့မက်မာရေးမြို့၌ တောမီးလောင်မှုကြောင့် အဆောက်အအုံ ၁၆၀၀ မီးဝါးမြိုခံခဲ့ရပြီး ယင်းမြို့၌ မီးဆက်လက်လောင်ကျွမ်းနိုင်ဖွယ်ရှိကြောင်း အာဏာပိုင်များက ပြောကြားကြသည်။ ဖို့မက်မာရေးမြို့သည် အယ်လ်ဘားတားပြည်နယ် အရှေ့မြောက်ပိုင်း၌ တည်ရှိပြီး ကနေဒါနိုင်ငံ၏ ရေနံမြေတွင် အချက်အချာကျသည်။

တောမီးလောင်မှုကြောင့် လူသေဆုံးမှုရှိ/မရှိ မသိရသေးပေ။ သို့ရာတွင် တောမီးလောင်စဉ် ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရာမှ မော်တော်ယာဉ်တိမ်းမှောက်မှုတစ်မှု ထက်မနည်း ဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

ဖို့မက်မာရေးမြို့မှ ကီလိုမီတာ ၆၀ ကျော် (၃၇မိုင်) အကွာ ရေနံတွင်းမှ မီးခိုးလုံးကြီးများ ထွက်ပေါ်လာခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ ယင်းမြို့တွင် နေထိုင်သူများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အာဏာပိုင်များက မေ ၃ ရက်တွင် ညွှန်ကြားခဲ့သည်။

မြို့သူမြို့သားများသည် ကိုယ်ပိုင်ယာဉ်များ၊ ထရပ်ကားများနှင့် အပန်းဖြေခရီးစဉ်သုံးယာဉ်များဖြင့် ထွက်ပြေးခဲ့ကြရပြီး ယခုအခါအဝေးပြေးလမ်းမကြီး တစ်ဖက်တစ်ချက်မြေကွက်လပ်များတွင် ဟိုတစ်စု၊ သည်တစ်စုစခန်းချကာ ခိုလှုံလျက်ရှိကြသည်။

တောမီးကို ငြိမ်းသတ်နိုင်ရန်ကြိုးပမ်းလျက်ရှိသော်လည်း ဆက်လက်လောင်ကျွမ်းနေဆဲဖြစ်သည်။ မေ ၁ ရက်မှစတင်၍ တောမီးစတင်ခဲ့ပြီး လျင်မြန်စွာ ကူးစက်လောင်ကျွမ်းခဲ့ရာ မြေနေရာဧက ၁၈၅၀၀ (ဟက်တာ ၇၅၀၀) ပျက်စီးဆုံးရှုံးခဲ့ရသည်။

ရိုက်တာ။

ဥရောပအရှေ့ပိုင်းတွင် နေတိုးတပ်ဖွဲ့ဖြန့်ကြက်မှု လက်တုံ့ပြန်မည်ဟု ရုရှားသတိပေး

မော်စကို မေ ၅

ရုရှားနိုင်ငံသည် အနောက်ပိုင်းနှင့် တောင်ပိုင်းနယ်စပ်ဒေသများ၌ စစ်တိုင်းသုံးခုကို ယခုနှစ်ကုန်ထက်နောက်မကျဘဲ ထူထောင်သွားမည်ဟု မေ ၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က ပိုလန်နှင့် ဘောတစ်နိုင်ငံများ၌ စစ်ရေးအရ တည်ရှိမှုကို တိုးမြှင့်ပြုလုပ်လာနေမှုကို လက်တုံ့ပြန်မည်ဟု ရုရှားက ခြိမ်းခြောက်လိုက်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

အနောက်မဟာမိတ်စစ်အုပ်စုသည် ရုရှားနိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်နေသည်ဟု ရုရှားအစိုးရက စွပ်စွဲထားသည်။ ၂၀၁၄ ခုနှစ်အတွင်း ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ ခရိုင်းမီးယားဒေသကို ယင်း၏ပိုင်နက်နယ်မြေအတွင်း ထည့်သွင်းခဲ့ပြီးနောက် နေတိုးအဖွဲ့က ယင်း၏ အရှေ့ဘက်တောင်ပံတွင် စစ်အင်အားတိုးချဲ့ခဲ့သည်။ မိမိတို့စစ်အင်အားတိုးချဲ့ရခြင်းသည် ကာကွယ်ရေးအတွက် သက်သက်သာလျှင်ဖြစ်သည်ဟု နေတိုးအဖွဲ့က ပြောကြားခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးအက်ရှ်တန်ကာတာ သည် မေ ၂ ရက်တွင် ကျင်းပသော နေတိုးအဖွဲ့ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ဘော်လ်ကန်ဒေသ၌ တင်းမာမှုမြင့်တက်လာခြင်းကြောင့် အရှေ့ဥရောပအဖွဲ့ဝင်နိုင်ငံများ၌ တပ်ရင်းလေးခုကို အလှည့်ကျစနစ်ဖြင့် ဖြန့်ကြက်သွားမည်ဆို၏။

မကြာသေးမီ ရက်သတ္တပတ်အတွင်းက ဘော်လ်တစ်ဒေသ၌ ခုတ်မောင်းသွားလာနေသည့် အမေရိကန်စစ်သင်္ဘောတစ်စင်းအနီး ရုရှားတပ်ဖွဲ့များ စစ်ရေးလေ့ကျင့်ခဲ့ပြီး အမေရိကန်ထောက်လှမ်းရေးလေယာဉ်များကို ကြားဖြတ်ဟန့်တားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုက်တာ။

ဂျပန်နှင့် ဂျာမနီ ဝန်ကြီးချုပ်များ ဘာလင်မြို့တွင် တွေ့ဆုံဆွေးနွေး

ဘာလင် မေ ၅

ဥရောပနိုင်ငံများသို့ အလည်အပတ်ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဂျီ-၇ ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာ မာကယ်လ်နှင့် ဘာလင်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းမီဒီယာများက ယနေ့သတင်းထုတ်ပြန်သည်။

ဂျီ-၇ နိုင်ငံများအနေဖြင့် ကမ္ဘာ့စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များကို တိုးမြှင့်ဆောင်ရွက်သင့်ကြောင်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်မြှင့်လုပ်ဆောင်သင့်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှု၊ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ငွေကြေးမူဝါဒချမှတ်မှုများသည် ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာရန် အရေးကြီးသည့် ကဏ္ဍများပင်ဖြစ်ကြောင်း ဝန်ကြီးချုပ် မာကယ်လ်က ဆိုသည်။ ယမန်နှစ်က ဂျာမနီနိုင်ငံအတွင်းသို့ စစ်ဘေးဒုက္ခသည်များ အစုလိုက်အပြုံလိုက် ဝင်ရောက်ခဲ့ခြင်းသည် ဂျာမနီနိုင်ငံ၏ ပြည်တွင်းဝယ်လိုအားကို ပိုမိုဖြစ်ထွန်းစေခဲ့သည့်အပြင် ကမ္ဘာ့စီးပွားရေးအတွက် အလားအလာ ပိုမိုကောင်းမွန်ခဲ့သည်ဟု မာကယ်လ်က ဆက်လက်ပြောကြားခဲ့သည်။

ဂျီ-၇ ထိပ်သီးအစည်းအဝေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့်ပတ်သတ်ပြီး ဆက်လက်ဆွေးနွေးရန် ၎င်းတို့နှစ်ဦး သဘောတူညီခဲ့ကြကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မီဒီယာသို့ ပြောကြားခဲ့သည်။

ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးတည်ငြိမ်မှုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဂျီ-၇ ခေါင်းဆောင်များက ကြိုးပမ်းကြမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မာကယ်လ်က ဆိုသည်။

နိုင်ငံခြား ငွေကြေးဈေးကွက်တည်ငြိမ်မှုသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးရေးအတွက် အရေးပါကြောင်း ဝန်ကြီးချုပ် အာဘေးက ထောက်ပြပြောကြားခဲ့သည်။ ဝန်ကြီးချုပ် အာဘေး၏ ပြောကြားချက်ကို မာကယ်လ်က ထပ်ဆင့်ထောက်ခံခဲ့သည်။

ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ သွားရောက်စဉ် ဟီရိုရှီးမားမြို့သို့ အလည်အပတ်ခရီးတစ်ခု စီစဉ်ထားခြင်း ရှိ၊ မရှိကို သတင်းထောက်များက မေးမြန်းရာ ဝန်ကြီးချုပ် မာကယ်လ်က သွားရောက်လည်ပတ်ရန် အစီအစဉ်မရှိသေးကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

ကင်းလှည့်ရေယာဉ် ၁၂ စင်း တည်ဆောက်ရန် ကန်ဒေါ်လာ ၂၀၈ သန်းတန် သဘောတူစာချုပ် ဩစတြေးလျ လက်မှတ်ရေးထိုး

ဆစ်ဒနီ မေ ၅

ဩစတြေးလျနိုင်ငံက ကင်းလှည့်ရေယာဉ် ၁၂ စင်း တည်ဆောက်ရန်အတွက် ရေတပ်သင်္ဘော တည်ဆောက်ရေးကုမ္ပဏီ Austal Ships Pty နှင့် အမေရိကန်ဒေါ်လာ ၂၀၈ ဒသမ ၈ သန်းတန် သဘောတူစာချုပ်တစ်ရပ်ကို မေ ၅ ရက်က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ဩစတြေးလျရေတပ်အတွက် သင်္ဘောတည်ဆောက်ရေးမှာ လာမည့် ဆယ်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၀၂ ဘီလီယံနီးပါး ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်အသုံးပြုမည့် ဖေဖော်ဝါရီလအတွင်းက ထုတ်ဖော်ပြောကြားခဲ့သည့် စီမံချက်တစ်ခု၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ကင်းလှည့်ရေယာဉ် ၁၂ စင်း တည်ဆောက်မှုကို ၂၀၁၇ ခုနှစ်အလယ်တွင် စတင်မည်ဖြစ်ပြီး ပထမဆုံးသော ကင်းလှည့်ရေယာဉ်ကို ၂၀၁၈ ခုနှစ်တွင် ရေချမည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။ ဧပြီလအတွင်းက Austals Ships ကုမ္ပဏီမှာ အခြားပုဂ္ဂလိကကုမ္ပဏီများဖြစ်သော နယ်သာလန်နိုင်ငံအခြေစိုက် Damen Shipyards နှင့် ဂျာမနီကုမ္ပဏီများဖြစ်သော Fassmer နှင့် Lurssen တို့နှင့်အတူ ဩစတြေးလျဒေါ်လာ သုံးဘီလီယံ တန်ကြေးရှိ ကမ်းလွန်ကင်းလှည့်ရေယာဉ် ၁၂ စင်း တည်ဆောက်ရန် ရွေးချယ်ခံခဲ့ရသည်။

BAE System Fincantieri နှင့် Navantia ကုမ္ပဏီတို့မှာ ဖရီးဂိတ်စစ်သင်္ဘောကိုးစင်း တည်ဆောက်ရန်အတွက် ပဏာမအဆင့် ရွေးချယ်ခံခဲ့ရကြောင်း အစိုးရက ပြောကြားသည်။ ကမ်းလွန်ကင်းလှည့်ရေယာဉ်များနှင့် ဖရီးဂိတ်စစ်သင်္ဘောများ တည်ဆောက်ရေးအတွက် သဘောတူစာချုပ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ပြင်သစ်နိုင်ငံပိုင် ရေတပ်သင်္ဘောတည်ဆောက်ရေးကန်ထရိုက်တာ DCNS Group က ကမ္ဘာ့အကျိုးအမြတ်အများဆုံး ကာကွယ်ရေးသဘောတူစာချုပ်များအနက် တစ်ခုဖြစ်သော ဩစတြေးလျ ဒေါ်လာ ၅၀ ဘီလီယံတန်ကြေးရှိ သဘောတူညီချက်တစ်ရပ်အရ ရေငုပ်သင်္ဘော ၁၂ စင်း တည်ဆောက်မည်ဖြစ်သည်။

ဇူလိုင် ၂ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ ဝန်ကြီးချုပ် မယ်လ်ကွန်တန်ဘူး၏ ရွေးကောက်ပွဲဆိုင်ရာ မျှော်လင့်ချက်များ မြှင့်တင်မှုတစ်ခုအဖြစ် ရေငုပ်သင်္ဘောအားလုံးကို ဩစတြေးလျနိုင်ငံ၌ တည်ဆောက်မည်ဖြစ်သည်။ ဩစတြေးလျအစိုးရမှာ အတိုက်အခံလေဘာပါတီနှင့် အကြိတ်အနယ်ယှဉ်ပြိုင်နေရကြောင်း နောက်ဆုံးပြုလုပ်သည့် လူထုသဘောထားစစ်တမ်းက ပြသနေသော်လည်း သင်္ဘောတည်ဆောက်ရေးက အရေးပါသော ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများတွင် အလုပ်အကိုင်နေရာများ ဖန်တီးပေးသွားမည်ဖြစ်သည်။

ရိုက်တာ။

✱ ရှေ့ဖုံးမှ

ပြဋ္ဌာန်းချက်နှင့်အညီ "နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန" တစ်ခုဖွဲ့စည်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူပေးနိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည် ဟူ၍ ပါရှိသည်။

အဆိုပါ ၂၂ ခုမြောက် ပြည်ထောင်စုဝန်ကြီးဌာနဖြစ်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းပေးပို့ရန် လွှတ်တော်နာယက က ကြေညာထားသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနတို့အကြား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူနိုင်ရေး လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနတို့အကြား နိုင်ငံတကာနှင့် ဒေသတွင်းလုံခြုံရေး စစ်ရေးကိစ္စရပ်များနှင့် ကာကွယ်ရေးမူဝါဒများကို အပြန်အလှန်နားလည်ရေးကိစ္စရပ်များတွင် ဆွေးနွေးမှုများပြုလုပ်ခြင်းဖြင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကဏ္ဍအများအပြား၌ ပိုမိုခိုင်မာစေရန်ရည်ရွယ်ပြီး လက်မှတ်ရေးထိုးရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

အဆိုပါသဘောတူညီချက်အား လက်မှတ်ရေးထိုးခြင်းဖြင့် စစ်ရေးဆိုင်ရာ သဘောထားအမြင်နှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်း၊ အပြန်အလှန်ယုံကြည်မှုများ ခိုင်မာစေခြင်း၊ နိုင်ငံတကာလုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးဆောင်ရွက်မှုများတွင် သဘောအမြင်နှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်း၊ စစ်ဘက်ဆိုင်ရာကဏ္ဍများ၌ ဆက်ဆံမှုများတိုးမြှင့်နိုင်ခြင်း၊ ကုလသမဂ္ဂအဖွဲ့ဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းအတွေ့အကြုံများ ဖလှယ်နိုင်ခြင်း၊ ငြိမ်းချမ်းရေးအထောက်အကူပြုလုပ်ငန်းများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း၊ ပယ်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခြင်း၊ တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးနှင့် ပညာရေးနယ်ပယ်ဆိုင်ရာ အတွေ့အကြုံများနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိစေနိုင်မည်ဖြစ်ပါကြောင်း တင်ပြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပန်နီရာသိုတိုထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးမှု၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ ခန့်အပ်တာဝန်ပေးမှု၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့တွင် ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးမှုတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့ပြင် လစ်လပ်သွားသော ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူ အစား ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာနလောမောင်းအား ထည့်သွင်းဖွဲ့စည်းရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို မေ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မုန်းတမံနှင့် ကျိုးအုံကျိုးဝတမံပျက်စီးမှုများနှင့် ရာဇဂြိုဟ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် ယခုလာမည့်မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် တိုက်တွန်းကြောင်းအဆို လွှတ်တော်သို့ တင်သွင်း

နေပြည်တော် မေ ၅

မေးခွန်းပေါက်ကြားမှုမှာ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ စိစစ်တွေ့ရှိချက်များအရ စာစစ်ကြီးကြပ်ရေးမှူးတာဝန်ယူရသည့် ကျောင်းအုပ်(၃)ဦးနှင့် အခြားကျောင်းအုပ်(၁)ဦးတို့က မသမာသောနည်းလမ်းများအသုံးပြု၍ မေးခွန်းထုပ်ကို လက်ရာမပျက်ဖောက်ယူခြင်းကြောင့် မေးခွန်းပေါက်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကျောင်းအုပ်(၄)ဦးအား မေးခွန်းလွှာများကို အချိန်မတိုင်မီ ဖွင့်ဖောက်ဖြန့်ဝေပေါက်ကြားစေမှုဖြင့် ချောက်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားပြီးဖြစ်ကြောင်းနှင့် ဝန်ထမ်းအဖြစ်မှလည်း ထုတ်ပယ်ပြီးဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဖြေကြားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၂၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပစဉ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၏ **၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံစာစစ်အဖွဲ့ကို ဥပဒေဖျက်သိမ်းခြင်းမရှိဘဲ မည်သည့်အတွက်ကြောင့် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုအောက်ရှိ ဦးစီးဌာနတစ်ခုအဖြစ် ပြောင်းလဲပါသနည်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန စာစစ်ဦးစီးဌာနက ဦးစီးကျင်းပပြုလုပ်သော လေးတန်း(Grade V)၊ ရှစ်တန်း(Grade IX) စာမေးပွဲမေးခွန်းများမှားယွင်းခြင်း၊ ဖြေဆိုခြင်းမပြုမီရက်များတွင် ကြိုတင်ပေါက်ကြားပြီး ဖြေဆိုသောနေ့များတွင် တိုက်ဆိုင်နေသည်ကို တွေ့မြင်၊ ကြားသိနေရပါသဖြင့် တာဝန်အရှိဆုံးသူမှ တာဝန်ယူ၊ တာဝန်ခံပါမည်လား**မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅) ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံစာစစ်အဖွဲ့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခဲ့ကြောင်း၊ ပြဋ္ဌာန်းခဲ့ပြီးသော အမျိုးသားပညာရေးဥပဒေအရလည်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကို ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုအောက်ရှိ သီးခြားဦးစီးဌာနအဖြစ်ထားရှိကြောင်း ထည့်သွင်းဖြေကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **မင်းတုန်းမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်**

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး

အောင်မြေသာစံ မဲဆန္ဒနယ်မှ
ဒေါက်တာလှမိုး

ဆောက်လုပ်ပေးခြင်းအပေါ် အရည်အသွေးမပြည့်မီသည့်ကိစ္စနှင့် ပတ်သက်၍ တိုးမြင့်မိုရ်ဦးကုမ္ပဏီအား ကျောင်းဆောင်သစ်တစ်ဆောင် ထပ်မံဆောက်လုပ်ပေးရန် လမ်းညွှန်ထားမှုအား ကုမ္ပဏီတာဝန်ရှိသူ ဦးတိုးမြင့်အောင်မှ ၂၀၁၅ ခုနှစ် ဧပြီ ၄ ရက်တွင် စတင်ဆောက်လုပ်ပေးမည်ဟု ကတိပြုထားသော်လည်း ယနေ့အထိ ဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်းမေးခွန်းနှင့်ပတ်သက်၍ ဖြေကြားရာတွင် တိုးမြင့်မိုရ်ဦး ကုမ္ပဏီဘက်မှ ပြောင်းကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် ပျက်ကွက်မှုအတွက် ငွေကျပ်သိန်း ၁၅၀ တိတိကို ပေးလျော်မည်ဖြစ်ပြီး အဆိုပါငွေကို ၂၀၁၆ ခုနှစ် ဧပြီ ၃၀ ရက်တွင် ပထမအရစ်အဖြစ် သိန်း ၁၀၀ ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် မေ ၃၁ ရက်တွင် ဒုတိယအရစ်အဖြစ် သိန်း ၅၀ ကိုလည်းကောင်း ပြောင်းကျေးရွာ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီထံသို့ပေးအပ်ရန် စာချုပ်ချုပ်ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က **ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက်ရှိသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကျိုးအုံကျိုးဝတမံပျက်စီးမှုများနှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်နယ်စပ် ရာဇဂြိုဟ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် ယခုလာမည့်မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်သို့ တင်သွင်းသည်။

အဆိုရှင်က အဆိုပါဆည်မြောင်းတာတမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လတို့တွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်ခဲ့ပါကြောင်း၊ ဆည်ကြီးများကျိုးပျက်မည်ဆိုပါက ယခင်နှစ်ကထက် ပိုမိုထိခိုက်ခံစားရနိုင်ပါကြောင်း၊ ပညာရှင်များ၏ ခန့်မှန်းချက်များအရ မြန်မာနိုင်ငံသို့ မုတ်သုံရောက်ရှိရန်မှာ မေလတတိယပတ်နှင့် နောက်ဆုံးပတ်အတွင်းဖြစ်ပြီး ဇူလိုင်လတွင် ဆည်ကြီးများနှင့် မြေပြိုကန်များအတွင်း မိုးရေများ အလုံးအရင်းနှင့် ဝင်ရောက်လာနိုင်ကြောင်း၊ ထို့ကြောင့် အချိန်မီပြင်ဆင်ကာကွယ်မှုများ မဆောင်ရွက်နိုင်ပါက စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင်ရှိသည့် လူဦးရေ ၂ သိန်းခွဲကျော်သည် ယခင်နှစ်ကထက်ကြီးမားသည့် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေ ၁၀ ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းကြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

(သတင်းစဉ်)

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း အဆိုတင်သွင်း

နေပြည်တော် မေ ၅

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရခြင်းမှာ မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသော နိုင်ငံဖြစ်သည်နှင့်အညီ ပြဋ္ဌာန်းဥပဒေများသည်လည်း ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်မှုရှိရန် လိုအပ်ခြင်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းပါ ပုဒ်မ ၃၅၄ တွင် ပြဋ္ဌာန်းထားပြီး နိုင်ငံသားများအနေဖြင့် စနစ်တကျ ဆန္ဒဖော်ထုတ်ခွင့်ရှိစေရန်အတွက် ဤဥပဒေကို ပြဋ္ဌာန်းရန်လိုအပ်ခြင်း၊ ထိုသို့ ပြဋ္ဌာန်းရာ၌ နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိဘဲ ဖိနှိပ်သည့် ဥပဒေမျိုးမဖြစ်စေရန် အထူးလိုအပ်ခြင်း၊ ထို့အပြင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို အဖျက်အမှောင့် လုပ်ရပ်များဖြင့် နှောင့်ယှက်မည့်သူများ၏ အန္တရာယ်မှ ကာကွယ်ဟန့်တားနိုင်ရန် လိုအပ်ခြင်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ စနစ်တကျသုံးစွဲဆောင်ရွက်ရာတွင် လွယ်ကူရိုးရှင်းစွာ အသုံးပြုနိုင်ရေးအတွက် မူလဥပဒေနှင့် ပြင်ဆင်သည့်ဥပဒေများအစား ယခုဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၀)မှ ဦးလားလ်မင်းထန်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဒေါက်တာ မြတ်ညာဏစိုး

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာမြတ်ညာဏစိုးက **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်ကောင်စီဥပဒေ(ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က ဖတ်ကြားတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို မေ ၆ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မော်တော်ကား မူဝါဒ၊ ဥပဒေနဲ့ လုပ်ထုံးများ

အောင်ချိန်ဘွား

၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်ကနေ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်အထိ ငါးနှစ်သက်တမ်း မြန်မာနိုင်ငံတော်ရဲ့ အစိုးရအဖြစ် တာဝန်ယူခဲ့တဲ့ ဦးသိန်းစိန် အစိုးရလက်ထက်မှာ ထူးခြားတဲ့ပြောင်းလဲမှုတွေ အများကြီးလုပ်ခဲ့တယ်။ ပြုပြင်ပြောင်းလဲမှုတွေအများကြီးထဲက အလွန်လှုပ်ခတ်စေခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတစ်ခုကိုပြောပါဆိုရင် ကားပါမစ်ကို သာမန်ပြည်သူတွေကို ထုတ်ပေးခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုကြီးကို လက်ညှိုးထိုးပြပါမယ်။

မဆလအစိုးရလက်ထက်ကစပြီး ကားပါမစ်ဆိုတာ တော်ရုံတန်ရုံလူရနိုင်ခဲ့တာ မဟုတ်ဘူး။ စောစောပိုင်းမှာ နိုင်ငံခြားသွားပြီး တိုင်းပြည်တာဝန်ထမ်းတဲ့ သံရုံးဆိုင်ရာဝန်ထမ်းတွေနဲ့ အစိုးရက နိုင်ငံခြားကိုစေလွှတ်လို့ သွားရောက်တာဝန်ထမ်းရသူတွေ ကားတစ်စီးစာ နိုင်ငံခြားငွေရှိရင် ကားပါမစ်လျှောက်ခွင့်ရှိတယ်။ နောက်တော့ ပညာသင်အဖြစ် နိုင်ငံခြားကို အစိုးရက စေလွှတ်လို့ ကားတစ်စီးဝယ်လောက်တဲ့ နိုင်ငံခြားငွေစုမိရင် ကားပါမစ်လျှောက်ခွင့်ရတယ်။ နောက်တော့ သင်္ဘောသားတွေ ကားဝယ်နိုင်လောက်တဲ့ဝင်ငွေရှိရင် လျှောက်ခွင့်ရတယ်။ နောက်တော့ ရှိုးဂျော့ ခေါ် နိုင်ငံခြား (အထူးသဖြင့် ဂျပန်နိုင်ငံလို လုပ်ခများများရတဲ့နိုင်ငံ)မှာ သွားပြီးအလုပ်လုပ်ရင် ဆိုင်ရာမြန်မာသံရုံးမှာ ဝင်ငွေခွန်ကို သတ်မှတ်သလောက်ဆောင်ပေးရင် ကားပါမစ်လျှောက်လို့ ရတယ်။

ဒီလိုနဲ့ မဆလအစိုးရခေတ်မှာရော ၁၉၈၈ ခုနှစ်မှာ တက်လာတဲ့ စစ်အစိုးရခေတ်မှာပါ နိုင်ငံခြားကိုအကြောင်းအမျိုးမျိုးနဲ့ရောက်ရှိပြီး တရားဝင်လုပ်ခလစာ ဝင်ငွေရှိသူတွေ ကားပါမစ်လျှောက်ပြီး ကားတင်သွင်းခွင့်ရတဲ့အတွက် မြန်မာနိုင်ငံမှာသုံးပြီးတဲ့ Used Car တွေကို ပါမစ်ထုတ်ပေးတဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနက သတ်မှတ်တဲ့အချက် ခြောက်ချက်နဲ့အညီ နိုင်ငံခြားမှာ ပြုပြင်ပြီးရင် Reconditioned Car အဖြစ် တင်သွင်းခွင့်ရခဲ့တယ်။

အဲဒီတုန်းက ကားတန်ဖိုးတွေကို Profoma Invoice မှာ ကားတင်သွင်းမယ့်သူကဖော်ပြပြီး လျှောက်လွှာနဲ့အတူ အခြားလိုအပ်ချက် အထောက်အထားစာရွက်စာတမ်းတွေနဲ့ တင်ပြရတယ်။ Prevailing Price လို့ခေါ်တဲ့ ပြီးခဲ့တဲ့ ပါမစ်ခွင့်ပြုတဲ့ကားအမျိုးအစားအလိုက်တန်ဖိုးနဲ့ ညီရင်လက်ခံခဲ့တယ်။ ဒါက ပါမစ်အပိုင်းပြောတာပါ။ အမှန်တကယ် ရန်ကုန်ဆိပ်ကမ်းကို အဲဒီကားရောက်လာရင် အကောက်ခွန်ဦးစီးဌာနက အကောက်ခွန် (Custom Duty)ကောက်ခံဖို့ Assess Value ဆိုတဲ့ အကောက်ခွန် စည်းကြပ်မယ့်ကားရဲ့တန်ဖိုးကို ကားအမျိုးအစားအလိုက် ဂျပန်နိုင်ငံမှာ ထုတ်ပြန်ထားတဲ့ ကားကတ်တလောက် အပေါ်မှာကြည့်ပြီး ဘယ်နှခုနှစ်မော်ဒယ်(Model Year)လဲဆိုတာ ချိန်ထိုးစိစစ်ပြီး စည်းကြပ်ကောက်ခံပါတယ်။

အဲဒီအကောက်ခွန်စည်းကြပ် တန်ဖိုးဆိုတာ အကောက်ခွန်ဥပဒေရ အကောက်ခွန်ဦးစီးဌာနက တာဝန်ပေးတဲ့သူမှ လုပ်ပိုင်ခွင့်ရှိပါတယ်။ အငြင်းပွားစရာမရှိတဲ့ ဥပဒေအရ လုပ်တဲ့ကိစ္စပါပဲ။ ပါမစ်ထုတ်ပေးတဲ့ ကုန်သွယ် ရေးဦးစီးဌာနဟာ ကုန်ဈေးနှုန်းသတ်မှတ်ခွင့်မရှိဘူး။ သင့်တော်ရင် ပါမစ်ထုတ်ပေးရုံပါပဲ။ ကုန်ဈေးနှုန်းဆိုတာ နိုင်ငံတစ်နိုင်ငံမှာ အကြီးအကျယ်ပြဿနာမဖြစ်ရင် ဘယ်ဥပဒေနဲ့မှ ထုတ်ပြန်သတ်မှတ်ချက်မပြုသေးရင် ဘယ်ဝန်ကြီးဌာနကမှ သတ်မှတ်ပိုင်ခွင့်မရှိပါဘူး။

အဲဒီခေတ်က ဂျပန်နိုင်ငံက ကားဟောင်းတွေရဲ့ ဈေးနှုန်းဟာ အခုခေတ်နဲ့လည်းမကွာလှပါဘူး။ ဥပမာ-လက်ရှိခုနှစ်ထက် ရှစ်နှစ်စောတဲ့မော်ဒယ် ဆန်နီစူပါဆလွန်းဆိုပါစို့၊ ၁၉၉၅ ခုနှစ်မှာ ၁၉၈၇ ခုနှစ်မော်ဒယ်ကို တင်လာရင် မူရင်းဈေးက ဒေါ်လာ ၅၀၀၀၊ သင်္ဘောတင်ခက ဒေါ်လာ ၇၅၀ ဆိုတော့ C & F ရန်ကုန်က ဒေါ်လာ ၅၇၅၀ ကို တစ်ဒေါ်လာ အဲဒီတုန်းက ငွေလဲနှုန်းကျပ် ၁၅၀ နဲ့တွက်ရင် ကျပ် ၈၆၂၅၀၀ ဖြစ်မယ်။ အကောက်ခွန်က တစ်ဒေါ်လာ ၆ ကျပ်နှုန်းနဲ့ မူရင်းတန်ဖိုးအပေါ် စည်းကြပ်ရင် ကျပ် ၃၀၀၀၀ ပဲဆောင်ရမယ်။ အဲဒီတုန်းက ကညနမှတ်ပုံတင်ခဟာ ကျပ်ရာဂဏန်းပဲရှိတယ်။ ဆိပ်ကမ်းကြေး၊ Clearance ဆိပ်ကမ်းမှ ရွေးထုတ်ခနဲ့ အေးဂျင့်ခ၊ ခဲခြစ်ခအားလုံးပေါင်း ကျပ် ၁၅၀၀၀ လောက်ပဲ ကုန်ကျတယ်။ ဒီတော့ ဆန်နီစူပါဆလွန်းကား ၁၉၈၇ ခုနှစ်မော်ဒယ် လူကြိုက်များတဲ့ကားကို ပြန်ရောင်းရင် ပွဲစားတန်းမှာ ကျပ် ၁၂ သိန်းပေါက်တယ်။ အမြတ်သုံးသိန်းနီးနီးရတယ်။ အဲဒီခေတ်၊ အဲဒီအချိန်က ရွှေတစ်ကျပ်သားမှ ၄၀၀၀၀ ကျပ် လောက်သာရှိတယ်။ အမြတ်သုံးသိန်းဟာ ရွှေ ၇ ဒသမ ၅ ကျပ်သား ဝယ်နိုင်တယ်။ ဒီနေ့ရွှေ ၇ ဒသမ ၅ ကျပ်သားဆိုတာ ကျပ်သိန်း ၆၀ ရှိ တယ်လေ။

ဒါကြောင့် အဲဒီတုန်းက ကားပါမစ်ဆိုတာ အလွန်တန်ဖိုးရှိခဲ့တာ။ ကုန်သွယ်ရေးဝန်ကြီးဌာနက ကားပါမစ်တွေ လက်သင့်ရာစားတော်ခေါ်တာတို့၊ ဝမ်းတူးရိုက်တာတို့ကို လုပ်နိုင်အောင်ထားခဲ့လို့ ကုန်သွယ်ရေးကောင်စီက ကားပါမစ်ကိုကိုင်တဲ့အထိ ဖြစ်လာတယ်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ကားပါမစ်တစ်စောင်ဟာ ပေါက်ဈေးကျပ်သိန်း ၁၀၀၀ ကျော်အထိ ဈေးတက်ခဲ့တယ်။ ဒီပါမစ်ကို တော်ရုံတန်ရုံ လူကိုမပေးတော့ဘူး။ အစိုးရအကြိုက် နိုင်ငံရေးမှာ ကူညီပေးတဲ့လူကို ဆုချတဲ့အနေနဲ့ ကားပါမစ်ပေးတယ်။ မြေကွက်ပေးတယ်။ တိုက်ခန်းပေးတယ်။ ဆယ်လူလာဖုန်းချပေးတယ်။ ကျပ်သိန်း ၁၀၀၀ တန်တဲ့ ကားပါမစ်နဲ့ တင်သွင်းမှတော့ ပရာဒိုအသစ်တို့၊ မာစီးဒီးအသစ်တို့ဖြစ်ပြီး အဲဒီကားတွေရဲ့ ပေါက်ဈေး ကျပ်သိန်း ၄၅၀၀ အထိ တက်ဖူးတယ်။

ဒီလို ကားပါမစ်နဲ့ ကားဈေးကောင်းတော့ လုပ်ငန်းရှင်ကြီးတွေ၊ လုပ်ပိုင်ခွင့်ရှိသူတွေက ကားကို ရင်းနှီးမြှုပ်နှံမှု အကောင်းဆုံးအဖြစ် အသုံးပြုတဲ့ခေတ်ဖြစ်လာတယ်။

အဲဒီလောက်ကြီးကျယ်တဲ့ကားပါမစ်၊ တော်ရုံလူအနားကပ်ဖို့ နေနေသာသာ အသံတောင်မကြားရလောက်အောင် ပြည်သူနဲ့ကင်းကွာခဲ့တဲ့ ကားပါမစ်တွေ။ ဒီလိုနဲ့ ၂၀၁၁ ခုနှစ် အစိုးရသစ်တက်တဲ့အထိပါပဲ။

၂၀၁၁ ခုနှစ် ပြုန်းဆို အစိုးရသစ်တက်လာပြီး ဘာကြာလို့လဲ။ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှာ သက်တမ်းအနှစ် ၄၀ ရှိတဲ့ကားအို၊ ကားဟောင်းတွေကို ပြန်အပ်ရင် အစားတစ်စီးတင်သွင်းခွင့် ကားပါမစ်ပေးမယ်လို့ ကားတင်သွင်းမှုကြီးကြပ်ရေးကော်မတီက ကြေညာခဲ့တယ်။ ကားပါမစ်၊ ကားမှတ်ပုံတင်၊ ကားအကောက်ခွန်စတဲ့ လုပ်ငန်းတွေအဆင်ပြေ လွယ်ကူအောင် ဆိုင်ရာဌာနတွေရဲ့ ကိုယ်စားလှယ်တွေဟာ တစ်နေရာထဲ အတူထိုင်ပြီး One Stope Shop(OSS)နဲ့ ဆောင်ရွက်ပေးခဲ့တယ်။

မြန်မာတစ်ပြည်လုံး သက်တမ်းကုန်ကားအစီးပေါင်း ၅၅၄၇၀ ရှိတယ်လို့ ကညနထံမှ သတင်းအရသိရှိကြတယ်။ ဒီအတိုင်းဆို ကားစီးရေကို အက္ခရာ ဃ၊ င၊ စ၊ ဆ၊ ဇ စသဖြင့် ရေတွက်ကြည့်ရင် "ပ"အက္ခရာမှာ ကားဟောင်းတွေ အပ်လို့ကုန်မယ့် သဘောရှိတယ်။

ကားအို၊ ကားဟောင်းတွေ လက်ဝယ်ရှိတဲ့သူများ မျက်နှာကြီးသလားမမေးနဲ့။ ငွေထုပ်ပိုက်ပြီး အတင်းလိုက်ဝယ်ကြလို့ လေးဘီးကားတစ်စီး ကျပ်သိန်း ၁၄၀ အထိ ဈေးရခဲ့တယ်။ အချို့ကျတော့ လာဝယ်သူကို မရောင်းဘဲ စလစ်ထုတ်၊ ပါမစ်သွားလျှောက်ပြီး ကိုယ့်ကားအပ်လို့ ရတဲ့ပါမစ်နဲ့ ဂျပန်က အဆက်အသွယ်ရှိသူဆိုကိုယ့်ဘာသာ မတ်တူး၊ ရွှေငါးတစ်စီးသွင်းပြီး ပြန်ရောင်းတဲ့အခါ ကျပ်သိန်း ၂၀၀ ကျော် ဝင်ငွေစီတယ်။

ဒီလိုနဲ့ ကားအိုဟောင်းရှိသူတွေလည်း ကားအတိုင်းရောင်းရင် ကောင်းမလား၊ ကညနအပ်ပြီးကြောင်း စလစ်အဆင့်ရောင်းရင် ပိုကိုက်မလား။ ပါမစ်ရောင်းရင် ကိုက်မလား။ တင်သွင်းရင်ကိုက်မလား စသဖြင့် ဝေခွဲမရတိုင်း ဟိုပြေးမေး၊ ဒီပြေးမေးနဲ့ ဗျာများကုန်တယ်။ ကားလိုက်ဝယ်တဲ့လူတွေ၊ ကား Show Room ထောင်ပြီး တင်သွင်းပေးမယ့်လူတွေ၊ စလစ်ပွဲစား၊ ပါမစ်ပွဲစား၊ ဘဏ်ငွေသွင်းပွဲစားတွေ ယောက်ယက်ကိုခတ်နေတာမှ ရန်ကုန်မြို့ပေါ်မှာ ကားအတွက် ပြေးလွှားနေတဲ့ ကားတွေများပြီး ကျပ်လာတာ အဲဒီကစတာပါပဲ။

ကားပါမစ်ထုတ်ပေးရာမှာ တာဝန်ယူပြီး လက်မှတ်ထိုးပေးရတဲ့ အလုပ်ကိုလုပ်ခဲ့ဖူးတဲ့စာရေးသူဆီ ကားနဲ့ဆိုင်တာတွေ လာမေးကြ၊ ဖုန်းဆက်မေးကြနဲ့ အရမ်းများတာပဲ။ ဒါနဲ့ "ကားဝယ်လမ်းညွှန်" ဆိုတဲ့စာအုပ်ရေးပြီး ဒဂုံမြို့နယ် စာပေနဲ့စာနယ်ဇင်းရန်ပုံငွေအတွက် ဖြန့်ချိခဲ့တာ နှစ်ရက်နဲ့ တစ်မနက်အတွင်း ထုတ်သမျှအုပ်ရေ ၁၆၀၀ ကုန်ပါလေရော။ ဒီလိုနဲ့ တတိယအကြိမ်အထိ ဆက်တိုက်ထုတ်ခဲ့ရပါတယ်။

ကားပါမစ်ပေးတဲ့ လုပ်ထုံးလုပ်နည်း၊ ကညနအပ်တဲ့ စည်းကမ်းစည်းမျဉ်း၊ ပေးဆောင်ရမယ့်မှတ်ပုံတင်ကြေး၊ ထောက်ခံရမယ့် အကောက်ခွန်ကြေး၊ တင်သွင်းရမယ့် မော်ဒယ်ခုနှစ်စတာတွေကလည်း ခဏခဏပြောင်းလဲတယ်။ အပ်ရမယ့်ကားအရေအတွက်ကလည်း ၅၅၄၇၀ မဟုတ်တော့ဘူး။ ဆက်အပ်ခွင့်ပြုခဲ့တယ်။ နောက်တော့ စီးပွား/ကူးသန်းဝန်ကြီးက ပြောတယ်။ မြန်မာနိုင်ငံမှာ လူဦးရေ ၁၀၀၀ လျှင် ၁၄ ဦး ကားစီးနိုင်ဖို့အတွက် ကားအစီးရေ ၃ ဒသမ ၈ သိန်းအထိ တင်သွင်းခွင့်ပေးမယ်တဲ့။

အဲဒီနောက် သင်္ဘောသားတွေ၊ လုပ်ငန်းရှင်တွေ၊ ရှိုးဂျော့သမားတွေစသဖြင့် တင်သွင်းခွင့်ပါမစ်ပေးမယ့် အရေအတွက်သတ်မှတ်လာတယ်။ နောက်တော့ ဘဏ်ထဲမှာ ဒေါ်လာရှိတဲ့လူတွေ ကားပါမစ်ပေးမယ်ဆိုပြီး ဖရီးပါမစ် ဖြစ်လာတယ်။ ကားဝယ်ရောင်းစင်တာတွေ လုပ်ခွင့်ပြုလို့ အတော်များများ အပြိုင်ဖွင့်လာတယ်။ ဒေါ်လာ တစ်သိန်း Deposit တင်၊ ကျပ်သိန်း ၃၀၀၀ ငွေကြေးလည်ပတ်နိုင်တာပြ၊ ကားစီးရေ ၅၀ ထားနိုင်တဲ့နေရာရှိရင် ကားအရောင်းစင်တာ ဖွင့်နိုင်တာကိုး။

ဒီလိုနဲ့ ကားပါမစ်၊ မှတ်ပုံတင်၊ အကောက်ခွန်မှုတွေ၊ လုပ်ထုံးလုပ်နည်းတွေ ခဏခဏပြောင်းလဲခဲ့တယ်။ ကားပါကင်(ရပ်နားထားရှိရန်နေရာ)ရှိမှ ပါမစ်ပေးမယ်ဆိုတဲ့ မူနဲ့ ထိန်းချုပ်လာခဲ့တယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကုန်နဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှာ စည်းမျဉ်းသစ်၊ လုပ်ထုံးလုပ်နည်းသစ်တွေ ထပ်ထွက်လာပြန်တော့ နည်းနည်းငြိမ်စပြုတဲ့ ကားလောက၊ ကားဈေးကွက်၊ ကားပွဲစားတန်းနဲ့ ကားအရောင်းစင်တာတွေ လှုပ်လှုပ်ရှားရှားပြန်ဖြစ်လာတယ်။ မူဝါဒတွေ အခုလို ခဏခဏမပြောင်းသင့်ဘူးလို့ ဆိုကြတယ်။

အမှန်က ကားတင်သွင်းခွင့်၊ မှတ်ပုံတင်ခွင့်၊ အကောက်ခွန်ဆောင်ရန်ဆိုတဲ့ လုပ်နည်းစနစ်တွေ ခဏခဏပြောင်းနေတာ မူဝါဒတွေမဟုတ်ပါဘူး။ "မူဝါဒ" ဆိုတာ လိုက်နာကျင့်သုံးရမယ့် အခြေခံသတ်မှတ်ချက်၊ အရင်းခံဖြစ်တဲ့ အကြောင်းအချက်ကို ဆိုတာဖြစ်တယ်။ ဒါ့ကြောင့် မူဝါဒဆိုတာ တိုင်းပြည်ရဲ့ အမြင့်ဆုံးဖြစ်တဲ့ လွှတ်တော်နဲ့အစိုးရအဖွဲ့က သတ်မှတ်ရမှာဖြစ်တယ်။ အဲဒီသတ်မှတ်တဲ့ မူဝါဒနဲ့အညီ ဥပဒေကို လွှတ်တော်က ရေးဆွဲပြီး အစိုးရက ပြဋ္ဌာန်းထုတ်ပြန်ရပါမယ်။ မူဝါဒနဲ့ ဥပဒေကို ပြည်ထောင်စုဝန်ကြီးဌာနကရော ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနတွေကပါ ထုတ်ပြန်ခွင့်မရှိ၊ သတ်မှတ်ခွင့်မရှိပါဘူး။ အထူးအဖွဲ့တို့၊ ကြီးကြပ်ရေးအဖွဲ့တို့၊ OSS တို့ကလည်း မူဝါဒနဲ့ ဥပဒေ နည်းဥပဒေတို့ကို သတ်မှတ်ခွင့်မရှိပါဘူး။ ဥပဒေထုတ်ပြန်ပြီးမှ အဲဒီဥပဒေနဲ့အညီ နည်းဥပဒေကို ဝန်ကြီးဌာနကရေးဆွဲပြီး ဝန်ကြီးအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ ထုတ်ပြန်ရတယ်။ နည်းဥပဒေနဲ့အညီ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ အမိန့်တို့ကို ဆိုင်ရာဦးစီးဌာနတွေက အခါအားလျော်စွာ ထုတ်ပြန်နိုင်တာ ဖြစ်ပါတယ်။

ဒါကြောင့် အခုထိ ကားပါမစ်၊ ကားမှတ်ပုံတင်၊ အကောက်ခွန်ဆိုတာတွေကို အမျိုးမျိုးပြောင်းလဲထုတ်ပြန်နေတာ မူဝါဒ-ကားမူဝါဒ မဟုတ်သေးပါဘူး။

မြန်မာနိုင်ငံမှာ မော်တော်ကားနဲ့ပတ်သက်တဲ့ ဘာမူဝါဒမှ မရေးဆွဲ၊ မသတ်မှတ်ဖူးသေးလို့ အခုအစိုးရသစ်နဲ့ လွှတ်တော်သစ်တို့က ရေးဆွဲသတ်မှတ်ပေးဖို့ လိုပါတယ်။ ပြီးမှ ဥပဒေရေးဆွဲထုတ်ပြန်ရပါမယ်။

အခုထုတ်ပြန်ပြီး ခဏခဏပြင်ဆင်နေတဲ့ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေဟာ မူဝါဒနဲ့ ဥပဒေတွေထွက်လာရင် အဲဒီအခြေခံရမယ့် အချက်တွေအပေါ်မှာမူတည်ပြီး ရေးဆွဲသတ်မှတ်ထုတ်ပြန်ရမှာဖြစ်လို့ စိတ်ကူးပေါက်တိုင်း သတ်မှတ်ထုတ်ပြန်ချင်သလိုလုပ်လို့တော့ မရတော့ပါဘူး။

မူဝါဒချတဲ့အခါ ပါကင်ရှိမှ ပါမစ်ပေးမယ်ဆိုတဲ့ ကမ္ဘာမှာမရှိတဲ့ အချက်မျိုးမရှိသင့်ပါဘူး။ နိုင်ငံတကာကျင့်ထုံးတွေ၊ လုပ်နည်းတွေနဲ့ လိုက်လျောညီထွေဖြစ်ရပါမယ်။ သေချာလေ့လာပြီးမှ သတ်မှတ်ရပါမယ်။ မူဝါဒတို့၊ ဥပဒေတို့က သတ်မှတ်ပြီးရင် ခဏခဏပြင်လို့ မရတော့ပါဘူး။ မူလကတည်းက အဘက်ဘက်က ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရပါမယ်။

မူချတဲ့အခါ မြန်မာနိုင်ငံရဲ့ လူဦးရေနဲ့ ဂျီဒီပီ၊ ဂျီအင်အိုင်အပေါ်မူတည်ပြီး ဘယ်နှခုနှစ်ရောက်ရင် လူ ၁၀၀၀ မှာ ကားစီးရေ ဘယ်လောက် ပိုင်ရမယ်ဆိုတာ ရေတို ရေရှည်ကြည့်ပြီး သတ်မှတ်နိုင်ပါတယ်။ အဲဒီစီမံကိန်းလျာထားချက်ပြည့်မီဖို့ တစ်နှစ်၊ နှစ်နှစ်နဲ့မရကြောင်း၊ ဘတ်ဂျက်ရန်ပုံငွေအရ၊ ငွေကြေးဖောင်းပွမှုအရ၊ ကုန်းဈေးနှုန်း (CPI)အရ ဘယ်ဘဏ္ဍာနှစ်မှာ တစ်ပြည်လုံးကားစီးရေ ဘယ်လောက်ထုတ်လုပ်မယ် (နှစ်ဆန်းစသည် တို့နှင့်ပေါင်းပြီး)၊ ဘယ်လောက်တင်သွင်းခွင့်ပြုမယ်လို့ Ceiling Figure သတ်မှတ်ရပါမယ်။ တင်သွင်းရခက်အောင် အခြားကန့်သတ်ချက်၊ ပိတ်ပင်တားမြစ်ချက်တွေ မလုပ်ရဘူး။ WTO ရဲ့ ဆုံးဖြတ်ချက်လိုက်နာရပါမယ်။ မြန်မာပြည်မှာ လွန်ခဲ့တဲ့ ၄၅ နှစ်လောက်ကတည်းက လက်ယာကပ်မောင်းနှင်ရန် သတ်မှတ်ခဲ့လို့ ဂျပန်ကား ညာမောင်းတွေနဲ့ မောင်းတာ ရိုးနေပြီ ဘယ်မောင်းဖို့သင့်တယ်တွေ၊ ဘာတွေ သတ်မှတ်မနေပါနဲ့တော့။

ကားပါမစ်(Permit)ဆိုတာ လူတစ်ဦးချင်း ကိုယ်ပိုင်သုံးဖို့ ပြည်ပကတင်သွင်းခွင့်ပြုချက်ဖြစ်တယ်။ ဒီမိုကရေစီကျင့်သုံးတဲ့ အရင်းရှင်နိုင်ငံရဲ့ ဈေးကွက်စီးပွားရေးစနစ်မှာ ကားတွေပြည်ပကတင်သွင်းတဲ့လုပ်ငန်းရှင်၊ ကုမ္ပဏီတွေကို သတ်မှတ်ချက်နဲ့အညီ လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်လို့ အဲဒီ ကုမ္ပဏီတွေကိုပဲ Quota ကိုသာ အသီးသီးသတ်မှတ်ပြီး လိုင်စင်ထုတ်ပေးတင်သွင်းခွင့်ပြုရပါမယ်။ ကားတင်သွင်းခွင့်လိုင်စင်ရ ကုမ္ပဏီမဟုတ်ရင် ဘယ်ကုမ္ပဏီ၊ လုပ်ငန်းရှင်ကိုမှ ကားအစီး ၅၀၊ ၁၀၀ စသဖြင့် ပါမစ်နဲ့ခွင့်ပြုချက်မျိုး မရှိရပါဘူး။

အဲဒီလိုမူနဲ့ ဥပဒေချမှတ်ပြီးရင် လူတိုင်း၊ ကုမ္ပဏီတိုင်း ကားလိုအပ်ရင် လိုသလောက် ကားအရောင်းစင်တာတွေကသာ လက်ငင်းငွေချေ၊ အရစ်ကျစတဲ့စနစ်နဲ့ ဝယ်ရမှာဖြစ်ပါတယ်။

ကားအို၊ ကားဟောင်းဆိုတာ ထုတ်လုပ်ခုနှစ်ကနေ ခုနစ်နှစ်၊ ကိုးနှစ်၊ ၁၀ နှစ်စသဖြင့် မူနဲ့ ဥပဒေက သတ်မှတ်ပေးထားရမယ်။ မော်ဒယ်နှစ်ခဏခဏ မပြောင်းရတော့ဘူးပေါ့။ နိုင်ငံခြားက ယာဉ်အို၊ ယာဉ်ဟောင်းဒါမှမဟုတ် Antique တန်ဖိုးကြီး ရှေးဟောင်းအမွေအနှစ်ကား (လွန်ခဲ့တဲ့ နှစ် ၁၀၀ အထက်ကထုတ်လုပ်တဲ့ကား) မျိုးတင်သွင်းချင်ရင် သီးခြားပါမစ်လျှောက်နိုင်တယ်။ ကားစင်တာတွေကို သီးခြားမှာနိုင်တယ်။

ယာဉ်အိုယာဉ်ဟောင်းတွေကို လမ်းမှာသွားလာခွင့်ပြုနိုင်တယ်။ ရုပ်ဂုဏ်သတ္တိ၊ စက်ဂုဏ်သတ္တိ၊ မောင်းနှင်သွားလာနိုင်တဲ့ဂုဏ်သတ္တိ (Properties)တွေနဲ့ ကိုက်ညီအောင် မော်တော်ယာဉ်ဟောင်းချစ်သူများ အသင်းစသဖြင့် သေချာပြုပြင်မွမ်းမံပြီး ခွင့်ပြုချက်ပေးရင် အထူးကိစ္စရပ်နဲ့ ခွင့်ပြုရမယ်စသဖြင့် မူနဲ့ဥပဒေချပေးပြီး အဲဒီမူဘောင်အတွင်း အများပြည်သူအကျိုးဖြစ်စေမယ့် လုပ်ထုံးလုပ်နည်းကို အခါအားလျော်စွာ(ခဏခဏ မပြောင်းလဲဘဲ) သတ်မှတ်ထုတ်ပြန်ပေးရင် ဒီနေ့ကြုံတွေ့နေရတဲ့ ကားကိစ္စအခက် ပြေလည်သွားနိုင်ပါတော့တယ်။ ။

ကုန်ပေါက် ကယ်ပေါက်

ကိုရွှေအောင်

အစိုးရသစ်က ငွေကုန်ကြေးကျများတဲ့အခမ်းအနားတွေ မလုပ်ဖို့ ဌာနဆိုင်ရာတွေကို ညွှန်ကြားချက်ထုတ်ထားသလို လွှတ်တော်ဥက္ကဋ္ဌကလည်း ဌာနကပေးထားတဲ့ကားက ခေတ်ဆီ ထုတ်မရောင်းဖို့ကအစ အစစခြိုးခြံချွေတာကြဖို့ အောက်ခြေသိမ်းပြောဆိုလမ်းညွှန်နေတာ တွေ့ရတယ်။ အောက်ခြေကတက်လာတဲ့ အဖွဲ့အစည်းဆိုတော့ အောက်ခြေသတင်းတွေ ကြားပြီးသားမို့ ဒီလိုမျိုးပြောဆိုနိုင်တာဖြစ်ပြီး အရင်ခေတ်က ဒါမျိုး မကြားခဲ့ရဘူး။ ဒီလိုမျိုးပြောဆိုလမ်းညွှန်တာတွေကြားရတော့ အစိုးရဌာနဆိုင်ရာတွေမှာ အသေးအမွှားလို့ထင်ရပြီး ယိုပေါက်ဖြစ်နေတာတစ်ခု သတိပြုမိအောင် ရေးပြချင်လာတယ်။ ဌာနဆိုင်ရာတချို့က ထုတ်ဝေနေတဲ့ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းတွေကိစ္စဖြစ်ပြီး အဲဒီဌာနဆိုင်ရာ စာစောင်၊ စာအုပ်တွေဟာ ဘယ်တုန်းကမှ ဈေးကွက်ထဲ ရောင်းရတယ်လည်း မရှိဘဲ ငွေကုန်ပေါက်သက်သက်ပဲဖြစ်တယ်။ ဌာနဆိုင်ရာတချို့က ထုတ်ဝေနေတဲ့ စာစောင်တွေ အမြောက်အမြားရှိတယ်။ ကြုံဖူးကြမှာပေါ့။ အရင်က ပတ်စပို့လုပ်ရင်၊ ကားလိုင်စင်လုပ်ရင် မဝယ်မနေ ဝယ်ရတဲ့ ဌာနဆိုင်ရာဂျာနယ်တွေ။

ယခင်ခေတ်က စိုက်ပျိုးရေးဌာနက အပတ်စဉ်ထုတ်တဲ့ ဂျာနယ်တစ်စောင်ရှိပြီး အဲဒီဌာနက သူ့လက်အောက်မှာရှိတဲ့ မြို့နယ်ရုံးတွေကို တစ်ရုံးကို စောင်ရေဘယ်လောက်ဆိုပြီး မယူမနေရပို့တယ်။ မြို့နယ်ရုံးတွေက ပိဿာချိန်နဲ့ စုပုံရောင်းတယ်။ ဂျာနယ်ဖိုးလည်း သွင်းချင်မှသွင်းတယ်။ ဂျာနယ်ကတော့ တစ်ပတ်တစ်ကြိမ် ပုံမှန်ထွက်နေတယ်။ ကြားက နိုင်ငံ့ဘဏ္ဍာငွေကုန်တာပဲ အဖတ်တင်တယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ၃၂ မျက်နှာလောက်ရှိတဲ့ စာစောင်တစ်စောင် အရင်းငွေကျပ် ၁၅၀ လောက်ရှိတယ်။ ခုခေတ် အဲဒီလောက် စာမျက်နှာရှိတဲ့ စာစောင်တစ်စောင်ထုတ်ရင် အနည်းဆုံးကျပ် ၃၀၀ လောက်ရှိတယ်။ ၁၀ စောင်ဆို ကျပ် ၃၀၀၀၊ စောင်ရေ ၁၀၀၀ ဆိုရင် ဘယ်လောက်၊ စောင်ရေ တစ်သောင်းဆို ဘယ်လောက် ဆက်သာတွက်ကြည့်ပေတော့။ ဒါဖြန့်ချိစရိတ်ဘာညာမပါသေး။ မဂ္ဂဇင်းဆိုဒီ့ထက်မက ငွေကုန်ကြေးကျများမယ်။ ဌာနအကြောင်းလူထုကောင်းကောင်းသိစေချင်ရင် စာစောင်ထုတ်ပြီး ဝါဒဖြန့်စရာမလိုဘူး။ စာစောင်ဖတ်ပြီး စာစောင်ထဲက ပညာပေးဆောင်းပါးအတိုင်း လယ်စိုက်တဲ့ လယ်သမားလည်း တစ်ခါမှ မတွေ့ဖူးဘူး။

ဌာနဘာလုပ်နေတယ်ဆိုတာ သိစေချင်ရင် မီဒီယာနဲ့ ပုံမှန်တွေ့ပြီး ပြောစရာရှိတာ ပုံမှန်ပြောနေရင်ရပြီ။ လယ်သမားတွေ ပညာပေးချင်ရင်လည်း စိုက်ပျိုးရေးပညာရှင်တွေ ကိုယ်တိုင်ကွင်းဆင်းပြီး ပြောပြ၊ လုပ်ပြရင်ရပြီ။ ဘယ်တောင်သူလက်ထဲမှလည်းမရောက်၊ ဘယ်ကျေးရွာသား တစ်ယောက်တလေမှလည်း မဖတ်တဲ့ စာစောင်၊ ဂျာနယ်တွေ အခု လူထုတင်တဲ့အစိုးရခေတ်မှာ ဆက်မထုတ်သင့်တော့ဘူး။ ရပ်သင့်ပြီ။ တစ်ခါ ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေလို့ ခေါင်းစဉ်တပ်ပြီးထုတ်၊ ဌာနနဲ့လာဆက်ဆံတဲ့ဖောက်သည်ကို မဝယ်မနေရဆိုပြီး ရောင်းချနေတဲ့ ဌာနဆိုင်ရာ စာစောင်နဲ့ ပြက္ခဒိန်တွေလည်း ရပ်ဖို့ကောင်းပြီ။ ခေတ်စနစ်နဲ့လည်း မညီတော့ဘူး။ လူကြားလို့လည်းမကောင်းဘူး။ ဘယ်သူ့ဘယ်သူမှလည်း အကျိုးမရှိဘူး။ ဝန်ထမ်းသက်သာဆိုပြီး အဲဒီ စာစောင်၊ ပြက္ခဒိန်တွေ ထုတ်နေမယ့်အစား အဲဒီကုန်ကျစရိတ်တွေကို ဝန်ထမ်းတွေ ခွဲပေးလိုက်တာမှ အကျိုးရှိကောင်းရှိဦးမယ်။ အချုပ်ပြောရရင် အပိုကုန်နေတဲ့ ဌာနဆိုင်ရာ ငွေယိုပေါက်တွေဖြစ်လို့ အမြန်ဆုံး ပိတ်ပစ်၊ ရပ်ပစ်ဖို့ကောင်းပြီ။ ငွေယိုပေါက်ဆိုလို့ ဒီစာရေးနေတုန်း လွှတ်တော်ဘက်ကထွက်လာတဲ့ သတင်းတစ်ပုဒ်နဲ့ ဆက်နွှယ်တဲ့ ကိစ္စတစ်ရပ်ဘက် ဆက်ဦးမယ်။

ဒုတိယအကြိမ်လွှတ်တော်တွေ သက်တမ်းနားပြီး မေလဆန်းပြန်စတော့ စတဲ့နေ့မှာပဲ လွှတ်တော်က ကိုယ်စားလှယ်တွေကို အကြောင်းကြားစာတစ်စောင်ပို့တယ်။ အမတ်တွေအနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ဖို့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ပေါင်းပြီး အဖွဲ့ဖွဲ့ထားဖို့ ညွှန်ကြားစာဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဆိုတာတွေနဲ့ ဖွံ့ဖြိုးရေးလုပ်ဖို့ ရည်ရွယ်ဟန်တူတယ်။ အရင် ပထမအကြိမ်လွှတ်တော်တုန်းက ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ချထားပေးပြီး ဒေသဖွံ့ဖြိုးရေးဆိုတာတွေ လုပ်ခဲ့ဖူးတယ်။ စာသင်ကျောင်းအမိုးလဲ၊ ရေတွင်းတူး၊ လမ်းခင်း၊ မြောင်းဖော် စတဲ့ ဒေသတွင်းပြင်စရာရှိတဲ့ အသေးစားပြင်ဆင်ရေးလုပ်ငန်းတွေ လုပ်ခဲ့ကြတယ်။ အခုလည်း ဒီအတွက် ရည်ရွယ်ပြီးဖွဲ့ခိုင်းပုံရတယ်။ အရင် ပထမအကြိမ်အတွေ့အကြုံအရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုတာ ဦးဆောင်အကောင်အထည်ဖော်မယ့် အမတ်ရဲ့ အရည်အချင်းအပေါ် အများကြီး မူတည်နေတာတွေ့ရတယ်။ တချို့အမတ်တွေ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေအားလုံးကို ကိုယ်တိုင် ကန်ထရိုက်လုပ်ပြီး ပြင်ဆင်သွားကြတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ခဲ့တယ်။ ဒါမျိုးကျတော့ ငွေယိုပေါက်မဟုတ်ဘဲ လုပ်စားပေါက်ဖြစ်တယ်။ ငွေယိုပေါက်မရှိအောင်၊ လုပ်စားခွင်တွေမဖြစ်ရအောင် ဦးဆောင်တဲ့သူတွေ လမ်းကောင်းလမ်းမှန်ကို ဦးဆောင်လမ်းညွှန်ပြပေးရမယ်။ နောက်ဆုံးတော့ အစိုးရမှာပဲ တာဝန်ရှိတာပါပဲ။

အမြန်လမ်းမှာ နည်းပညာသုံးပြီး စောင့်ကြည့်တဲ့စနစ် စတင်ကျင့်သုံးလိုက်တာဟာ လူ့အသက်ကယ်တဲ့နည်းလမ်းဖြစ်တာမို့ လူသာခုခေါ်၊ နတ်သာခုခေါ် လုပ်ရပ်ဖြစ်တယ်။ လုပ်စား၊ ရိုက်စားခွင်တွေမပါတဲ့ အသက်ကယ်ပေါက်သစ်တစ်ခု ပေါ်ထွက်လာတာဖြစ်ပြီး ဒါမျိုးလုပ်ရပ်တွေ အစိုးရသစ်လက်ထက်မှာ များများထွက်ပေါ်လာဖို့ လိုပါမယ်။

အစိုးရသက်တမ်း တစ်လကျော်ကြာရှိလာချိန်မှာ ဌာန ၂၀ ကျော်ရှိတဲ့အထဲ လေးငါးခုရဲ့ ရက် ၁၀၀ စီမံကိန်းတွေကြားလာရတယ်။ ဒီထဲ လူ့အသက်ကယ်ပေါက်တစ်ခု ပါလာတာတွေ့ရတယ်။ နာမည်ကျော် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ပြင်မယ်။ တစ်ချိန်တည်း စောင့်ကြည့်နဲ့ ပညာပေးလုပ်ငန်းကို တစ်ပြိုင်တည်းလုပ်နေတယ်။ စောင့်ကြည့်တဲ့အထဲ ခရီးသည်တင်ယာဉ်ပေါ်မှာ စက်တစ်ခု တပ်ပြီး စောင့်ကြည့်တဲ့စနစ်တစ်ခုလည်းပါတယ်။ မေ ၂၉ ရက်က အဲဒီစောင့်ကြည့်စက်တပ်ထားတဲ့ ခရီးသည်တင်ယာဉ်တစ်စီး အမြန်လမ်းမှာ မှောက်တယ်။

တပ်ထားတဲ့စက်က ဘာပြနေသလဲဆိုတော့ အဲဒီခရီးသည်တင်ယာဉ်ဟာ လှိုင်ကော်ကနေ ၁၃ နာရီကျော်ကြာ (ကြားမှာဆီးသွားဖို့ ခဏတဖြုတ်နားခဲ့တာကလွဲပြီး) မောင်းလာလိုက်တာ ကားမှောက်တဲ့ မိုင်တိုင် ၁၁ နားရောက်တဲ့အထိပဲဖြစ်တယ်။ ကားမောင်းတဲ့သူတစ်ယောက်ထဲက ၁၃ နာရီကျော် မရပ်မနား မောင်းခဲ့ရုံတင်မဟုတ်ဘဲ သတ်မှတ်မိုင်နှုန်းထက်လည်း ပိုမောင်းခဲ့တယ်လို့ စက်မှာဖော်ပြနေတယ်။ အမြန်လမ်းမှာ နည်းပညာသုံးပြီး စောင့်ကြည့်တဲ့စနစ် စတင်ကျင့်သုံးလိုက်တာဟာ လူ့အသက်ကယ်တဲ့နည်းလမ်းဖြစ်တာမို့ လူသာခုခေါ်၊ နတ်သာခုခေါ် လုပ်ရပ်ဖြစ်တယ်။ လုပ်စား၊ ရိုက်စားခွင်တွေမပါတဲ့ အသက်ကယ်ပေါက်သစ်တစ်ခု ပေါ်ထွက်လာတာဖြစ်ပြီး ဒါမျိုးလုပ်ရပ်တွေ အစိုးရသစ်လက်ထက်မှာ များများထွက်ပေါ်လာဖို့ လိုပါမယ်။ ။

အတွေးထဲက အောင်ဘာလေ

ရဲတင့်

ဒီနှစ်သင်္ကြန် ရာသီဥတုပူလွန်းတော့ ဘယ်မှခရီးမထွက်ဖြစ်။ နေပြည်တော်မှာပဲ နားနေလိုက်တယ်။ ဒါပေမယ့် ခရီးထွက်ချင်တဲ့ စိတ်ကများနေတော့ မနေနိုင်။ သင်္ကြန်ပြီးတော့ အေးတဲ့ဘက် တောင်ကြီး၊ ကလောနဲ့ အင်းလေးဘက်ကို မိသားစုအပါအဝင် ဘုရားဖူးသွားဖြစ်တယ်။

ပင်စင်ကလည်း နီးပြီဆိုတော့ နယ်က ဝန်ထမ်းတွေလည်းတွေ့၊ နှုတ်ဆက်ရင်းပေါ့။ ခရီးသွားရင်း အတွေးတစ်ခုဝင်လာတယ်။ သူများတွေဘုရားဖူးသွားရင်း၊ ခရီးထွက်ရင်း ရောက်တဲ့နေရာမှာ ထီထိုးရင် ပေါက်တတ်တယ်ဆိုပဲ။ ထီဆိုလို့ နှစ်လုံး၊ သုံးလုံးမဟုတ်ပါ။ နိုင်ငံတော်အစိုးရရဲ့ အောင်ဘာလေထီပြောတာပါ။ ဒါနဲ့ ကလောဈေးနားမှာ ထီဆိုင်တွေ့တော့ တစ်စောင် ဘယ်လောက်လဲမေးကြည့်တယ်။ သုံးရာတဲ့။ တစ်စောင်နှစ်ရာထီပြောတာ။ ဒီလိုဈေးကွာနေတာကလည်း ထုံးစံလိုဖြစ်နေတော့ ငါးစောင်တွဲတစ်ခုနဲ့ သုံးစောင်တွဲတစ်ခုထိုးမိတယ်။

အမှန်အတိုင်းပြောရရင် ထီပေါက်ချင်တယ်။ ကျွန်တော်တို့လို ဝန်ထမ်းတွေအတွက်တော့ အောင်ဘာလေထီဟာ အားထားစရာ မြက်တစ်ပင်ပဲ။ ပင်စင်ကလည်း ယူတော့မယ်။ သူများတွေလိုကုမ္ပဏီတွေ၊ စားသောက်ဆိုင်တွေလည်းမထောင်နိုင်။ ဘဝကိုရှန်းကန်ရင်း ဆက်ရဦးမှာဆိုတော့ ထီပေါက်ရင် ဘယ်လောက်ကောင်းမလဲ။

ကလောမှာ ထိုးတာနဲ့တင် မကျေနပ်နိုင်သေးဘူး။ များများထိုးရင် ပေါက်ဖို့အခွင့်အလမ်းများမလားဆိုတဲ့ အတွေးနဲ့ပေါ့။ လကုန်ခါနီး နေပြည်တော်မြို့မဈေးမှာ ထီတစ်စောင် ဘယ်လောက်လဲဆိုတော့ ကျပ် ၃၅၀ တဲ့။ ကလောထက် ၅၀ ပိုတယ်။ နှစ်ရာတန်က သုံးရာ့ငါးဆယ်ဖြစ်နေပေမယ့် လောဘပေါ့လေ။ မနေနိုင်ဘူး။ ဆယ်စောင်တွဲနှစ်တွဲ ထပ်ထိုးမိတယ်။ ထီပေါက်လို့ကတော့ ဘာမှမလုပ်ဘဲ ဘဏ်တိုးနဲ့ပဲ ငြိမ့်နေတော့မယ်။ စိတ်ကူးက အဲဒီလို။ ဒါပေမယ့် ဒီတစ်ပတ် ကလောမှာထိုးတာရော၊ မြို့မဈေးမှာ ထိုးတာရော သွားပြန်ပြီတစ်လ။

အောင်ဘာလေထီကို ကံစမ်းခဲ့တာ ခုမှမဟုတ်ဘူး။ ငယ်ငယ်ကျောင်းသားဘဝ၊ ဝန်ထမ်းဘဝအစကတည်းကပါ။ အဲဒီတုန်းက တစ်စောင် နှစ်ကျပ်။ နှစ်ကျပ်တန်ထီကို ဘယ်ထီဆိုင်မှာထိုးထိုး နှစ်ကျပ်ပဲပေးရတယ်။ ထီထိုးရတာတန်တယ်။ အဲဒီတုန်းက ထီရောင်းတဲ့စနစ်ကလည်း တစ်ဆယ့်တစ်စောင်ပါတဲ့ ထီစာအုပ်ကို ဆယ်စောင်ဖိုးပဲ နိုင်ငံတော်ကယူပြီး ပိုတဲ့တစ်စောင်က ရောင်းသူအတွက် ဆယ်ရာခိုင်နှုန်း ကော်မရှင်သဘောပေါ့ဗျာ။ ဆိုလိုတာက ရောင်းသူအတွက် အမြတ်ရှိပြီးသား။ အခုထီရောင်းတဲ့စနစ်ကလည်း အရင်လိုပါပဲ။ တစ်အုပ်တစ်ဆယ့်တစ်စောင်ပါ။ ဆယ်စောင်ဖိုးနိုင်ငံတော်ကယူ၊ ကျန်တစ်စောင်က ရောင်းသူအတွက်အမြတ်ပါ။ ဒါပေမယ့် အပြင်မှာရောင်းတာကျတော့ အရင်နဲ့ မတူတော့ဘူး။ တစ်စောင်ကို အရင်လို အရင်းအတိုင်း နှစ်ရာနဲ့မရတော့ဘူး။ တစ်စောင်ကို သုံးရာ့ငါးဆယ်ဖြစ်နေတယ်။ အရင်းအတိုင်း ထိုးချင်ရင်တော့ ရန်ကုန် ပြည်တွင်းအခွန်ဦးစီးဌာန အောင်ဘာလေရုံးချုပ်နဲ့ နယ်ရုံးတွေမှာ ဝယ်ရင်ရတယ်လို့ သိပါတယ်။ ဒါပေမယ့် ကြိုက်ဂဏန်း၊ ကြိုက်အက္ခရာနဲ့ဆိုတော့ ထိုးရတာလည်းလွယ်တဲ့ အပြင်မှာကံစမ်းကြတာများပါတယ်။

ဒီနေ့ ထီပေါက်ချင်လို့ထိုးနေကြတာက ဝန်ထမ်းတွေ၊ လက်လုပ်လက်စားတွေ၊ အများစုဆင်းရဲသားတွေ၊ မဆင်းရဲပေမယ့် စားနိုင်သောက်နိုင်ဘဝက ရုန်းထွက်ချင်သူတွေဆိုတော့ အစိုးရက သတ်မှတ်တဲ့ဈေးနဲ့ အပြင်မှာ ထိုးနေရတဲ့ ဈေးကွာခြားချက်က စိတ်ဆင်းရဲစရာပဲ။ ဘာလို့ ဒီလိုဖြစ်နေတာလဲ။ ဒါကို ဒီအတိုင်းပဲ လက်ခံနေသင့်လား။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေရောက်အောင် လုပ်ကြရင် ကောင်းမလားဆိုတဲ့အတွေးက ဖြစ်နေတာကြာပါပြီ။

တာဝန်ရှိတဲ့သူတွေလည်း သိတော့သိတယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ထင်တယ်။ အရင်းအတိုင်းရောင်းဖို့ ကြပ်မတ်တာကြားမိတယ်။ တချို့ထီဆိုင်တွေမှာ ကြော်ငြာတောင်ကပ်ထားတာ တွေ့မယ်။ ထီတစ်စောင် နှစ်ရာကျပ် ကြိုက်သလောက်ကံစမ်းနိုင်ပြီ။ ဒါပေမယ့် မကြာဘူး။ တစ်လ၊ နှစ်လပဲ ထင်တယ်။ နောက်တော့ ဒုံရင်းကဒုံရင်းပြန်ဖြစ်သွားတာပါပဲ။

ဘာပဲဖြစ်ဖြစ် ဘဝအတွက် အားကိုးအားထား ထီကတော့ ထိုးရဦးမှာပဲ။ သုံးရာ၊ သုံးရာ့ငါးဆယ်ဆိုလည်း နိုင်သလောက်တော့ လစဉ် ကံစမ်းရဦးမယ်။ ဖက်တွယ်စရာ ကောက်ရိုးတစ်မျှင်ပဲလေ။ အရင်းအတိုင်း တစ်စောင် နှစ်ရာဖြစ်ဖြစ်၊ နည်းနည်းပဲအမြတ်ယူကြတဲ့ဈေးနဲ့ပဲဖြစ်ဖြစ် ထိုးရမယ်ဆိုရင်တော့ အများအတွက် အလွန်မတန် ဝမ်းသာစရာဖြစ်မှာပါ။ တာဝန်ရှိတဲ့သူတွေလည်း ဒီအတိုင်းတော့ ပစ်ထားမှာမဟုတ်လောက်ပါဘူး။ ရက်တစ်ရာတော့ ကျော်ချင်ကျော်နိုင်ပါတယ်။

နောက်တစ်ခု အကြံပြုချင်တာတစ်ခုရှိတယ်။ အဲဒါက ထီဆုငွေခွဲဝေမှုပါ။ ထီထိုးတာက ဆင်းရဲသူတွေအသက်ရှုပေါက်ချောင်ချင်လို့၊ လုပ်စားကိုင်စားဖို့ အရင်းအနှီးလေးရချင်လို့၊ အိုးပိုင်အိမ်ပိုင်လေးနဲ့ ဘဝအဆင်ပြေဖို့ မျှော်လင့်ချက်နဲ့ ကံစမ်းကြတာ များမယ်ထင်တယ်။ ဆိုလိုတာက ချမ်းသာဖို့ထက် ဘဝအဆင်ပြေဖို့ ရည်ရွယ်ချက်ပိုများကြမယ်။ ဒါကြောင့် ထီဆုငွေကို ခုလိုဆုအမျိုးအစားအလိုက် အများကြီးသတ်မှတ်ပြီး ပေါက်တဲ့အရေအတွက်နည်းတာမျိုးထက်စာရင် ထိုက်သင့်တဲ့ ဆုငွေအချိုးအစားနဲ့ ပေါက်တဲ့သူများများဖြစ်အောင် လုပ်ပေးရင်ကောင်းမယ်ထင်တယ်။

ကျွန်တော့်သဘောကတော့ သိန်းထောင့်ငါးရာ၊ သိန်းတစ်ထောင်တွေထက် သိန်းငါးရာ၊ သိန်းသုံးရာ စသည်ဖြင့် အရေအတွက်များများပေါက်၊ အဆင်ပြေကြတဲ့ ဘဝမျိုးဖြစ်စေချင်တယ်။ မရှိဆင်းရဲဘဝကများများလွတ်ပြီး အဆင်ပြေတဲ့ဘဝလေးတွေ များများရအောင် ဖန်တီးနိုင်ရင် ကောင်းမလားဆိုတဲ့ အတွေးပါ။ ဆိုလိုတာက တန်ဖိုးများများနဲ့ အရေအတွက်နည်းနည်းအစား၊ တန်ဖိုးအသင့်အတင့်နဲ့ အရေအတွက်များများကို ပံ့ပိုးကူညီရာရောက်အောင် ဖန်တီးသင့်တယ်လို့ တွေးမိတာပါ။ ဒီအတွေးကို ချမ်းသာချင်သူတွေက ကြိုက်ချင်မှ ကြိုက်မယ်။ မရှိဆင်းရဲသားတွေက ကြိုက်သလို ကျွန်တော်လည်း ကြိုက်ပါတယ်။

မသေမချင်း ထီကတော့ ထိုးမိဦးမှာပဲ။ ဖြစ်နိုင်ရင် အရင်းဈေးလေးနဲ့ ကံစမ်းချင်တယ်။ အနည်းစုချမ်းသာတဲ့ ပုံစံမဟုတ်ဘဲ အများစုအဆင်ပြေတဲ့နည်းက ပိုကောင်းမယ်ထင်တယ်။ ဒါက ကျွန်တော့်ရဲ့ အတွေးထဲက အောင်ဘာလေပါပဲ။ ။

ထီထိုးတာက ဆင်းရဲသူတွေအသက်ရှုပေါက် ချောင်ချင်လို့၊ လုပ်စားကိုင်စားဖို့ အရင်းအနှီးလေး ရချင်လို့၊ အိုးပိုင်အိမ်ပိုင်လေးနဲ့ ဘဝအဆင်ပြေဖို့ မျှော်လင့်ချက်နဲ့ ကံစမ်းကြတာ များမယ်ထင်တယ်။ ဆိုလိုတာက ချမ်းသာဖို့ထက် ဘဝအဆင်ပြေဖို့ ရည်ရွယ်ချက်ပိုများကြမယ်။ ဒါကြောင့် ထီဆုငွေကို ခုလိုဆုအမျိုးအစားအလိုက် အများကြီးသတ်မှတ်ပြီး ပေါက်တဲ့အရေအတွက် နည်းတာမျိုးထက်စာရင် ထိုက်သင့်တဲ့ ဆုငွေအချိုးအစားနဲ့ ပေါက်တဲ့သူများများ ဖြစ်အောင်လုပ်ပေးရင် ကောင်းမယ်ထင်တယ်။

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ
စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၈ ခုနှစ်၊ လ ရက်
(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံသား**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူတို့ကို ဆိုသည်။

(ခ) **ငြိမ်းချမ်းစွာ စုဝေးခြင်း**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာ နေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ်စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ ရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်။

(ဂ) **ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း** ဆိုသည်မှာ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာ လမ်းတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ်သည့် စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စနစ်တကျ လှည့်လည်ခြင်းကိုဆိုသည်။

(ဃ) **အသိပေးတင်ပြချက်**ဆိုသည်မှာ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရန် ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသို့ အကြောင်းကြားခြင်းကို ဆိုသည်။

(င) **ပိုစတာ**ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ ဖြစ်စေ၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း သို့မဟုတ် ရုပ်တုဖြင့်ဖြစ်စေ၊ ရုပ်မြင်သံကြားထုတ်လွှင့်သည့် နည်းလမ်းဖြင့် ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဖော်ပြပြီး လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသည့်အရာကို ဆိုသည်။

(စ) **ဆိုင်းဘုတ်** ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အမည်၊ အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များအပါအဝင် လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်သော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့် ရေးသား၍ လက်တွင် ကိုင်ဆောင်နိုင်ရန် မြေတွင် စိုက်ထူနိုင်ရန်၊ တစ်နေရာရာ၌ ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို ဆိုသည်။

(ဆ) **လက်နက်**ဆိုရာတွင် လက်နက်အက်ဥပဒေများနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် လက်နက်၊ ကိရိယာတန်ဆာပလာများ အပြင် သူတစ်ဦးတစ်ယောက်အား ဘေးအန္တရာယ် တစ်စုံတစ်ရာဖြစ်စေနိုင်သော ပစ္စည်းလည်းပါဝင်သည်။

(ဇ) **အလံ**ဆိုရာတွင် နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ ပါဝင်သည်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်၊

(ဂ) ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်။

အခန်း(၃)
အသိပေးတင်ပြခြင်း

၄။ မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် အောက်ပါအချက်များပါရှိသော အသိပေးတင်ပြခြင်းကို သက်ဆိုင်ရာ မြို့နယ် ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်မည့်နေ့မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ တင်ပြရမည်။ ဖြတ်သန်းမည့် မြို့နယ်များရှိပါက သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ၄၈ နာရီကြိုတင်၍ မိတ္တူပေးပို့ရမည် -

(က) ငြိမ်းချမ်းစွာစုဝေးခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက်၊ အချိန် အပိုင်းအခြား၊ ငြိမ်းချမ်းစွာ စုဝေးခြင်းပြုရာတွင် ဟောပြောလိုသည့် အကြောင်းအရာနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊

(ခ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ လမ်းကြောင်း၊ နေ့ရက်၊ ဖြတ်သန်းလိုသည့် မြို့နယ်များ၊ အချိန်အပိုင်းအခြားနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့အတွက် လျှောက်ထားသူ၊ ဦးဆောင်မည့် ပုဂ္ဂိုလ်နှင့် ဟောပြောမည့် ပုဂ္ဂိုလ်တို့၏ အမည်နှင့် ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ၊

(ဃ) ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုလုပ်မည့် အစီအစဉ်နှင့် ခန့်မှန်းလူဦးရေ၊

(င) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပါက ယင်းအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်မှတ်တမ်း သို့မဟုတ် အထောက်အထား၊

(စ) ဤဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာ လိုအပ်ချက်အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်။

အခန်း(၄)
အသိပေးတင်ပြချက်ကို လက်ခံဆောင်ရွက်ခြင်း

၅။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ တင်ပြလာသော အသိပေးတင်ပြချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံသို့ ဆောလျင်စွာ တင်ပြရမည်။

၆။ ပုဒ်မ ၄ အရ အသိပေးတင်ပြခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ဆောလျင်စွာ တင်ပြရမည်။

အခန်း(၅)
စည်းကမ်းသတ်မှတ်ချက်များ

၇။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးတင်ပြချက်တွင် ဖော်ပြထားသည့် နေရာတွင်သာ ငြိမ်းချမ်းစွာ စုဝေးခြင်းပြုရမည်။

၈။ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ရာတွင် အများပြည်သူအား အနှောင့်အယှက်မဖြစ်စေရေးအတွက် အသိပေးတင်ပြချက်တွင် ဖော်ပြထားသည့် လမ်းကြောင်းအစနေရာတွင် စတင်စုဝေးပြီး တင်ပြထားသည့် လမ်းကြောင်းအတိုင်းသာ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆောင်ရွက်ခွင့်ရှိသည်။

၉။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုသူများသည် အောက်ပါစည်းကမ်းများကို လိုက်နာရမည် -

(က) အများပြည်သူကို အနှောင့်အယှက် အဟန့်အတားဖြစ်စေခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မလုပ်ရ၊

(ခ) ခွင့်ပြုထားသော စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်ပျက်စီးစေမည့် အပြုအမူ၊ ပတ်ဝန်းကျင် ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ၊

(ဂ) ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေသော တားဆီးပိတ်ဆို့ခြင်းကို မပြုလုပ်ရ၊

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် မည်သည့်လက်နက်တစ်မျိုးမျိုးကိုမျှ ကိုင်ဆောင်ခြင်းမပြုရ၊

(င) နိုင်ငံတော်နှင့် ပြည်ထောင်စုကိုဖြစ်စေ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူ့ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကို ဖြစ်စေ ထိခိုက်စေမည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရ၊

(စ) မမှန်ကန်သော သတင်းများကိုဖြစ်စေ၊ မမှန်ကန်သော အချက်အလက်များကိုဖြစ်စေ ဟောပြောခြင်းမပြုလုပ်ရ၊

(ဆ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် အသိပေးတင်ပြထားသည့် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များမှအပ အခြားအလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်းမပြုလုပ်ရ၊

(ဇ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက်အသုံးပြုခြင်း၊ ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်း မပြုလုပ်ရ၊

၁၀။ ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိ၍ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တားမြစ်ပါက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်။

အခန်း(၆)
အရေးယူဆောင်ရွက်ခြင်း

၁၁။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုနိုင်စေရန် လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန်လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးက လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်။

၁၂။ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည် -

(က) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို ပြုလုပ်သည့်နေရာတွင် ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိလျှင် ဖြစ်စေ၊ ထိုသို့လိုက်နာခြင်းမရှိကြောင်း တိုင်ကြားချက်ကို လက်ခံရရှိလျှင် ဖြစ်စေ ဦးဆောင်သည့် ပုဂ္ဂိုလ်အား သတိပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ သတိပေးသည်ကို လိုက်နာဆောင်ရွက်ခြင်း မရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်းတင်ပြရမည်။

၁၃။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ) အရ တင်ပြချက်ကို ရရှိလျှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံ ချက်ချင်းတင်ပြ၍ ခွင့်ပြုချက်ရယူပြီး ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို တားမြစ်နိုင်သည်။

၁၄။ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တားမြစ်ပြီးနောက် ဆက်လက်စည်းကမ်း ဖောက်ဖျက်ခြင်းများ၊ လူစုမခွဲဘဲ စုဝေးစီတန်းလှည့်လည်ခြင်းများရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုကွဲသည်အထိ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

၁၅။ ဤဥပဒေနှင့်အညီ အသိပေးတင်ပြခြင်းမရှိဘဲ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းပြုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်းပြုသည့်နေရာတွင် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောလျင်စွာ အရေးယူဆောင်ရွက်ရမည်။

အခန်း(၇)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၆။ မည်သူမဆို ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများအား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၇။ မည်သူမဆို ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထပ်မံကျူးလွန်ပါက တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

အခန်း(၈)

အထွေထွေ

၁၉။ ဤဥပဒေအရ အရေးယူသော ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို သက်ဆိုင်ရာ တရားရုံးသို့ ၁၅ ရက်အတွင်း တရားစွဲဆိုတင်ပို့ရမည်။

၂၁။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဆက်စပ်မြို့နယ်များပါဝင်နေပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းဖြစ်လျှင် ပြစ်မှုကို စတင်ဖောက်ဖျက်ကျူးလွန်သည့် မြို့နယ်တရားရုံးကသာ စီရင်ပိုင်ခွင့်ရှိသည်။

၂၂။ နိုင်ငံသားတစ်ဦးချင်းအနေဖြင့် မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာ လှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းစသည့် အခွင့်အရေးများကို သုံးစွဲဆောင်ရွက်ရာ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၃။ အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်း မပြုလုပ်လိုပါက ၂၄ နာရီအတွင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးထံ ပြန်လည်အသိပေးတင်ပြရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က)နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ)အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၅။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ (၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅)နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၆)တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ထိုင်းနိုင်ငံတွင် ပထမဆုံးနိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး ကမ္ဘောဇဘဏ်ကိုဖွင့်လှစ်ခွင့်ပြု

ရန်ကုန် မေ ၅

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ထိုင်းသံရုံးတို့၏ထောက်ခံချက်ဖြင့် ကမ္ဘောဇဘဏ်၏ ငွေကြေးနှင့်ဘဏ်လုပ်ငန်းဝန်ဆောင်မှုကဏ္ဍတွင် ဦးဆောင်လုပ်ကိုင် ဆောင်ရွက်နေမှုနှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိခြင်းများကို ထိုင်းနိုင်ငံဗဟိုဘဏ်သို့တင်ပြပြီးနောက် ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ ပထမဆုံး နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးအဖြစ် ကမ္ဘောဇဘဏ်အား ဧပြီ ၂၈ ရက်က တရားဝင်လိုင်စင်ဖြင့် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်းသိရသည်။

ထိုသို့ခွင့်ပြုလိုက်ခြင်းကြောင့် ထိုင်းနိုင်ငံနှင့် နိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးနှင့်ငွေကြေးဆိုင်ရာအချက်အလက်များ စုဆောင်းတင်ပြခြင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးဆက်သွယ်ဆောင်ရွက်မည့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကမ္ဘောဇဘဏ်၏ နိုင်ငံခြားဘဏ်လုပ်ငန်းများအား ထောက်ကူပံ့ပိုးမှုများ ပြုလုပ်ပေးခြင်းအပါအဝင် ဘဏ်လုပ်ငန်း၊ ငွေကြေးနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဘဏ်ကိုယ်စားလှယ်ရုံးအပြင် ထိုင်းနိုင်ငံအတွင်း၌ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရေးအတွက် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ဆက်လက်လျှောက်ထားပြီး ခွင့်ပြုချက်နှင့်အညီ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများအပါအဝင် စီးပွားရေးလုပ်ငန်းအရပ်ရပ်အတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အထက်ပါဆောင်ရွက်ချက်များမှာ ကမ္ဘောဇဘဏ်အနေဖြင့် အရှေ့တောင်အာရှဒေသ (အာဆီယံ)၏ ငွေကြေးနှင့်ဘဏ်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် ပထမခြေလှမ်းလည်းဖြစ်သည်။

"မြန်မာနိုင်ငံရဲ့အကြီးဆုံးပုဂ္ဂလိကဘဏ်ကြီးဖြစ်တာနဲ့အညီ နိုင်ငံ့ငွေကြေးဈေးကွက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့မှာရှိတဲ့ အတွေ့အကြုံဗဟုသုတများကို အခြေခံပြီးတော့ ကုန်သွယ်မှုပိုင်းမှာ တာဝန်ယူဆောင်ရွက်ပေးနိုင်ရုံသာမက မြန်မာနိုင်ငံထဲကို ဝင်လာမယ့် ထိုင်းစီးပွားရေးလုပ်ငန်းများအတွက်လည်း အကြံပြုဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပါတယ်"ဟု ကမ္ဘောဇဘဏ်၏ အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းချို့က ပြောသည်။

"မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ရဲ့ ကြာရှည်ခိုင်မာတဲ့ဆက်ဆံရေးဟာ အာဆီယံဒေသတွင်းမှာရှိတဲ့ ကဏ္ဍမျိုးစုံမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဖို့ ကြီးမားတဲ့အခွင့်အလမ်းတွေကို ပေးပါတယ်။ ကျွန်တော်တို့ဟာ ငွေကြေးကဏ္ဍမှာဦးဆောင်နေတဲ့အဖွဲ့အစည်းအဖြစ် မြန်မာနိုင်ငံကို ကိုယ်စားပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးသန်းချို့က ဆက်လက်ပြောသည်။ ထိုသို့ နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ကမ္ဘောဇဘဏ်၏ ဈေးကွက်ရပ်တည်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်များ၊ ရှယ်ယာပိုင်ဆိုင်သူများ၏ ကိုယ်ရေးရာဇဝင်များ၊ ကမ္ဘောဇဘဏ်ကို နိုင်ငံတကာမှ ချီးမြှင့်ခဲ့သည့်ဆုတံဆိပ်များနှင့် ထိုင်းဗဟိုဘဏ်မှ ချမှတ်ထားသော စည်းကမ်းချက်များ သဘောတူညီမှု၊ ဘဏ်နှင့်ငွေကြေးလုပ်ငန်းဆိုင်ရာအချက်အလက်များ၊ စာရင်းရှင်းတမ်းများနှင့် ရင်းနှီးမြှုပ်နှံမှုများလည်း ပါဝင်ကြောင်း သိရသည်။

ကမ္ဘောဇအုပ်စုသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်လျက်ရှိသည့်အတွက် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB- Myanmar Center for Responsible Business)မှ ကမ္ဘောဇအုပ်စုကုမ္ပဏီများကို မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာမှုအရှိဆုံးအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခဲ့သည်။

ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း မြန်မာနှင့်ထိုင်း အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးသည် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာသန်း ၆၈၀၀ ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ထိုင်းနိုင်ငံ၏ သတ္တမအကြီးဆုံးကုန်သွယ်မှုမိတ်ဖက်နိုင်ငံအဖြစ်လည်းကောင်း၊ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်မှုမိတ်ဖက်နိုင်ငံအဖြစ်လည်းကောင်း အသီးသီးရပ်တည်ပြီး ခိုင်မာသည့်ကုန်သွယ်မှုဆက်ဆံရေးဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။ လာမည့်နှစ်များတွင် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံလုံးက အပြန်အလှန်ကုန်သွယ်မှုများကို အင်အားဖြည့်ဆောင်ရွက်လိုသည်နှင့်အညီ နှစ်နိုင်ငံအနေဖြင့် စီးပွားကူးသန်းဖလှယ်မှုပိုမိုပြုလုပ်နိုင်သော အလားအလာကောင်းများရှိနေသည်။ ဘဏ်ခွဲအဆင့် ဖွင့်လှစ်ခွင့်ရရှိပြီးပါက ထိုင်းနိုင်ငံရှိ များစွာသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ (ခန့်မှန်းခြေ သုံးသန်းခန့်)အတွက်လည်း ငွေကြေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ကမ္ဘောဇနိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး၏တည်နေရာနှင့် ဖွင့်လှစ်မည့်ရက်ကို ကမ္ဘောဇဘဏ်မှ မကြာမီအသိပေးကြေညာသွားမည်ဖြစ်ကြောင်းနှင့် အခြားအာဆီယံနိုင်ငံများတွင်လည်း နိုင်ငံတကာ ဘဏ်ကိုယ်စားလှယ်ရုံးများနှင့်ဘဏ်ခွဲများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ရေကိုမူလ ဈေးတာကြ

❒ နမ့်စန်မြို့မှ

ရေစီးရေလာ ကောင်းမွန်တော့ခြင်း မရှိသောကြောင့် ချောင်းရေသည် ညစ်ညမ်းလာရာ ယင်းရေကို သုံးရေအဖြစ်သာ အသုံးပြုနိုင်ကြောင်းသိရသည်။ သောက်သုံးရေနှင့် ထမင်းဟင်းချက်ပြုတ်ရန်အတွက် ရေကို နေ့စဉ်ဝယ်သုံးလျက်ရှိကြောင်း ဒေသခံများက ဆိုသည်။

ရေပေးဝေရေးစနစ်အမြန်ဆုံး အကောင်အထည် ဖော်ဆောင်ပေးရေးနှင့် ပတ်သက်၍ ဒေသခံဦးနေဇော်နိုင်က "ကျွန်တော်တို့မြို့က အရင်ကတည်းက ဒီနန့်လပ်ချောင်းကို အားပြုပြီး သုံးတာ။ ၁၉၅၈ လောက်က အစိုးရတွေက တောင်ပေါ်ရေလှောင်ကန်လုပ်ပြီး ချောင်းရေကိုတင်ကာ မြို့ကို ရေပေးဝေစနစ်လုပ်ပေးခဲ့တယ်။ နှစ်တွေကြာလာတော့ သွယ်တန်းထားတဲ့ ပိုက်တွေ ပျက်စီးကုန်တယ်။ စနစ်မကျတော့ဘူး။ နောက် ဂေဟစနစ်ပျက်စီးမှုများလာတော့ ချောင်းရေကနွေရာသီဆို ခြေမျက်စိလောက်ပဲ ရှိတော့တယ်။ ဒါကိုမြို့ခံတွေက ရေတမံငယ်လုပ်ပြီး ရေများအောင် လုပ်ထားတယ်။ ရေမစီးတော့ အဝတ်လျှော်တဲ့ရေ၊ အမှိုက်တွေကြောင့်ရေက ညစ်ညမ်းလာတယ်။ တောင်ပေါ်ရေလှောင်ကန်ရေက ခုဆိုရင် ရေချိုး၊ အဝတ်လျှော်လောက်ပဲရတယ်။ သောက်ရေနဲ့ ထမင်းဟင်းချက်ဖို့ ရေကိုဝယ်သုံးရတယ်။ မရှိဆင်းရဲတဲ့ လူတွေကတော့ ဝယ်မသုံးနိုင်တော့ ရေလှောင်ကန်ကပေးတဲ့ရေကိုပဲ အသုံးပြုရပါတယ်။ အမှန်ဆိုရင် မြို့နဲ့သုံးမိုင်လောက်ပဲဝေးတဲ့နေရာမှာ တိန်းချောင်းရှိတယ်။ အဲဒီချောင်းက သုံးရာသီလုံး ရေမပြတ်ဘူး။ ရေလည်းကောင်းတယ်။ ဒီရေကို ပိုက်သွယ်ပြီး တောင်ပေါ်ရေလှောင်ကန်ထိမောင်းတင်ပြီး စနစ်တကျ ရေပေးဝေရင် နမ့်စန်မြို့က သောက်သုံးရေခက်ခဲမှုကို ဖြေရှင်းနိုင်မယ်။ ဒါက ရေရှည်အတွက်လည်းကောင်းမယ်။ ဒီရေပေးဝေရေးစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်စေလိုပါတယ်။ တစ်မြို့လုံးအတွက် ပြောတာပါ"ဟု ပြောသည်။

မြို့မိမြို့ဖ ဦးခင်မောင်ဆန်းကလည်း "ရေပေးဝေရေးစနစ်ကို တိတိကျကျနဲ့ လုပ်ဆောင်ပေးဝေလိုပါတယ်။ ဘာလို့ဒီလိုပြောလဲဆိုတော့ အရင်နှစ်တွေက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်တွေက စက်ရေတွင်းတူးပေးတယ်။ တစ်တွင်းကို ကျပ်သိန်း ၁၂၀ လောက်ချပေးတယ်။ ရေထွက်ရုံလောက်တူးပေးတယ်။ အမှန်တကယ် ရေကြောမိအောင် မတူးပေးဘူး။ နောက် အဲဒီတွင်းတွေက ရေမထွက်တော့ အမှန်တကယ် နိုင်ငံတော်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးတာကို အောက်ခြေကထိရောက်စွာ မလုပ်ပေးတဲ့အတွက် နိုင်ငံတော်လည်း ဘဏ္ဍာငွေဆုံးရှုံးတယ်။ ကျေးလက်လည်း အကျိုးသက်ရောက်မှု မရှိဘူး။ ဒါကြောင့် မြို့ရေပေးဝေရေးကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် လုပ်ဆောင်ပေးလိုပါတယ်။ ဂျပန်က ကူညီပေးမယ်လို့တော့ ကြားတယ်။ ဘယ်တော့လဲ ဘယ်အချိန်မှန်း မသိဘူး။ အခုကတော့ သောက်သုံးရေမရတဲ့အတွက် ဆင်းရဲသားတွေ ထိတာပေါ့။ ရေထော်လာဂျီနဲ့တစ်စီးကို ခရီးအနီးအဝေးပေါ်မူတည်ပြီး ၄၀၀၀၊ ၅၀၀၀ လောက်ပေးဝယ်ရတယ်။ တတ်နိုင်တဲ့သူကတော့ စက်ရေတွင်းတူးကြတာပေါ့။ ဒါတောင် ရေထွက်ချင်မှ ထွက်တာ။ သောက်သုံးရေရှားပါးနေချိန်မှာ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ငါးရပ်ကွက်ကို ငါးတွင်းလာတူးပေးတယ်။ ဒါတောင် (၂)ရပ်ကွက်၊ (၄)ရပ်ကွက် ရေမအောင်ဘူး။ နောင်တစ်ချိန် ထပ်တူးပေးမှ ငါးရပ်ကွက်လုံး ငါးတွင်း ရေအောင်တယ်။ သောက်သုံးလို့ရတယ်။ အိမ်ထောင်စုနှင့် လူဦးရေအချိုးနဲ့ ကြည့်မယ်ဆိုရင် လုံလောက်မှုတော့ ဘယ်ရှိမလဲ။ ရေခက်ခဲတဲ့အချိန်မှာ ခုလိုလုပ်ပေးတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ထို့နောက် မြို့ခံတစ်ဦးဖြစ်သည့် ဒေါ်လပြည့်က "ကျွန်မတို့ မြို့က ပါးစပ်ရာဇဝင်ရှိတယ်။ နန့်လပ်ချောင်း အရှေ့ဘက်က ရေဘယ်လိုတူးတူး ရေမထွက်ဘူး။ အနောက်ဘက်ခြမ်းက ထွက်တယ်။ ဘာဖြစ်လို့ဆိုတော့ အလောင်းမင်းတရားကြီး စစ်ချီရာမှာ အနောက်ခြမ်းက ပအိုဝ်းက သန့်စင်တဲ့ ရေတော်ကပ်တယ်။ အရှေ့ဘက်ရှမ်းတွေက မကပ်ဘူးလို့ ပြောကြတယ်။ ဒါကြောင့် အလောင်းမင်းတရားကြီးက ကျိန်တယ်ပေါ့။ အဲဒါကြောင့် အရှေ့ဘက်က ရေမထွက်ဘူးလို့ ပြောကြတယ်။ ခုတော့ ဒါတွေက ပုံပြင်တစ်ပုဒ်လိုဖြစ်သွားပြီလို့ ထင်တယ်။ သောက်သုံးရေရှားပါးတာကို ကြားလို့ ကမ္ဘောဇမှ ရေလာတူးပေးတော့ အရှေ့ဘက်ခြမ်းက စက်ရေတွင်းတွေ အကုန်အောင်တယ်။ ကျွန်မတို့ဆိုရင် ဒီရေပဲ သောက်တယ်၊ သုံးတယ်။ ဝယ်သုံးစရာမလိုတော့ဘူး။ ဒါကတော့ ကျွန်မတို့ ရပ်ကွက်ပေါ့။ တစ်မြို့လုံး အတိုင်းအတာနဲ့ဆိုရင် ရေပေးဝေရေးစနစ် လိုအပ်ပါတယ်"ဟု ပြောသည်။

✪ ကျောဖုံးမှ

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ယနေ့ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် နိုင်ငံတကာတွင် သဘာဝဘေးအန္တရာယ်များ နှစ်စဉ်ပိုမိုဖြစ်ပွားလျက်ရှိကြောင်း၊ ပျက်စီးဆုံးရှုံးမှုပမာဏသည်လည်း ပိုမိုများပြားလာသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ပထဝီအနေအထားအရ ဒေသအလိုက် မီးဘေး၊ ရေလွှမ်းမိုးခြင်းဘေး၊ လေမုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး အစရှိသည့် ဘေးအန္တရာယ်များကို ကြုံတွေ့လျက်ရှိပါကြောင်း၊ မည်သည့် သဘာဝဘေးအန္တရာယ်မျိုး ကျရောက်သည်ဖြစ်စေ နိုင်ငံတော်နှင့် ပြည်သူအတွက် ဆုံးရှုံးမှုပမာဏ အနည်းဆုံး ဖြစ်စေရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များ၏ နည်းပညာနှင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားစေရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် နေပြည်တော်အတွင်းရှိ မြို့နယ်အသီးသီးမှ သန္တေ၊ အရန်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၃၀၀ ကျော်က နေပြည်တော်ကောင်စီ ဥက္ကဋ္ဌအား စစ်ရေးပြပုံစံဖြင့် အလေးပြုကြသည်။

ထို့နောက် Water Tower ယာဉ်နှစ်စီးအား ချိတ်ဆက်၍ ကြိုးကူးနည်းစနစ်ကို သရုပ်ပြခြင်း၊ သီးခြားစီရှိနေသည့် အဆောက်အအုံနှစ်ခုသို့ သွားရောက်ခြင်းနှင့် လူနာအား ကြိုးချည်နည်းအသုံးပြု၍ ကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ရှဉ့်ကူးနည်းစနစ်ဖြင့် ကြိုးကူးခြင်းသရုပ်ပြခြင်း၊ အမြင့်တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာ ထိုးဖောက်ဝင်ရောက်ရာတွင် အသုံးပြုသည့် မျောက်ကူးနည်းစနစ်၊ ပက်လက်ကူးနည်းစနစ်တို့ဖြင့် သရုပ်ပြခြင်း၊ ရဟတ်ယာဉ်ပေါ်မှ ကြိုးဆင်း သရုပ်ပြခြင်း၊ လှေကားတင်ယာဉ်ဖြင့် ပိတ်မိနေသူအားကယ်ဆယ်မှု သရုပ်ပြခြင်း၊ ကယ်ဆယ်ရွှေ့ထုတ်လာသူအား လူနာတင်ယာဉ်ဖြင့် ပို့ဆောင်မှု သရုပ်ပြသခြင်း၊ High Pressure Pump ဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြခြင်း၊ အသက်ကယ်လှေသယ်ဆောင် သရုပ်ပြခြင်း၊ Gas Detector ဖြင့် အဆိပ်ဓာတ်ငွေ့ရှိ/မရှိ စစ်ဆေးပြီး အခန်းအတွင်းမှ လူနာအား ရှာဖွေကယ်ဆယ်ရွှေ့ထုတ်မှု သရုပ်ပြခြင်း၊ ကျောလွယ်စက်ရှစ်လုံးဖြင့် တောမီးမြက်ခြောက်မီးလောင်မှုငြိမ်းသတ် သရုပ်ပြခြင်း၊ Gasအိုး မီးလောင်မှုအား HNE ကျောလွယ်ပုံးနှင့် ဆိုင်ကယ်ဖြင့် ရှေးဦးမီးငြိမ်းသတ်မှု သရုပ်ပြခြင်း၊ HNE ခြောက်လုံးဖြင့် ဆီမီးလောင်မှုငြိမ်းသတ်သရုပ်ပြခြင်း၊ အဆင့်မြင့် အမြှုပ်ဆေးရည် Foam ဖြင့် သရုပ်ပြခြင်း၊ Fire Fighter မီးငြိမ်းသတ်ယာဉ်ဖြင့် ရေပက်သရုပ်ပြခြင်းတို့ကို နေပြည်တော် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီစက်ယာဉ်ယန္တရားများ၊ စုပေါင်းစွမ်းအားတို့ဖြင့် သရုပ်ပြကြသည်။

မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြနေစဉ်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် ၂၀၁၁ ခုနှစ်က မီးလောင်မှု ၉၂၃ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် မီးလောင်မှု ၁၂၁၉ ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် မီးလောင်မှု ၁၆၇၃ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် မီးလောင်မှု ၁၆၂၉ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် မီးလောင်မှု ၁၇၀၈ ကြိမ် စုစုပေါင်း ငါးနှစ်အတွင်း မီးလောင်မှု အကြိမ်ပေါင်း ၇၁၅၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၂၃၄၃၀ ခန့် ဆုံးရှုံးခဲ့ကြောင်း၊ ငါးနှစ်တာကာလအတွင်း ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း နှစ်သောင်းသုံးထောင်လေးရာကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် အလွန်ကြီးမားသည့် နစ်နာဆုံးရှုံးမှုဖြစ်သည့်အတွက် ထိုကဲ့သို့ ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် မီးလောင်မှုများ လျော့နည်းကျဆင်းစေရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်(၄)ရပ်ဖြစ်သည့် မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်များ မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရခိုင်ဒေသအတွက် ကမ်းရိုးတန်းသွား ရေယာဉ်သစ်တည်ဆောက်ရန် ပြည်တွင်းအင်ဂျင်နီယာများနှင့် ဒီဇိုင်းရေးဆွဲဆောင်ရွက်နေ

ရန်ကုန် မေ ၅
လမ်းပန်းဆက်သွယ်မှု ခက်ခဲနေသော ရခိုင်ပြည်နယ်အတွင်း ခရီးစဉ်အချို့တွင် ကမ်းရိုးတန်းသွား ရေယာဉ်ဖြင့် ပြေးဆွဲပေးနိုင်ရေးအတွက် ရေယာဉ်သစ်တည်ဆောက်ရန် ပြည်တွင်းအင်ဂျင်နီယာများနှင့် ဒီဇိုင်းရေးဆွဲဆောင်ရွက်နေကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဦးသန့်စင်မောင်က မေ ၂ ရက်တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့တွင် ကျောက်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားပေးခဲ့သည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်က မေးခွန်းမေးမြန်းခဲ့ရာတွင် စစ်တွေ-မြေပုံ-ကျောက်ဖြူ-တောင်ကုတ် လမ်းပန်းဆက်သွယ်ရေးတွင် အခက်အခဲရှိသည့်အတွက် ဒေသခံများ သွားလာရေးတွင် အဆင်မပြေဖြစ်ပေါ်နေသည့်အပေါ် လက်ရှိအစိုးရလက်ထက်တွင် ပို့ဆောင်ရေးဌာနပိုင် သင်္ဘောခရီးစဉ်များ ပြန်လည်စီစဉ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မဆောင်ရွက်နိုင်ပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခရီးစဉ်များကို ပြေးဆွဲပေးရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မြစ်ကြောင်းသွား သင်္ဘောများသာရှိသည့်အတွက် ယင်းခရီးစဉ်များတွင် ပင်လယ်ပြင်ကို ဖြတ်သန်းပြေးဆွဲရသည်များ ရှိသည့်အတွက် ဘေးကင်းလုံခြုံစိတ်ချရမှုမရှိဘဲ သင်္ဘောနစ်မြုပ်ခဲ့မှုရှိခဲ့ရာ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် ကမ်းရိုးတန်းသွားသင်္ဘောများ လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

ယခင် ပို့ဆောင်ရေးဝန်ကြီးလက်ထက်တွင် ဂျပန်နိုင်ငံ၏ အကူအညီရရှိရန် ဆောင်ရွက်နိုင်ခဲ့ပြီး ဂျပန်နိုင်ငံမှ ယန်းသန်း ၂၀၀ ရရှိခဲ့ကြောင်းနှင့် ယင်းထောက်ပံ့ငွေဖြင့် ရခိုင်ဒေသအတွက် လိုအပ်သော ကမ်းရိုးတန်းသွားသင်္ဘောရရှိရန် ငွေကြေးလုံလောက်မှုမရှိကြောင်း သိရသည်။ ထို့အပြင် ပြည်ပပညာရှင်အဖွဲ့နှင့် လိုအပ်သော ကမ်းရိုးတန်းသွားသင်္ဘောတည်ဆောက်ရန် ငွေကြေးကုန်ကျမှုများပြားလွန်းသည့်အတွက် ပြည်တွင်းအင်ဂျင်နီယာပညာရှင်များဖြင့် သင်္ဘောဒီဇိုင်းရေးဆွဲခြင်းကို ဆောင်ရွက်နေပြီး သင်္ဘောတည်ဆောက်ရန် လိုအပ်သော သံပြား၊ သံကိုင်းများ ပြည်ပမှ ဝယ်ယူတင်သွင်းကာ ကမ်းရိုးတန်းသွား ရေယာဉ်သစ်တစ်စင်း အမြန်ဆုံးတည်ဆောက်သွားနိုင်ရန် ဆောင်ရွက်သွားမည်ဟု ဖြေကြားခဲ့သည်။

ပြည်တွင်းရေယာဉ် ခရီးစဉ်များကို ပို့ဆောင်ပေးနေသည့် ပြည်တွင်းရေကြောင်းအနေဖြင့် ယခင်ကဝန်ကြီးဌာန ဘတ်ဂျက်အောက်တွင် ရှိသော်လည်း ၂၀၁၃-၂၀၁၄ ခုနှစ်မှ စတင်ကာ နိုင်ငံတော်ဘတ်ဂျက်မှထွက်ကာ သီးသန့်ရပ်တည်နေပြီး ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင်လည်း ယခင်က ၆၄ လိုင်း ပြေးဆွဲခဲ့ရာမှ ယခုအခါ ၁၈ လိုင်းခန့်သာရှိပြီး အရှုံးပေါ်နေသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းကြောင့် နိုင်ငံတော်ဘတ်ဂျက်တွင် မပါဝင်တော့သော်လည်း တခြားသော ရန်ပုံငွေရရှိခဲ့ပါက အမြန်ဆုံးအကောင်အထည်ဖော် ပြေးဆွဲနိုင်အောင် ကြိုးစားဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မတ်လက အဆိုပါ ခရီးစဉ်ပြေးဆွဲနေသော အောင်တံခွန် ၃ ရေယာဉ်နစ်မြုပ်မှုကြောင့် ခရီးသည်များ သေဆုံးမှုရှိခဲ့သည့်အတွက် ဆုံးရှုံးနစ်နာမှုများသောကြောင့် ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးကို အဓိကထားဆောင်ရွက်သွားမည်ဟု သိရသည်။

(ဝဝ၁)

တွဲယှက်လက်တင် အောင်ပွဲဝင်

❖ တည်ငြိမ်အေးချမ်း၊ လျှောက်သည့်လမ်းဝယ်
ပြုံးပန်းဝေဆာ၊ စည်းလုံးကာဖြင့်
ကောင်းရာလမ်းကြောင်း၊ မတိမ်းစောင်းဘဲ
ပေါင်းရုံးစုစည်း၊ ရှေ့ခရီးကို
ညည်းညူမပျက်၊ တွဲယှက်လက်တင်
ပြည်ခွင်အရေး၊ လက်မနှေးကာ
အေးတူပူမျှ၊ ဆောင်ရွက်ကြမှ
ကမ္ဘာ့အလယ်၊ လွန်တင့်တယ်မည်။
❖ ဒီလိုမဟုတ်၊ ဟိုလိုလုပ်ဟု
လှိုင်းပုတ်ပြောသံ၊ လောကခံမှ
ဝေဖန်ပြောကြား၊ ထိုစကားကို
ယုံမှားလို့ပင်၊ နားဝင်ပါလျှင်
အောင်မြင်ဖို့ရာ၊ လမ်းပျောက်မှာကို
စိုးကြောက်နေမိသည်။

အေးသန်း(စိန်တုံးကြီး)

ပြည်သူလူထုအတွင်း ကွမ်းယာစားသုံးမှုကျဆင်းပပျောက်ရေးကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည်

မုံရွာ မေ ၅
ဆေးရွက်ကြီး ငုံခြင်း၊ ဆေးရွက်ကြီးပါသော ကွမ်းယာ၊ ဆေးရွက်ကြီး ထွက်ကုန်ပစ္စည်း စားသုံးခြင်း သုတေသနအချက်အလက်များကို ကိုးကား၍ ပြည်သူလူထုအတွင်း ကွမ်းစားသုံးမှုကျဆင်းပပျောက်ရေး ဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကွမ်းစားသုံးမှု ပပျောက်ရေးနှင့် ကွမ်းရောင်းသူများအတွက် အစားထိုးအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖန်တီးပေးနိုင်မှု ရေးဆွဲရေးကော်မတီအဖွဲ့ဝင် တစ်ဦးထံမှ သိရသည်။

"ကွမ်းယာဆိုင်တွေ၊ ကွမ်းရွက်စိုက်ပျိုးတဲ့သူတွေနဲ့ ကွမ်းသီးထုတ်လုပ်ရောင်းချသူတွေကို စည်းရုံးပညာပေးပြီး အစားထိုးအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေဖြစ်တဲ့ မွေးမြူရေးလုပ်ငန်းနဲ့ ပဲအမျိုးမျိုး၊ ဂျုံစိုက်ပျိုးခြင်းလုပ်ငန်းတွေကို အစားထိုးလုပ်ဆောင်ကြဖို့ စည်းရုံးကြရမှာဖြစ်ပါတယ်။ ကွမ်းယာစားသုံးသူတွေဟာ ကျန်းမာရေး အန္တရာယ်ပေးနိုင်တဲ့အတွက် ကွမ်းယာလျှော့စားဖို့နဲ့ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေဖို့ အလေ့အကျင့်တွေကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကွမ်းစားသုံးမှု ကျဆင်းပပျောက်ရေးစီမံချက် ရေးဆွဲပြုစုရေးအဖွဲ့ကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင်များအဖြစ် တိုင်းဒေသကြီးအဆင့် ပညာရေး၊ စည်ပင်သာယာရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးများပါဝင်သော အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း သိရသည်။

"ကျန်းမာရေး ဝန်ကြီးဌာနဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထိန်းချုပ်ရေးဆိုင်ရာ သဘောတူစာချုပ်အရ ထိန်းချုပ်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ် မေ ၄ ရက်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပေမယ့် ဥပဒေကို အပြည့်အဝ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုနေသေးပြီး ဆေးလိပ်နဲ့ ဆေးရွက်ကြီးထိန်းချုပ်ရေးမှာ အခက်အခဲ၊ အဟန့်အတားတွေ တွေ့ရှိနိုင်ပါတယ်။ သုတေသနလေ့လာစမ်းသပ်ချက်တွေအရ ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်းတွေဟာ လူတွေရဲ့ကျန်းမာရေးကို အန္တရာယ်ဖြစ်စေပြီး ဆိုးရွားတဲ့ရောဂါတွေ၊ ကိုယ်အင်္ဂါမသန်စွမ်းတာတွေအပြင် အရွယ်မတိုင်ခင် အသက်ဆုံးရှုံးရတာတွေရှိတယ်လို့ သိရပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးက ပြောသည်။

မျိုးဝင်းထွန်း(မုံရွာ)

ဟိုပုံးမြို့နယ် ထမ်းစမ်းရွာ၌ ဟိုပုံးကိုရင်လေးတည်ထားလျက်ရှိနေသော မြင့်မိုရ်တောင်ဘုရား၌ မေ ၃ ရက် ညနေပိုင်းက ဘုရားတည်၊ ကျောင်းဆောက်ရာတွင် မိမိတို့အသိစိတ်ဖြင့် လုပ်အားဒါနကို လာရောက်ကူညီဆောင်ရွက်ပေးနေသော ပအိုဝ်းတိုင်းရင်းသားများ၏ ချစ်စရာဓလေ့အဖြစ် အတုယူလေးစားဖွယ်မြင်ကွင်းအား တွေ့ရစဉ်။
(ငွေအောင်)

လယ်ယာလုပ်ငန်းခွင် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရေး ထွန်၊ ထယ်၊ ရိတ်သိမ်းခြွေလှေ့စက် ဝန်ဆောင်ခများလျှော့ချပေးမည်

နေပြည်တော် မေ ၅
နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် စီမံချက်များ ရေးဆွဲချမှတ်ပြီး ရက်(၁၀၀)အတွင်း သိသာထင်ရှားစွာ ထိထိရောက်ရောက် အကောင်အထည်ဖော်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရန်အတွက် ထွန်ယက်ခြင်း၊ ထယ်ထိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့စက် ဝန်ဆောင်မှုပေးခြင်းတို့အတွက် ဈေးနှုန်းများကို လျှော့ချသတ်မှတ်လိုက်ရာ ယခင်က ထွန်တစ်ဧက ကျပ် ၇၅၀၀ မှ ယခု ၆၅၀၀ ဖြင့်လည်းကောင်း။

ယခင်က ထယ်တစ်ဧက ကျပ် ၁၅၀၀၀ မှ ယခု ၁၃၀၀၀ ဖြင့်လည်းကောင်း၊ ယခင်က ရိတ်သိမ်းခြွေလှေ့စက် ဝန်ဆောင်ခ တစ်ဧကလျှင် ကျပ် ၄၀၀၀၀ မှ ယခု ၃၅၀၀၀ ဖြင့်လည်းကောင်း ဝန်ဆောင်ခများ အသီးသီး လျှော့ချဆောင်ရွက်ပေးမည်ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် နီးစပ်ရာ စက်မှုလယ်ယာဦးစီးဌာနရုံးများနှင့် စက်မှုလယ်ယာစခန်းများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

သင့်စီးပွားရေးလုပ်ငန်း အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကန့်ဘလူခရိုင်တွင် မပါဝင်လို၍ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်

ကျွန်းလှ မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့တွင် ယနေ့နံနက် ၈ နာရီက ဒေသခံပြည်သူများ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်စီတန်းလှည့်လည်ခဲ့ကြကြောင်း သိရသည်။

ယင်းသို့ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်မှုကို ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက် တပင်ရွှေထီးလမ်းနေ ဦးရွှေကျော်က ဦးဆောင်ကာ ဆန္ဒဖော်ထုတ်လိုက်ပါသူ အင်အား ၁၉၇ ဦး ခန့်ရှိပြီး မြို့နယ်မှ ပြည်သူများပါဝင်ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ကြသော ပြည်သူများသည် သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၏ရှေ့တွင် စုဝေးပြီး စတင်ထွက်ခွာခဲ့ကြရာ ရာဇဓိရာဇ်လမ်း၊ ဘုရင့်နောင်လမ်း၊ အောင်ဇေယျလမ်း၊ ဗန္ဓုလလမ်း၊ အနော်ရထာလမ်း၊ တပင်ရွှေထီးလမ်း စသည့် လမ်းများတစ်လျှောက် ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည်ခဲ့ကြပြီး သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၏ ရှေ့တွင် ငြိမ်းချမ်းစွာပြီးစီးသွားကြောင်း သိရသည်။

ယခုကဲ့သို့ ဆန္ဒဖော်ထုတ်စီတန်းလှည့်လည်ရခြင်းမှာ ကန့်ဘလူခရိုင်အတွင်း မပါဝင်လိုကြောင်း၊ ယခင်မူလအတိုင်း ရွှေဘိုခရိုင်အတွင်းသာ ဆက်လက် တည်ရှိလိုသောကြောင့် ဆန္ဒဖော်ထုတ်ရခြင်း ဖြစ်ကြောင်း စီတန်းလှည့်လည်ရာတွင် ပါဝင်သူတစ်ဦးက ပြောသည်။ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်နှစ်ခု ပါဝင်သော ခရိုင်အဆင့်မြှင့်တင်ဖွဲ့စည်းခြင်း ဖွင့်ပွဲအခမ်းအနားကို ပြီးခဲ့သည့် ဧပြီ ၂၇ ရက်က ကန့်ဘလူမြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ စီတန်းလှည့်လည်သည့်လမ်းတစ်လျှောက်၌ ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့က လုံခြုံရေး လိုက်ပါစောင့်ရှောက်ခဲ့ကြောင်း သိရသည်။ **ထိန်လင်း(iprd)**

ဝိုင်းမော်မြို့တွင် မိုင်းတစ်လုံး ပေါက်ကွဲ တစ်ဦးသေဆုံး၊ နှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရ

မြစ်ကြီးနား မေ ၅

ဝိုင်းမော်မြို့ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ အင်းလေးနှင့် နောင်စီပေါကြား ဆည်မြောင်းပေါင်အနီး မေ ၃ ရက် ည ၁၁ နာရီခန့်တွင် တယ်လီနောဆက်သွယ်ရေးကုမ္ပဏီမှ မြေတူးအလုပ်သမားများ နေထိုင်သည့်နေရာနှင့် ကိုက် ၁၀၀ ခန့်အကွာတွင် အလုပ်သမား သုံးဦး ဖုန်းပြောနေစဉ် ကျောက်ပန်းတောင်းမြို့ ဥယျာဉ်ကျေးရွာနေ မောင်ကျော်သူ အသက် (၁၈) နှစ်က မိုင်းနင်းမိပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းထိသူတွင် ခြေထောက်နှစ်ဖက်စလုံး ဒူးခေါင်းအောက်ပြတ်၊ ယာဘက်လက်ကောက်ဝတ် ပြတ်ကာ၊ မျက်နှာနှင့် ရင်ဘတ်များတွင် မိုင်းစထိမှန်ဒဏ်ရာရ (စိုးရိမ်ရ)ပြီး ကျောက်ပန်းတောင်းမြို့ ဥယျာဉ်ရွာနေ မောင်အေးမင်း အသက်(၁၇)နှစ်တွင် ဝဲ၊ ယာ ခြေနှစ်ဖက်နှင့် မျက်နှာ၊ လည်ပင်း၊ ရင်ဘတ်များတွင် မိုင်းစထိမှန်ဒဏ်ရာရ (စိုးရိမ်ရ)နှင့် တစ်ရွာတည်းနေ မောင်မင်းမင်းထွန်း အသက်(၁၈) နှစ်တွင် မျက်နှာနှင့် ရင်ဘတ်တို့တွင် ဒဏ်ရာရရှိပြီး ဝိုင်းမော်ဆေးရုံတွင် ရောက်ရှိစဉ် သေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ နှစ်ဦးကိုလည်း မြစ်ကြီးနားဆေးရုံသို့ ဆေးဝါးကုသရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၁၄၀ ထပ်မံဖော်ဆောင်မည်

မုံရွာ မေ ၅

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်စီမံကိန်းအရ ကျေးရွာ ၁၄၀ တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးလက်ဒေသနေ ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးတာပါ၊ အိမ်ခြေ ၈၀ မပြည့်တဲ့ ကျေးရွာတွေရှိရင်လည်း ကျေးရွာ နှစ်ရွာပေါင်းပြီး ဆောင်ရွက်ပေးပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကျေးရွာမှာ ကော်မတီဖွဲ့စည်းတယ်။ ဖွဲ့စည်းပြီးတဲ့ ကော်မတီဝင်တွေကို သင်တန်းတွေပေးတယ်။ ကိုယ့်ကျေးရွာကို ကိုယ်တိုင်စီမံပြီး လုပ်ဆောင်သွားရမှာပါ"ဟု တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းကျော်ကျော်မျိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်စီမံကိန်းကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၄၄ ရွာတွင် တစ်ရွာလျှင်ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၃၂၀၀ သိန်းအား လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၃၄၉ ရွာသို့ ငွေကျပ် ၁၀၄၇၀၀ သိန်းအား လည်းကောင်း ထုတ်ချေးပေးပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၄၀ သို့ ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းသည် မွေးမြူရေးနှင့် မွေးမြူရေး အကောင်အထည်ဖော်နိုင်မှု၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်စိုက်ပျိုး၊ မွေးမြူရေး ဆောင်ရွက်ရန် အလားအလာရှိမှု၊ တရားဥပဒေစိုးမိုးခြင်း၊ ကျေးရွာသူကျေးရွာသားများ၏ စိတ်အားထက်သန်မှု၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှု၊ နယ်မြေ လုံခြုံတည်ငြိမ်အေးချမ်းမှု၊ အိမ်ခြေအနည်းဆုံး ၈၀ နှင့် အထက်ရှိသည့် ကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

(ဖိုးချမ်း-မုံရွာ) ■

စစ်ကိုင်းမြို့ သစ်အခြေခံစက်ရုံမှ ဆန္ဒပြအလုပ်သမားများ ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာသို့ ရောက်ရှိ

ဝမ်းတွင်း မေ ၅

စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် Myanmar Veneer & Plywood ကုမ္ပဏီ သစ်အခြေခံစက်ရုံမှ အလုပ်သမား ၇၀ ကျော်ပါရှိသော ဆန္ဒပြအလုပ်သမားများသည် မေ ၅ ရက် ညနေပိုင်းတွင် ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ၌ ခေတ္တရပ်နားလျက်ရှိကြောင်း သိရသည်။

ဆန္ဒပြအလုပ်သမားများသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် စက်ရုံရှေ့၌ စုဝေးပြီး စတင် စီတန်းလမ်းလျှောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံမှ အလုပ်သမားများက ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် အခြေခံလစာအပြင် ထုတ်လုပ်မှုကြေး၊ ကျွမ်းကျင်ကြေး၊ ရက်မှန်ကြေး စသည့် အခြားခံစားခွင့်များကို တောင်းဆိုခဲ့ကြရာမှ အလုပ်ရှင်နှင့် အလုပ်သမားတို့ ညှိနှိုင်းခဲ့ကြသော်လည်း ပြေလည်မှုမရရှိခဲ့ကြောင်း၊ သို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS) နှင့် စစ်ကိုင်းတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့တို့က ကြားဝင် ဖြေရှင်းပေးသော်လည်း ပြေလည်မှုမရရှိသဖြင့် ယခုကဲ့သို့ ဆန္ဒပြထွက်ခွာလာခြင်းဖြစ်ကြောင်း သိရသည်။

ဆန္ဒပြအလုပ်သမားများကို ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းတွင် စဉ့်ကိုင်မြို့သို့ ရောက်ရှိစဉ်နှင့် မေ ၃ ရက် မွန်းလွဲပိုင်းက မြစ်သားမြို့နယ် ခန္တီးလေးကျေးရွာသို့ ရောက်ရှိစဉ်တို့တွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က သွားရောက်တွေ့ဆုံ၍ အလုပ်သမားကိုယ်စားလှယ်အချို့အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခုံသမာဓိကောင်စီသို့ သွားရောက်တွေ့ဆုံရန်နှင့် ကျန်အလုပ်သမားများ စစ်ကိုင်းသို့ ပြန်ရန်၊ ခုံသမာဓိကောင်စီက ဆုံးဖြတ်ချက်ချမှတ်ပြီးလျှင်ပြီးချင်း အဆိုပါဆုံးဖြတ်ချက်ကို အလုပ်ရှင်နှင့်ညှိနှိုင်း၍ ဝိုင်းဝန်းကူညီအကောင်အထည်ဖော်ပေးမည်ဟု ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆန္ဒပြအလုပ်သမား ခေါင်းဆောင် ကိုခိုင်မင်းက "ဖေဖော်ဝါရီ ၂၄ ရက်က အလုပ်သမား ၁၆၁ ဦးကို လုပ်ငန်းခွင်ကနေ အလုပ်ထုတ်ပယ်ခဲ့တဲ့အပေါ် ဘာကြောင့် အလုပ်ထုတ်ပယ်ခဲ့တာလဲဆိုတာ ရှင်းလင်းချက် ကျွန်တော်တို့က တောင်းတယ်။ ဒါကို ရှင်းလင်းပေးခြင်း မရှိလို့ စက်ရုံထဲမှာ ရက် ၆၀ ကြာ ဆန္ဒထုတ်ဖော်ခဲ့တယ်။ ဒါကိုလည်း လုံလောက်တဲ့ ဖြေရှင်းပေးမှုမရှိလို့ အခုလို စစ်ကိုင်းကနေ ဧပြီ ၂၉ ရက်ကစပြီး လမ်းလျှောက်ဆန္ဒဖော်ထုတ်ထွက်ခွာလာတာပါ"ဟု ပြောပြသည်။

၎င်းတို့၏ တောင်းဆိုချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ညှိနှိုင်းဖြေရှင်းပေးမှသာ ပြေလည်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၏ တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းပေးမှုကို ၎င်းတို့အနေဖြင့် လေးစားလိုက်နာမည်ဖြစ်ကြောင်း ၎င်းတို့၏ သဘောထားထုတ်ပြန်ကြေညာချက်အမှတ် (၂/၂၀၁၆) တွင် ထည့်သွင်းဖော်ပြထားသည်။

မြို့နယ် (ပြန်/ဆက်)

ဆောင်းသီးနှံမတ်ပဲများ မကြုံစဖူးဈေးမြင့်လျက်ရှိသော်လည်း စိုက်ပျိုးထုတ်လုပ်သူ လယ်သမားများ ဈေးကောင်းမရရှိကြ

ဖြူး မေ ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် တောင်ငူခရိုင်အတွင်း မိုးစပါးစိုက်ဧကနှင့် ဆောင်းရာသီစိုက် ပဲမျိုးစုံကို အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိသော မြို့နယ်တစ်ခုဖြစ်ပြီး မိုးစပါးစိုက်ဧကတစ်သိန်းခွဲကျော်နှင့် ဈေးကွက်ဝင် မတ်ပဲစိုက်ဧကတစ်သိန်းကျော် နှစ်စဉ်စိုက်ပျိုးခဲ့ကြပြီး ဧပြီလ ဒုတိယပတ်အတွင်း မတ်ပဲများကို ရိတ်သိမ်းခြွေလှေ့ပြီးစီးခဲ့ကြ၍ အထွက်နှုန်းမှာလည်း ယခုနှစ်မိုးများခဲ့သဖြင့် မတ်ပဲခင်းများပိုးကျသဖြင့် အထွက်နှုန်းလျော့ကျကြောင်း သိရသည်။

ယခုနှစ်မတ်ပဲများ ဖြိုင်ဖြိုင်ပေါ်သည့် ဧပြီလထဲတွင် မတ်ပဲဈေးနှုန်းများမှာ ဈေးအေးလျက်ရှိပြီး မတ်ပဲတစ်တင်းခွဲ ပိဿာ ၃၀ တစ်အိတ်လျှင် ကျပ် ၄၅၀၀၀ နှုန်းသာဈေးရှိသည်။ လယ်သမားများမှာ စိုက်ပျိုးစရိတ်ကုန်ကျမှု ငွေကြေးများ ပေးဆပ်ရန်အတွက် တက်ဈေးကို မစောင့်နိုင်ကြဘဲ ပေါ်ဦးပေါ်ဖျား ပေါက်ဈေးဖြင့်သာ ရောင်းချခဲ့ကြရသဖြင့် ဈေးကောင်းမရရှိကြခြင်းဖြစ်သည်။

မတ်ပဲဈေးနှုန်းမှာ ထုတ်လုပ်သူလယ်သမား အများစုလက်ဝယ်တွင်မရှိကြတော့ဘဲ ဧပြီလသကြၤန်အပြီးတွင် ဈေးနှုန်းများ တရိတ်ရိတ်တက်လျက်ရှိရာ ယခုမေလဆန်းပိုင်းမှစ၍ တစ်တင်းခွဲပိဿာ ၃၀ ဝင် မတ်ပဲတစ်အိတ်လျှင် ကျပ် ၈၀၀၀၀ မှ ၈၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေကြသည်။

"ကျွန်တော်တို့ စိုက်ပျိုးထုတ်လုပ်သူ လယ်သမားအများစုက တက်ဈေးကို မစောင့်နိုင်ကြဘူး။ မတ်ပဲတစ်ဧက စိုက်ပျိုးဖိုး၊ မျိုးစေ့ဖိုး၊ မြေသြဇာ၊ အပင်အားဆေး၊ အသီးအားဆေး၊ ပိုးသတ်ဆေး စတာတွေက ကျပ်တစ်သိန်းလောက် အရင်းစိုက်ထုတ်ရပါတယ်။ ဒါတောင် ထွန်ခ၊ ယက်ခမပါသေးပါဘူး။

မတ်ပဲပေါ်တာနဲ့ ဈေးကောင်းမစောင့်နိုင်ကြဘဲ ပေါက်ဈေးနဲ့ ရောင်းချပြီး အတိုးနဲ့ချေးထားတဲ့ငွေကို ပြန်ဆပ်ကြရတော့ လယ်သမားအများစုမှာ လုံးချာလည်နေကြရပါတယ်"ဟု ဖြူးမြို့နယ် ကျားသောင်ကျေးရွာအုပ်စုမှ ဒေသခံ လယ်သမား ဦးစံမြက ပြောသည်။

(ဖြူးမြင့်ဦး)

ရုပ်မြင်သံကြားအစီအစဉ်များ

[၆ - ၅ - ၂၀၁၆ (သောကြာနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀	အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
၆း၁၀	ပြည်သူ့နီတိ "စေတနာရေစီးကမ်းပြို"
၆း၄၀	ကာတွန်းအစီအစဉ် "Borther Bear(2)" (Part-III)
၇း၁၀	နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သောပုစ္ဆာ" (အပိုင်း-၃၉)
၇း၅၀	နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၃၉)
၈း၃၀	တေးဂီတအစီအစဉ်
၈း၅၀	English Premier League (Review-III)
၉း၁၀	နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၃၀	မြန်မာ့ဗီဒီယိုဇာတ်လမ်း "မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍"

တစ်နေ့ (၆) နာရီစာ (၄)ကြိမ်ပြသပါမည်။

MWD

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၂၀	ဓမ္မပူဇာတေး
၆း၂၅	ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅	မျိုးချစ်တပ်မတော်
၆း၄၀	မှတ်တမ်း
၆း၅၀	မြန်မာသံစဉ်ချိုနားဝင်
၇း၂၀	မြန်မာပြည်တွင်ထုတ်လုပ်သည်
၇း၂၅	အမျိုးသားရေးတေးကဗျာ
၇း၃၀	သင့်အတွက်တစ်နေ့တာ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅	အမျိုးသားရေးတေးကဗျာ
၈း၁၀	စိုက်ပျိုးသုတ
၈း၂၅	DVD Hits
၈း၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၀	မြဝတီနေ့စဉ်သတင်း
၉း၂၀	သူနှင့်သူ၏သီချင်းများ
၄း၀၆	တစ်ပတ်အတွင်း စီးပွားရေးသတင်း
၄း၁၅	မျိုးချစ်တပ်မတော်
၄း၂၅	မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	ဇာတ်လမ်းတို
၄း၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀	လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅	အမျိုးသားရေးတေးကဗျာ
၆း၁၀	ရှုမောဖွယ်ရာရွှေရုပ်လွှာ
၆း၃၀	"ရှာ" ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၅၁) ဒါရိုက်တာ-မိုးဇော်ကို
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၂၈)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ သံစဉ်များနှင့်ကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် Lucky Door မြဝတီရုပ်မြင်သံကြားသတင်း တရားတော်

MRTV- 4

၅း၀၀	ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	"မြန်မာတို့ရဲ့ မင်္ဂလာ" တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒ မာလာဘိဝံသ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၃)
၇း၃၀	MRTV-4 သတင်း
၈း၀၀	"မင်္ဂလာပါ" The Morning Show
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၁)
၁၀း၁၅	ခေတ်သစ်ပျိုမေ
၁၁း၀၀	အနုပညာမိုးကောင်းကင်
၁၁း၂၀	Food&Decor
၁၁း၅၅	MRTV-4 Stage
၁၂း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၇၁)
၃း၄၅	Miss Myanmar World 2016
၄း၀၀	(၇၀)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဂုဏ်ပြုရုပ်သံဇာတ်လမ်း "191" (ဒုတိယပိုင်း)
၆း၁၀	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၄)
၇း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၈)
၈း၂၀	ရသစုံညွှန်းတမ်းများ
၈း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၂)
၉း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၇၂)
၉း၅၅	လူ့အရိပ်သုံးပါးနှင့် စည်းကမ်း (ဒုတိယပိုင်း)
၁၀း၅၀	MRTV-4 Stage
၁၁း၂၀	World of Knowledge (I Genius How Steve Jobs Changed The World)

mitv

07:26	Unique Pattern Of Myanma... A Trend Of Chin Traditional Dress)
07:56	Scented Buddha Images
08:26	Myanmar Traditional Instruments (MYANMA DRUM)
08:51	Temple Stalls
09:26	Irrawaddy Dolphin (Part-I)
09:41	Natural Lake: Fish Breeding Business
09:53	Creations of a Designer
10:26	Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
10:43	Amazing: Sayargyi Nyein Chan Aung
10:54	School for the Blind
07:26	Travelogue "To the coastal region (Myeik - Kawthoung)" (Part-1)
07:51	Wet Markets of Yangon: Thirimingalar Market
08:26	Creator Of Imagination
08:52	Ngapali Beach: Fishing Villages

UNHCR ၏ အထူးသံတမန်အဖြစ် ခန့်အပ်ခြင်းခံရသည့် အော်စကာဆုရှင် ကိတ်ဘလန်ချတ်

ဟောလိဝုဒ်ငွေကြယ်ပွင့် ကိတ်ဘလန်ချတ်က မေလ ၂ ရက် ရက်စွဲဖြင့် UNHCR ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးသံတမန်အဖြစ် ခန့်အပ်ခဲ့ခြင်းအပေါ် အထူးဂုဏ်ယူမိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"သြစတြေးလျမင်းသမီး ကိတ်ဟာ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး အကောင်းဆုံးလုပ်ပြနိုင်ခဲ့သူတစ်ဦးပါ။ သူဟာ ဆီးရီးယားဒုက္ခသည်မိသားစုဝင်တွေရဲ့ အရေးနဲ့ပတ်သက်ပြီး အကောင်းဆုံးလုပ်ဆောင်နိုင်ခဲ့ပါတယ်"ဟု ကုလသမဂ္ဂမှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

"ဒီလုပ်ငန်းမှာ ဆောင်ရွက်ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။ ဒုက္ခသည်အတွက် အိမ်ပြန်ရဖို့ဆိုတာ အသက်လောက်အရေးကြီးတဲ့အရာပါ။ အားလုံးဝိုင်းဝန်းကူညီဖြေရှင်းသင့်ပါတယ်"ဟု အော်စကာဆုရှင် မင်းသမီး ကိတ်ဘလန်ချတ်က ဆိုသည်။

ဆက်လက်ပြီး "မိခင်တစ်ယောက်ဖြစ်တဲ့ကျွန်မအနေနဲ့ပြောရရင် ကျွန်မရဲ့ကလေးတွေကို မေတ္တာတရားတွေနဲ့ လွှမ်းခြုံထားတဲ့နေရာမှာပဲ နေစေချင်တာပါ။ ဒီအတွက် အကောင်းမြင်ဝါဒတွေ ပိုရှိလာဖို့လည်းလိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဂါနာနိုင်ငံကိုယ်စားပြုအလှမယ် အာဖရိကအလှမယ်ရွေးချယ်ပွဲတွင် သရဖူဆောင်းနိုင်ခဲ့

ဧပြီလနောက်ဆုံးပတ်က ကျင်းပခဲ့သည့် အာဖရိကအလှမယ် ရွေးချယ်ပွဲတွင် ဂါနာနိုင်ငံကိုယ်စားပြုအလှမယ် Rebecca Asamoah က နောက်ဆုံးဆန်ခါတင် ၁၁ ယောက်ကို ကျော်လွန်ကာ သရဖူရယူဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည် အာဖရိကရှိ အမျိုးသမီးငယ်များ၏ စွမ်းရည်ပိုင်းဆိုင်ရာများကို မြှင့်တင်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြိုင်ပွဲစီစဉ်သူတစ်ဦးလည်းဖြစ်သည့် တောင်အာဖရိကမှ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်သူ နီယိုမာရှီရှီက ဆိုသည်။

"ဒါဟာ ပထမဆုံးသော အာဖရိကအလှမယ်ဆုရပြိုင်ပွဲဝင်တစ်ဦးပါ။ ဒီကနေတစ်ဆင့် အာဖရိကအကြောင်းကို ကမ္ဘာကသိအောင် လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အာဖရိကအတွက် ဂုဏ်ယူပါတယ်"ဟု ၎င်းကဆိုသည်။

ငါးနှစ်ကျော်ကြာမှ ပြန်လည်ကျင်းပခြင်းဖြစ်သည့် အဆိုပါပြိုင်ပွဲကို အခြားအလှမယ်ပြိုင်ပွဲများဖြစ်သည့် မယ်စကြာဝဠာနှင့် မယ်ကမ္ဘာပြိုင်ပွဲတို့ကို တုပထားခြင်းမရှိဘဲ အာဖရိကဓလေ့စရိုက်များဖြင့်သာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်၏ အာဖရိကအလှမယ်သရဖူရရှိပိုင်ဆိုင်ခဲ့သူ Rebecca က "အာဖရိကအတွက် လုပ်ပေးစရာတွေအများကြီးရှိပါသေးတယ်။ ရေ၊ ပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစတဲ့လုပ်ငန်းတွေပေါ့။ ဒါပေမယ့် ကျွန်မကတော့ လူငယ်တွေရဲ့စွမ်းရည်မြှင့်တင်မှုပိုင်းဆိုင်ရာတွေမှာ ပိုမိုဆောင်ရွက်ပေးချင်ပါတယ်"ဟု ၎င်း၏သဘောထားကို ပြောပြခဲ့သည်။

"ယခုပြိုင်ပွဲမှတစ်ဆင့် အောင်မြင်သွားသူပြိုင်ပွဲဝင်များမှနေပြီး အာဖရိကကို မြှင့်တင်သွားနိုင်မယ်လို့ မျှော်လင့်ရပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဖြိုးစန္ဒာမြင့် ရေးသားသည်

တရုတ်နိုင်ငံ၏ ရုံဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ရပ်တည်နေသည့် Book of Love အချစ်ဟာသဇာတ်မြူးကား

Book of Love အမည်ရှိ တရုတ်အချစ်ဟာသဇာတ်မြူးရုပ်ရှင်ဇာတ်ကားသည် စတင်ရုံတင်ပြသပြီး သုံးရက်အတွင်းမှာပင် ရုံဝင်ငွေ ယွမ်သန်း ၃၀၀ အထိ ဝင်ငွေရရှိခဲ့ကာ တရုတ်နိုင်ငံ၏ရုံဝင်ငွေအကောင်းဆုံး ဇာတ်ကားတစ်ကားအဖြစ် ရပ်တည်နေသည်။

Book of Love ဇာတ်ကားသည် ၂၀၁၃ ခုနှစ်က ထွက်ရှိခဲ့သည့် Finding Mr. Right ဇာတ်ကား၏ နောက်ဆက်တွဲဖြစ်ပြီး Finding Mr. Right ဇာတ်ကားမှ သရုပ်ဆောင်များ ပြန်လည်ပါဝင်လာကြောင်းလည်း သိရသည်။

အဆိုပါ Book of Love ဇာတ်ကားသည် တရုတ်နိုင်ငံတွင် လက်ရှိ လူကြိုက်များနေသည့် ဒစ်စနေးရုပ်ရှင်ထုတ်လုပ်ရေး၏ The Jungle Book ဇာတ်ကားကို ကျော်ဖြတ်ကာ ပျမ်းမျှအနေဖြင့် တစ်ရက်လျှင် ရုံဝင်ငွေ စုစုပေါင်း ယွမ်သန်း ၁၀၀ နှုန်းဖြင့် ဝင်ငွေအကောင်းဆုံးသော အချစ်ဟာသဇာတ်မြူးကားအဖြစ် စံချိန်တင်ရပ်တည်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ထို့ပြင် အဆိုပါ Book of Love ဇာတ်ကားသည် ရုပ်ရှင်ဝေဖန်သူများ၏ အပြုသဘောဝေဖန်ချက်များနှင့်အတူ ၂၀၁၃ ခုနှစ်က ထွက်ရှိခဲ့သည့် ဇာတ်ကားထက် လူကြိုက်ပိုများလျက်ရှိသည်။

"အချစ် ဇာတ်ကြောင်းချည်းသက်သက်မဟုတ်ဘဲ ဖျော်ဖြေရေးနဲ့ ပညာပေးတာတွေ ပါပါတယ်။ ဇာတ်အိမ် ခိုင်မာမှုလည်းရှိတဲ့အတွက် ဒီနှစ်ရဲ့ အကောင်းဆုံးသော အချစ်ဇာတ်ကားလို့တောင် ဆိုချင်ပါတယ်" ဟု ရုပ်ရှင်ချစ်ပရိသတ်များက မှတ်ချက်ပြုကြသည်။

ပွဲဦးထွက်ဇာတ်ကားဖြစ်သည့် Finding Mr. Right ဇာတ်ကား၏ ၂၀၁၃ ခုနှစ်တစ်နှစ်လုံးရုံတင်ပြသခဲ့သည့် ရုံဝင်ငွေသည် တရုတ်ယွမ်သန်း ၅၆၀ ရှိခဲ့ပြီး ယင်း၏နောက်ဆက်တွဲဖြစ်သည့် Book of Love က ဝင်ငွေစံချိန် ချိုးနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြကြောင်း သိရသည်။ ■

ရီးယဲလ်မက်ဒရစ် (၁၄)ကြိမ်မြောက် ဖိုင်နယ်ပွဲတက်လှမ်းနိုင်ခဲ့သော်လည်း မန်စီးတီးနည်းပြ ပယ်လီဂရီနီအတွက် နောက်ဆုံးအိပ်မက် ပျက်ပြယ်ခဲ့ရ

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့ မေ ၅ ရက် နံနက်ပိုင်းက ဘာနေဗျူး၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ချန်ပီယံလိဂ်ဖလားကို (၁၀)ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်း၏ အိမ်ကွင်း၌ ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်အောင် ကစားနိုင်ခဲ့ပြီး ဒုတိယအကျော့တွင် စီရိုနယ်လ်ဒိုပါဝင်လာမှုနှင့်အတူ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ဒုတိယအကျော့တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးကို တိုက်စစ်မှူး ဂါရတ်ဘေးလ်က သွင်းယူခဲ့ရာ မန်စီးတီးကစားသမား ဖာနန်ဒိုနှင့်ထိကာ လမ်းကြောင်းပြောင်းသွားခဲ့ပြီး ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းမှာမူ အဝေးကွင်းတွင် ဂိုးရရှိအောင်မစွမ်းဆောင်နိုင်ခဲ့ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် မန်စီးတီးအသင်းနည်းပြအဖြစ်မှ လမ်းခွဲရတော့မည့် နည်းပြ ပယ်လီဂရီနီအတွက် အသင်းမှမထွက်ခွာမီ နှစ်ခြိုက်စွာမက်လိုသည့် နောက်ဆုံးအိပ်မက်လည်းပျက်ပြယ်ခဲ့ရပြီ ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲအဖြစ် မေ ၂၈ ရက်တွင် အီတလီနိုင်ငံ မီလန်မြို့၏ ဆန်စီရိုကွင်းကြီး၌ မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် ၂၀၁၄ ခုနှစ် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင်လည်း ထိပ်တိုက်ဆုံတွေ့ခဲ့သည်။ အဆိုပါတွေ့ဆုံမှုတွင် ရီးယဲလ်မက်ဒရစ်အသင်းက နောက်ခံလူ ရာမို့စ်၏ သွင်းဂိုးကြောင့် အချိန်ပိုကစားခဲ့ရပြီး အချိန်ပိုကစားစဉ်အတွင်း ဂါရတ်ဘေးလ်၊ မာဆယ်လိုနှင့် စီရိုနယ်လ်ဒိုတို့၏ သွင်းဂိုးများ ရရှိခဲ့ကာ အက်သလက်တီကိုမက်ဒရစ်အသင်းကို လေးဂိုး-တစ်ဂိုးဆိုသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနိုင်ပွဲကြောင့် ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ဖလားကို (၁၀)ကြိမ်မြောက်ဆွတ်ခူးသည့် အသင်းအဖြစ် မှတ်တမ်းဝင်လာခဲ့ရသည်။ လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းသည် နောက်ဆုံးဗိုလ်လုပွဲသို့ (၁၄)ကြိမ်မြောက်အဖြစ်လည်း တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ယခင်က ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ (၁၃)ကြိမ်တက်လှမ်းခဲ့ရာတွင် သုံးကြိမ်သာ ရှုံးပွဲကြုံခဲ့ရပြီး (၁၀)ကြိမ်မှာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ထို့ကြောင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ နောက်ဆုံးတက်လှမ်းခဲ့သည့် ၂၀၁၄ ခုနှစ်ကကဲ့သို့ စွမ်းဆောင်ရည်ကောင်းများပြသကာ ချန်ပီယံလိဂ်ဆုဖလားကို(၁၁)ကြိမ်မြောက်ဆွတ်ခူးသွားနိုင်မည်လားဆိုတာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

ငွေကြယ်

ရီးယဲလ်မက်ဒရစ်အသင်းအား ရှုံးနေသဖြင့် မန်စီးတီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ် ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရခြင်းအတွက် နောင်တရစရာမရှိဟု ပယ်လီဂရီနီယုံကြည်

မေလွဲသင်း

မန်စီးတီးအနေဖြင့် ချန်ပီယံလိဂ် သမ္ဘာရှိသည့် ရီးယဲလ်မက်ဒရစ်အား ရှုံးနေသဖြင့် ဂိုးဖန်တီးမှုနှင့် ဂိုးပေါက်ခြိမ်းခြောက်မှု မည်မည်ရရ ဖန်တီးနိုင်မှုမရှိကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်ဟု ယခင် အင်္ဂလန်တောင်ပံတိုက်စစ်မှူး ခရစ္စဝပ်ဒဲလ်က ဝေဖန်ပြောကြားလိုက်သည်။

မန်စီးတီးအသင်းသည် ဂိုးကန်သွင်းမှု ငါးကြိမ်တွင် ဂိုးပေါက်တည့် ကန်သွင်းမှုတစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သဖြင့် ယင်းသို့ မန်စီးတီးအနေဖြင့် ပုံမှန်ကစားအားအောက် အရှိန်လျော့ကျသွားခြင်းမှာ ရီးယဲလ်မက်ဒရစ်အား အနည်းငယ် ကြောက်ရွံ့နေခြင်းကြောင့်သာ ဖြစ်ကြောင်း ဝပ်ဒဲလ်က သုံးသပ်ခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်သည် ချန်ပီယံလိဂ် သမိုင်းတွင် ၁၀ကြိမ်အထိ ချန်ပီယံဖြစ်ထားသော အအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းရေးထိုးထားနိုင်သည်။

ရီးယဲလ်အနေဖြင့် နှစ်ကျော့ပေါင်း သုံးဂိုးပြတ်၊ လေးဂိုးပြတ်လောက်ဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြေရှိသော်လည်း မန်စီးတီးဂိုးသမား ဂျိုးဟတ်လက်စွမ်းပြမှုကြောင့်သာ ရီးယဲလ်မက်ဒရစ်အား တစ်ဂိုးသာ ခွင့်ပြုခဲ့ရခြင်းဖြစ်ကြောင်းလည်း ဝပ်ဒဲလ်က ထောက်ပြခဲ့သည်။ မန်စီးတီးတိုက်စစ်မှူး အဂူရို၏ ကန်ချက်မှာ ဂိုးရရန်နီးစပ်ခဲ့သေးသော်လည်း အဂူရိုအား ရီးယဲလ်နောက်တန်းခံစစ်မှ အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သလို ကျန်မန်စီးကစားသမားများမှာလည်း ခြေစွမ်းပြသနိုင်ခဲ့ခြင်းမရှိကြပေ။

သို့သော် မန်စီးတီးနည်းပြ ပယ်လီဂရီနီက ရီးယဲလ်အား ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းအပေါ် မိမိအနေဖြင့် နောင်တရစရာ အကြောင်းမရှိကြောင်း၊ ရီးယဲလ်မက်ဒရစ်အသင်းမှာ ကံကောင်း၍သာ ဂိုးတစ်ဂိုးရရှိသွားခြင်းဖြစ်ပြီး အခွင့်အရေးများ ထိထိရောက်ရောက် ဖန်တီးနိုင်ခြင်းမရှိကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။ ရီးယဲလ်မက်ဒရစ်အသင်းရရှိခဲ့သော တစ်လုံးတည်းသော သွင်းဂိုးမှာ ဂါရတ်ဘေးလ် ဖြတ်တင်ဘောကို မန်စီးတီးကစားသမား ဖာနန်ဒိုခြေထောက်ဖြင့်ထိကာ ဂိုးဝင်သွားခြင်းဖြစ်သည်။

ရီးယဲလ်နည်းပြဇီဒန်းကမူ မန်စီးတီးအသင်းမှာလည်း ရီးယဲလ်အား ပွဲချိန်အစအဆုံး ခက်ခဲအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း ကာကွယ်ပြောကြားပေးခဲ့သည်။ မန်စီးတီးအသင်းသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီများတွင် အမြင့်ဆုံးအဆင့်အဖြစ် ၁၆ သင်း ရှုံးထွက်အဆင့်ထိသာ တက်ရောက်နိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ ပထမဦးဆုံးအကြိမ် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သောကြောင့် မန်စီးတီးအတွက် ထူးခြားသည့်ရာသီတစ်ခုပင်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့်မေ ၂၈ ရက်တွင် မြို့ခံပြိုင်ဘက် အက်သလက်တီကိုအသင်းနှင့် ဗိုလ်လုပွဲအဖြစ် အီတလီနိုင်ငံ မီလန်မြို့ ဆန်စီရိုကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မက်ဒရစ်မြို့ခံအသင်းနှစ်သင်းဖြစ်သည့် ရီးယဲလ်နှင့် အက်သလက်တီကိုတို့သည် ၂၀၁၄ ခုနှစ်ကလည်း ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့ကြသေးပြီး ရီးယဲလ်မက်ဒရစ်အသင်းက အချိန်ပိုမိနစ် ၃၀ တွင် သုံးဂိုးသွင်းကာ လေးဂိုး-တစ်ဂိုးရလဒ်ဖြင့် ချန်ပီယံလိဂ်ဖလားအား ဆွတ်ခူးနိုင်ခဲ့သည်။

ဒုတိယနေရာအတွက် နိုင်ပွဲရယူသွားမယ့် နာပိုလီ

စီးရီးအေ ရင်ခုန်သံ - ၃၇

စီးရီးအေပွဲစဉ် ၃၇ ကို မေ ၇၊ ၈၊ ၉ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာ စီးရီးအေပြိုင်ပွဲဟာ ချန်ပီယံအဖြေပေါ် ထွက်နေပြီဖြစ်ပေမယ့်လည်း ရိုးမားနဲ့ နာပိုလီတို့ရဲ့ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရယူနိုင်ဖို့ အားပြိုင်မှုက ကျန်နေသေးတာကြောင့်လည်း စိတ်ဝင်စားဖို့ကောင်းနေဆဲဖြစ်ပါတယ်။

အင်တာမီလန် - အမ်ပိုလီ — **ည ၁၀း၃၀ (၇-၅-၂၀၁၆)**

အမ်ပိုလီက တန်းမဆင်းရဖို့အတွက် သေချာသွားပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း အသင်းလိုက်အားစိုက်ကစားနိုင်မှုအပိုင်းမှာ လျော့နည်းလာနိုင်ပါတယ်။ အဝေးကွင်းပွဲတွေမှာလည်း ခြေကပိုမိုအားနည်းတတ်တာကြောင့် အင်တာမီလန်ရဲ့အိမ်ကွင်းအားကို တုံ့ပြန်နိုင်ဖို့အတွက် ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ အိမ်ကွင်းအားနဲ့ဖိအားပေးလာမယ့် အင်တာမီလန်ပဲအနိုင်ရမယ်။

ဘိုလော့နာ - အေစီမီလန် — **နံနက် ၁း၁၅ (၈-၅-၂၀၁၆)**

အေစီမီလန်ရဲ့လက်ရှိခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့်လည်း ဘိုလော့နာကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက အကျဘက်ရောက်နေသလို တိုက်စစ်ပိုင်းကအစ ဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ ဒါကြောင့် ဘိုလော့နာအိမ်ကွင်းဖြစ်ပေမယ့်လည်း အေစီမီလန်တို့ထင်သလောက်အခက်တွေ့နိုင်ခြေမရှိနိုင်ပါဘူး။ အေစီမီလန်က အသင်းလိုက်စုဖွဲ့မှုလည်း ပိုကောင်းနေတာကြောင့် အေစီမီလန်ပဲအနိုင်ရမယ်။ ဂိုးပြတ်ဖို့တော့ ခက်မယ်။

ရိုးမား - ချီယေဗို — **ညနေ ၅း၀၀ (၈-၅-၂၀၁၆)**

ရိုးမားကချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရယူနိုင်ဖို့အတွက် မျှော်လင့်ချက်ရှိနေတာကြောင့် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို ခြေကလည်းကောင်းမွန်နေပါတယ်။ အခုပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့် ရိုးမားတို့နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ချီယေဗိုကတော့ တန်းတင်ကျန်ရစ်ခဲ့ပြီဖြစ်သလို အခြားမျှော်လင့်ချက်လည်းမရှိတော့ကြောင့် အသင်းလိုက်ရုန်းကန်အားက ကျဆင်းလာနိုင်ပါတယ်။ ရိုးမားတို့အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်မှာ သေချာနေပါတယ်။

ဆမ်ဒိုးရီးယား - ဂျီနိုအာ — **ည ၇း၃၀(၈-၅-၂၀၁၆)**

ဂျီနိုအာက တန်းတင်ကျန်ရစ်ဖို့သေချာနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ရုန်းကန်ကစားနိုင်မှုလျော့နည်းလာနိုင်ကာ လက်ရှိအချိန်မှာလည်း ခြေစွမ်းပိုင်းထင်သလောက်တည်ငြိမ်မှုမရှိပါဘူး။ ဆမ်ဒိုးရီးယားကတော့ လက်ရှိခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေသလို အိမ်ကွင်းအားလည်းရှိနေကာ အိမ်ကွင်းပွဲတွေမှာလည်း ခြေကပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဆမ်ဒိုးရီးယားတို့ကပ်နိုင်မယ်။

ကာပီ - လာဇီယို — **ည ၇း၃၀ (၈-၅-၂၀၁၆)**

လာဇီယိုက ဥရောပဝင်ခွင့်ရယူနိုင်ဖို့ အခွင့်အရေးအင်မတန်နည်းပါးနေခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အသင်းလိုက်ရုန်းကန်အားကလည်း သာမန်သာရှိတော့သလို ဒီပွဲစဉ်မှာလည်းအားစိုက်လာနိုင်ဖို့ခက်ခဲနိုင်ပါတယ်။ လက်ရှိအချိန်မှာလည်း လာဇီယိုခြေက အားနည်းမှုတွေရှိနေကာ ခံစစ်ပိုင်းတည်ငြိမ်မှုမရှိပါဘူး။ ကာပီကတော့ တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ လာဇီယိုနိုင်ရင်တောင် ဂိုးပြတ်ဖို့ခက်ခဲလွန်းပါတယ်။

ဖီအိုရင်တီးနား - ပါလာမို — **ည ၇း၃၀ (၈-၅-၂၀၁၆)**

ဖီအိုရင်တီးနားခြေက အခုနောက်ပိုင်းပွဲတွေမှာ တောက်လျှောက်ကျဆင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်မှာလည်း ချီယေဗိုကို သရေသာကစားနိုင်ခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာလည်း တစ်ပွဲသာအနိုင်ရရှိခဲ့ပါတယ်။ ပါလာမိုကတော့ တန်းမဆင်းရဖို့အတွက် နောက်ဆုံးအချိန်အထိ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့် ဖီအိုရင်တီးနား နိုင်ရင်တောင်မပြတ်သားနိုင်ပါဘူး။

ဖရိုစီနိုနီ - ဆာစူအိုလို — **ည ၇း၃၀ (၈-၅-၂၀၁၆)**

ဖရိုစီနိုနီဟာတန်းမဆင်းရဖို့အတွက်အားစိုက်ကစားနေပါတယ်။ လက်ရှိအချိန်မှာ ဖရိုစီနိုနီဟာ ခြေစွမ်းပိုင်းကအားနည်းမှုတွေ ရှိနေပေမယ့်လည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် ပိုမိုအားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်းဆာစူအိုလိုကလည်းခြေစွမ်းပိုင်းကောင်းမွန်နေတာကြောင့် ဖရိုစီနိုနီတို့ ဒီပွဲမှာလွယ်လွယ်ကူကူ နိုင်ပွဲမရနိုင်ပါဘူး။ အိမ်ကွင်းဖြစ်ပေမယ့်လည်း ဒီပွဲမှာ ဖရိုစီနိုနီတို့အမြင့်ဆုံးသရေလောက်ပဲကစားနိုင်မှာသေချာတယ်။

အတ္တလန္တာ - အူဒီးနီးစ် — **ည ၇း၃၀ (၈-၅-၂၀၁၆)**

အတ္တလန္တာခြေက အခုနောက်ပိုင်းကောင်းမွန်နေပါတယ်။ အိမ်ကွင်းပွဲတွေမှာလည်းခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်တတ်တာကြောင့်လည်း ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ ပိုမိုအားစိုက်ကစားလာမှာ သေချာနေပါတယ်။ အူဒီးနီးစ်ကတော့ လက်ရှိအချိန်မှာခြေစွမ်းပိုင်းကအားနည်းမှုတွေများလွန်းနေသလို အဝေးကွင်းပွဲတွေမှာလည်း ခြေကပိုမိုကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်းအိမ်ကွင်းအားနဲ့ဖိအားပေးမယ့် အတ္တလန္တာပဲ အနိုင်ရသွားမှာပါ။

ဗီရိုနာ - ဂျူဗင်တပ် — **နံနက် ၁း၁၅ (၉-၅-၂၀၁၆)**

ဂျူဗင်တပ်ကချန်ပီယံဖြစ်သွားခဲ့ပြီဖြစ်ပေမယ့်လည်း နောက်ပိုင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းကကျဆင်းသွားမှုမရှိပါဘူး။ ဂျူဗင်တပ်အနေနဲ့ပွဲတိုင်းကိုအားစိုက်ကစားနေဆဲဖြစ်သလို အခုပွဲစဉ်မှာလည်း အဝေးကွင်းပွဲစဉ်ဖြစ်နေပေမယ့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ တန်းဆင်းရဖို့သေချာနေတဲ့ ဗီရိုနာကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေများနေတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့် ဂျူဗင်တပ်ကိုထိန်းချုပ်နိုင်ဖို့ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ အဝေးကွင်းမှာဂျူဗင်တပ်ကသာ ခြေစွမ်းအသာနဲ့ကစားနိုင်ဖို့ရှိနေသလို နိုင်ပွဲလည်းရယူသွားနိုင်ဖို့ ရှိနေပါတယ်။

တိုရီနို - နာပိုလီ — **နံနက် ၁း၁၅ (၉-၅-၂၀၁၆)**

နာပိုလီဟာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရယူနိုင်ရေးအတွက် ဒုတိယနေရာရရှိဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ နာပိုလီရဲ့ခြေကလည်း ကောင်းမွန်မှုရှိနေတယ်လို့ဆိုနိုင်ပါတယ်။ တိုရီနိုကတော့ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းအားသာချက်လည်းရှိနေတယ်ဆိုပေမယ့် အားစိုက်ကစားနိုင်မှုမှာတော့ နာပိုလီရဲ့ ရုန်းကန်အားကိုမမီပါဘူး။ ဒါကြောင့်လည်း တိုရီနိုတို့အိမ်ကွင်းဖြစ်နေပေမယ့်လည်း နာပိုလီကသာကပ်နိုင်သွားဖို့ရှိနေပါတယ်။ ဂိုးပြတ်ဖို့တော့ခက်ခဲနိုင်တာကို သတိပြုရမှာပါ။ **[ရှိုင်းမင်းမင်း]**

မြင်းမူမြို့၌ ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိ

မြင်းမူ မေ ၅
မြင်းမူမြို့အနောက်ဘက် မြို့ရှောင်လမ်းဆုံ မန္တလေး-မြင်းမူ-မုံရွာကားလမ်း မိုင်တိုင်(၅၀/၀)နှင့် (၅၀/၂)ကြားတွင် မန္တလေးဘက်မှ ဂန့်ဂေါမြို့နယ် ဆိုင်ဒူကျေးရွာနေ ဝင်းလှိုင်(၂၂)နှစ် မောင်းနှင်ပြီး ဘေးတွင် စန်းမင်း(၂၄)နှစ်လိုက်ပါလာသော MDY-4I/----- ကင်ဒါကိုရီးယားပုံပြောင်း အဖြူရောင်ယာဉ်သည် မြို့ရှောင်လမ်းအတိုင်းမောင်းနှင်ပြီး လမ်းဆုံအရောက်ကွေ့စဉ် မျက်နှာချင်းဆိုင်မှလာသော ပုသိမ်မြို့နေ ဦးတင့်လွင်(၅၀)နှစ်မောင်းနှင်ပြီး သံဃာနှစ်ပါး၊ အမျိုးသမီးနှစ်ဦး လိုက်ပါလာသည့် YGN-9A/----- SURF ခဲပြာရောင်ယာဉ်နှင့် အရှိန်မထိန်းနိုင်ဘဲတိုက်မိသဖြင့် SURF ခဲပြာရောင်ယာဉ်မှာ တိုက်မိသည့်အရှိန်ကြောင့် နှစ်ပတ်သုံးပတ်လည်ပြီး ပက်လက်လန်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါသူငါးဦးတို့တွင်ဒဏ်ရာအသီးသီးရရှိခဲ့သဖြင့် မြင်းမူမြို့ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းယာဉ်များဖြင့် မြင်းမူပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်တိမ်းမှောက်မှုကြောင့် MDY-4I/----- ယာဉ်ပေါ်ပါသူများတွင် ဒဏ်ရာရရှိမှုမရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းလှိုင်နှင့်ဦးတင့်လွင်တို့အား မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၆၂၄)**

ရွှေထည်ပစ္စည်း ၂၃ ကျပ်သား ခိုးယူသူအား ဖမ်းဆီးအရေးယူ

နေပြည်တော် မေ ၅
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ ရွာမရပ်ကွက်နေ ဒေါ်ခင်ဝင်းလှိုင်(၆၇)နှစ်သည် နေအိမ်၌ရှိနေစဉ် အမျိုးသမီးတစ်ဦး(လူမြင်မှတ်မိ)က အပေါင်ဆုံး ရွှေဆွဲကြိုးများဝယ်လိုကြောင်းပြောသဖြင့် ဗီရိုအတွင်းထားရှိသည့် အိတ်အတွင်းမှ မေ ၂ ရက် နံနက် ၁၁ နာရီခန့်က ရွှေဆွဲကြိုးများအားထုတ်ယူပြသခဲ့ရာ ကြည့်ရှုခဲ့ပြီးနောက် ၎င်းမှ ခင်ပွန်းဖြစ်သူထံတွင် ငွေများသွားရောက်ယူဆောင်မည်ဟုပြောကာပြန်လည်ထွက်သွားသဖြင့် ပစ္စည်းများအား အိမ်ခေါင်းရင်းခန်းရှိ ကျွန်းသေတ္တာအတွင်းထည့်သိမ်းပြီး နေအိမ်နောက်ခန်းအတွင်း၌ ခင်ပွန်းဖြစ်သူနှင့်အတူ ထမင်းစားခဲ့သည်။

နာရီဝက်ခန့်အကြာ ငွေလာရောက်ချေးငှားသူတစ်ဦး ရောက်ရှိလာသောကြောင့် ငွေထုတ်ပေးရန် အိမ်ခေါင်းရင်းခန်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၂၃ ကျပ်သားခန့် ထည့်ထားသော ကျွန်းသေတ္တာအားကြည့်ရာ ပျောက်ဆုံးနေသဖြင့် ခိုးယူသူကို အရေးယူပေးရန် တိုင်တန်းရာ နတ်တလင်းမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

နတ်တလင်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက ခိုးယူသွားသူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းမှုများပြုလုပ်ခဲ့ရာ မသင်္ကာသူ တာပွန်မြို့ ရွှေကျွန်းတော ရပ်ကွက်နေ ခင်မာဦး(ခ)မီးမီး(၃၉)နှစ်၏ နေအိမ်သို့ တရားလို ဒေါ်ခင်ဝင်းလှိုင်နှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းသည် ဒေါ်ခင်ဝင်းလှိုင်၏နေအိမ်သို့ အပေါင်ဆုံးပစ္စည်းများဝယ်ယူရန်ရောက်ရှိခဲ့ကြောင်း၊ ရွှေထည်ပစ္စည်းများအား ကြည့်ပြီးနောက် ခင်ပွန်းဖြစ်သူထံ ပိုက်ဆံပြန်ယူမည်ဟုဆိုကာ ပြန်လည်ထွက်လာခဲ့ကြောင်း၊ နေအိမ်အပြင်ဘက်မှ အခြေအနေကြည့်ကာ ဖွင့်ထားသည့်ခြံဝင်းတံခါးမှဝင်ရောက်ပြီး နေအိမ်သံတံခါးကိုဖွင့်ကာ ရွှေထည်ပစ္စည်းများထည့်ထားသော သေတ္တာအားခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံရွှေထည်ပစ္စည်း ၂၃ ကျပ်သားအား ပြန်လည်သိမ်းဆည်းကာ ခင်မာဦး(ခ)မီးမီးအား အမှုဖြင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

မအေးမော်၊ ဝင်းစိန်နှင့် သိန်းစိုးတို့အား သိမ်းဆည်းရမိမူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများနှင့် အတူတွေ့ရစဉ်။

ကျွန်းစုမြို့နယ်၌ ဖြစ်ပွားခဲ့သော လှေနစ်မြုပ်မှုကြောင့် ပျောက်ဆုံးသူနှစ်ဦးအနက် တစ်ဦးကိုသေဆုံးလျက်ပြန်လည်တွေ့ရှိ

ကျွန်းစု မေ ၅
ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု တာရပိုင်းကျေးရွာအနီး သစ်ခေါက်တောင်အရှေ့ရေပြင်တွင် ဧပြီ ၃၀ ရက် ညနေ ၆ နာရီခန့်က လှိုင်းကြီး၍ လှေတစ်စင်းနစ်မြုပ်ရာမှ လူသုံးဦးတွင် တစ်ဦးသာတွေ့ရှိပြီး နှစ်ဦးပျောက်ဆုံးနေ၍ လိုက်လံရှာဖွေလျက်ရှိကြရာ မေ ၄ ရက် နံနက် ၈ နာရီခွဲခန့်တွင် မကျည်းကျွန်းကျေးရွာ အနောက်ဘက်ရေပြင်တွင် သေဆုံးနေလျက် တစ်ဦးသာ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဧပြီ ၃၀ ရက် ညနေ ၆ နာရီခန့်တွင် တာရပိုင်းကျေးရွာနေ ဦးမောင်ဝင်း အသက်(၅၃)နှစ်သည် ၎င်းပိုင်ပုဇွန်ပိုက်လှေဖြင့် သားဖြစ်သူ မောင်ဖြိုး(၁၀)နှစ်နှင့် သမီးဖြစ်သူ ဆောင်းသဇင်ခြောက်နှစ်တို့လိုက်ပါကာ မကျည်းကျွန်းကျေးရွာသို့ သွားရောက်လည်ပတ်ပြီး တာရပိုင်းကျေးရွာသို့အပြန် သစ်ခေါက်တောင် အရှေ့ရေပြင်အရောက်၌ လှိုင်းကြီးသဖြင့် လှေနစ်မြုပ်သွားခဲ့ရာ မောင်ဖြိုးအား အနီးရှိ ကင်းမွန်မီးထွန်းစက်လှေတစ်စင်းမှ အသက်ရှင်လျက်ဆယ်ယူနိုင်ခဲ့ကြပြီး ဦးမောင်ဝင်းနှင့် ဆောင်းသဇင်တို့မှာ ပျောက်ဆုံးနေသဖြင့် တာဝန်ရှိသူများနှင့် ကျေးရွာသူကျေးရွာသားများက စက်လှေများဖြင့် လိုက်လံရှာဖွေကြရာ ဦးမောင်ဝင်း၏ သေဆုံးနေသည့် အလောင်းသာတွေ့ရှိခဲ့ပြီး ဆောင်းသဇင်အားရှာမတွေ့သေး၍ လိုက်လံရှာဖွေနေလျက်ရှိကြောင်း သိရသည်။ **ရန်နိုင်(ကျွန်းစုပြန်/ဆက်)**

လက်နက်၊ ဘိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၅
မူးယစ်တပ်ဖွဲ့စု (၄၆) မောင်တောနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ(၄)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက်က မောင်တောမြို့နယ် ဗောဓိကုန်းရဲကင်းစခန်းရှေ့ စစ်ဆေးရေးဂိတ်တွင် မစောစုပန် မောင်းနှင်ပြီး ကျော်ငြိမ်း၊ ညီညီနိုင်နှင့် ဇော်လင်းထူးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀၅ ပြားကိုလည်းကောင်း၊ အလားတူ ယင်းနေ့က ကျုံဒိုးမြို့နယ် ကျုံဘိုင်း ကျေးရွာအုပ်စု နိုင်ခလောင်ကျေးရွာနေဝင်းစိန်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဇနီး မအေးမော်နှင့် သိန်းစိုးတို့အား တွေ့ရပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၄၁၄ ပြား၊ နေအိမ်ရှေ့ နံရံဘေးမှ M-22 သေနတ်တစ်လက်၊ 9MM ပစ္စတိုသေနတ်တစ်လက်၊ တူမီးသေနတ်တစ်လက်၊ ကိုးလုံးကျည်သေနတ် တစ်လက်၊ လက်ပစ်ဗုံးတစ်လုံး၊ ကျည်မျိုးစုံ ၁၉၉ တောင့်၊ ကျည်အိမ်နှစ်ခု၊ ဆိုင်ကယ်တစ်စီး၊ မော်တော်ယာဉ်တစ်စီးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ တာချီလိတ်မြို့အထွက် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် အားမူ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်းသုံးကီလို၊ ဘိန်းဖြူ ၂၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀ ကိုလည်းကောင်း၊ အေးသာယာမြို့ ရပ်ကွက်(၃) နယ်မြေ(၄) အကွက်ကြီး(၃၇) ဝတ်ရည်စားသောက်ဆိုင်ကို ရှာဖွေရာ ဆိုင်ရှင် မယဉ်စန်းနှင့်အတူ သက်ပိုင်စိုးနှင့် ညီဖြိုးပိုင်အား တွေ့ရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၅ ပြားကိုလည်းကောင်း၊ မေ ၂ ရက်က ကျိုင်းတုံ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ရပ်ကွက်(၄) နောင်ခွန်ကျေးရွာဖြတ်လမ်း လမ်းဘေး ယာယီတဲရှေ့တွင် တွေ့ရှိသူ သိန်းအောင်နှင့် အားရီတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၁ ပြား၊ ဓားရှည်တစ်ချောင်းနှင့် ဆိုင်ကယ်လေးစီးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မသင်္ကာမှုဖြင့် ဖမ်းဆီးထားသူများအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုများ ထပ်မံဖော်ထုတ်နိုင်

နေပြည်တော် မေ ၅
မန္တလေးတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင်များသည် အမရပူရမြို့နယ် အမရပူရမြို့မရဲစခန်း(ပ)၁၂၁/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ အမှုမှမသင်္ကာသူ အောင်မြေသာစံမြို့နယ် (၁၉) လမ်းအနောက်ထိပ်နေ ဇော်မင်းထွန်း(ခ)ရှမ်းလေး(ခ)ကျော်ဟိန်း(၁၈)နှစ်နှင့် အောင်မြေသာစံမြို့နယ် အမှတ်(၄)နယ်မြေ ရဲစခန်း(ပ)၆၅/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ အမှုမှ မသင်္ကာသူ(၁၉) လမ်းအနောက်ထိပ်နေ ဖြိုးမောင်(၁၉)နှစ်တို့နှစ်ဦးအား မေ ၃ ရက် နံနက် ၁၀ နာရီခန့်တွင် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် မေ ၁ ရက် ညနေ ၃ နာရီခန့်က ပုသိမ်ကြီးမြို့နယ်အောင်ချမ်းသာရွာရှိနေအိမ်ခြံဝင်းတစ်ဝင်းအတွင်းရပ်ထားသော VANBO-125 အနက်ရောင်ဆိုင်ကယ်အား ခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံဆိုင်ကယ်အား သိမ်းဆည်းပြီး ဇော်မင်းထွန်း(ခ)ရှမ်းလေး(ခ) ကျော်ဟိန်းနှင့် ဖြိုးမောင်တို့အား ပုသိမ်ကြီးမြို့မရဲစခန်းက ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

ကန့်ကွက်နိုင်ကြောင်း

ပဲခူးတိုင်းဒေသကြီး ဥဿာမြို့သစ် ရပ်ကွက်ကြီး(၇) ဗိုလ်မင်းရောင်(၆)လမ်း၊ မြေကွက်ကြီးအမှတ် (၂)၊ အိမ်အမှတ် (၄၀၃/ခ) ဦးကျော်ကျော်ဦး အမည်ပေါက် ပါမစ်မြေအား ဒေါ်သီတာဦးမှ ဝယ်ယူခဲ့ပြီး ဒေါ်သီတာဦးထံမှ (၂၆-၁၁-၂၀၁၃) ရက်နေ့တွင် ကျွန်မ ဒေါ်တာတာဦးမှ နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ ယနေ့အချိန်ထိ လက်ဝယ်ထားရှိနေထိုင်ပိုင်ဆိုင်ခဲ့ပြီး ဒေါ်တာတာဦး ဂရန်အမည်ပေါက် လျှောက်ထားရန်အတွက် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်တာတာဦး(၇/ဖမန(နိုင်)၁၁၄၃၆၃)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၅

ရန်ကုန်(ရွှေဈေး) ၇၈၉၀၀၀ - ၇၉၀၀၀၀ မန္တလေး(ရွှေဈေး) ၇၈၉၀၀၀ - ၇၉၀၀၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၄၇၀/၅၀၀ ကျပ်၊	၅၁၀/၅၃၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၆၃၀/၆၅၀ ကျပ်၊	၇၃၀/၇၄၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၅၃၀/၅၅၀ ကျပ်၊	၆၀၀/၆၁၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၁၀/၅၄၀ ကျပ်၊	၅၆၀/၅၈၀ ကျပ်

ရန်ကုန် လက်ကားဈေး
ဒီဇယ် တစ်လီတာ ၄၃၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၇၇ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၁၇၀. ၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၃. ၅
(ဂ)	တရုတ်	တစ်ယွမ်	= ၁၈၀. ၁၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၃. ၂၇၇
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၁. ၈၁
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၇. ၅၆၀
(ဆ)	ဂျပန်	တစ်ရာယန်း	= ၁၀၉၂. ၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၁၀၀. ၂၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၂. ၆၅
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၈၆၀. ၇၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မြန်မာ–ထိုင်းနယ်စပ်တွင်တစ်နှစ်ပတ်လုံးအလုပ်သမား မှတ်ပုံတင်ခွင့် ပြုလုပ်ပေးရန်အဆိုသဘောတူညီမှုရရှိ

ကော့သောင်း မေ ၅
ထိုင်းနိုင်ငံတွင် မေ ၂ ရက်က ပြုလုပ်သည့် နိုင်ငံတော် ပြန်လည်ဖွဲ့စည်းထူထောင်ရေး ကောင်စီအစည်းအဝေး၌ ထိုင်းနယ်စပ်ဂိတ်များတွင် ရွှေ့ပြောင်းအလုပ်သမားများအတွက် တစ်နှစ်ပတ်လုံးနယ်စပ်ဖြတ်ကျော်ခွင့်မှတ်ပုံတင်ပြုလုပ်ပေးရန် အဆိုတင်သွင်းရာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားအပါအဝင် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများအား တရားဝင် ဥပဒေဘောင်ထဲက အလုပ်သမားအဖြစ်သို့ စီစဉ်ဆောင်ရွက်ပေးရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအား တစ်နှစ်ပတ်လုံး ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဝန်ဆောင်ခအနေဖြင့် တစ်ဦးလျှင် ဘတ်ငွေ ၃၀၀၀ ကုန်ကျမည်ဖြစ်ကြောင်း၊ ၎င်းအစီအစဉ်သည် ရွှေ့ပြောင်းအလုပ်သမားများ၏ အနာဂါတ်အတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း၊ အဆိုပါ အဆိုတင်သွင်းမှုကိုသဘောတူ၊ မတူ မဲခွဲဆုံးဖြတ်ရာတွင် သဘောတူမဲ ၁၆၇ မဲ၊ ကန့်ကွက်မဲ တစ်မဲနှင့် ကြားနေမဲ လေးမဲတို့ဖြင့် သဘောတူညီမှုရရှိခဲ့ပြီး ၎င်းအဆိုကို Cabinet ဝန်ကြီးများအဖွဲ့ထံ တင်ပြသွားမည်ဖြစ်ကြောင်း ထိုင်းသတင်းအေဂျင်စီမှ ဖော်ပြသည့် သတင်းအရ သိရသည်။ **ကျော်စိုး (ကော့သောင်းပြန်/ဆက်)**

အောင်လံမြို့နယ် အင်းကုန်းကျေးရွာအုပ်စု၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူစိုက်ပျိုးသော စက်မှုလယ်ယာအသွင်ပြောင်း ကောက်စိုက်စက်ဖြင့် စိုက်သည့် နွေစပါးဧက ၅၀ စိုက်ခင်း၊ ပန်းမတမြစ်ရေတင် GAP စံပြကွက်တွင် မျိုးကွဲပယ်ခြင်းနှင့် အချက်အလက်များ ကောက်ယူခြင်း လုပ်ငန်းအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသူများက မေ ၄ ရက် နံနက်ပိုင်းက လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- သိန်းလွင်(အောင်လံ)

စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲဆွေးနွေး

ရန်ကုန် မေ ၅
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစားသုံးသူရေးရာဦးစီးဌာနနှင့် တောင်ပိုင်းခရိုင်ဈေးများဌာနတို့ပူးပေါင်းကာ စားသုံးသူရေးရာဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး-ဦးမင်းသိန်း၊ ဦးစီးအရာရှိဒေါ်မြင့်မြင့်ချို ကျန်းမာရေးဝန်ကြီးဌာနအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာစုမွန်ချယ် တာမွေမြို့နယ်ကျောင်းကျန်းမာရေးဆရာဝန်ဒေါက်တာခင်စန်းရီ ဈေးများဌာနဌာနစုမှူးဒေါ်ခင်ခင်ကြည်တို့သည် မေ ၄ ရက် နံနက်က တာမွေမြို့နယ် ကျောက်မြောင်းဈေးသို့ လာရောက်၍ စားသုံးသူအကာအကွယ်ပေးရေးအကြောင်းများ ဟောပြောဆွေးနွေးခဲ့ကြသည်။ "အဓိကရည်ရွယ်ချက်ကတော့ စားသုံးသူတွေ ဘေးအန္တရာယ်ကင်းရှင်းတဲ့အစားအသောက်တွေစားသုံးနိုင်ဘို့ စားသုံးသူအခွင့်အရေးရရှိစေဖို့ လာရောက် ဟောပြောအသိပညာပေး ဆောင်ရွက်တာပါ၊ အရေးယူတာထက်ပညာပေးတာက ပိုထိရောက်မယ်လို့လဲထင်ပါတယ်၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းပေးထားသော်လည်း အားလုံးအသိစိတ်ရှိရှိနဲ့ ဝိုင်းဝန်းထိန်းသိမ်းမှသာ အောင်မြင်မှာဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းသိန်းက ရှင်းပြဆွေးနွေးသည်။

ယနေ့ခေတ်ကာလတွင် ဝိသမလောဘသမားများကြောင့် အစားအသောက်များတွင် နည်းမျိုးစုံဖြင့် အရောအနှောများ ဆိုးဆေးများ ဓါတုဆေးဝါးများနှင့် အတုပစ္စည်းများ ရောယှက်ကာ ရောင်းချနေကြသဖြင့် စားသုံးသူမိဘပြည်သူများအတွက်ကျန်းမာရေးဆိုးကျိုးများရရှိစေနိုင်သည့်အတွက်သက်ဆိုင်ရာဌာနများနှင့် မိဘပြည်သူများ ပူးပေါင်းကာ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးကော်မတီ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးစားသုံးသူရေးရာဦးစီးဌာန ဖုန်း-၀၁ ၃၇၅၀၅၈၊ ၀၁-၂၄၅၀၈၆၊ ၀၁-၂၅၀၂၇၀ များသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရှိရသည်။ **(၅၉၇)**

မကွေးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးခြင်းနှင့် စစ်ဆေးဆောင်ရွက်မှုများဆောင်ရွက်

မကွေး မေ ၅
ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း ပညာပေးစစ်ဆေးဆောင်ရွက်မှုများအား မကွေးမြို့ပေါ်တွင် မေ ၂ ရက်မှစတင်၍ တစ်ပတ်အတွင်း နေရာ ၁၂ နေရာ၌ ပုံမှန်စစ်ဆေးခြင်း၊ လှည့်လည်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများဖြင့် ပညာပေးစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုရဲမှူးအောင်ကျော်စိုးက ပြောသည်။

ယာဉ်စည်း၊ ကမ်းလမ်းစည်းကမ်းနှင့် ပတ်သက်၍ ပညာပေးစစ်ဆေးရာတွင် ဆိုင်ကယ်ပေါ်တွင် သုံးယောက်မစီးရ၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရမည်၊ လမ်းကို (ဂ)ငယ်ကွေ့မကွေ့ရစသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား ပညာပေးစစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရမည့် အကြောင်းများကို ရေးသားဖော်ပြထားသော ပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေခြင်းတို့ကို ပြုလုပ်နေကြောင်း သိရသည်။

မကွေးမြို့ပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ပညာပေးစစ်ဆေးမည့် နေရာများမှာ နတ်မောက်လမ်းနှင့် ဗိုလ်လမ်းဆုံ၊ နတ်မောက်လမ်းနှင့် မြို့ပတ်လမ်းဆုံ၊ ပြည်တော်သာလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ၊ ပြည်တော်သာလမ်းနှင့် သစ္စာလမ်းဆုံ၊ ပြည်တော်သာလမ်းနှင့် အဝေရာလမ်းဆုံ၊ ပြည်တော်သာလမ်းနှင့် မြို့ပတ်လမ်း၊ အ-ထ-က(၁) လမ်းနှင့် မြို့ပတ်လမ်းဆုံ၊ အ-ထ-က(၁)လမ်းနှင့် မေတ္တာဆုံ၊ အ-ထ-က (၁) လမ်းနှင့် သစ္စာလမ်းဆုံ၊ လမ်းငါးသွယ်အဝိုင်း ပတ်လမ်း၊ တောင်တွင်းလမ်းနှင့် အဝေရာလမ်းဆုံနေရာများအား ပုံမှန်စစ်ဆေးခြင်း၊ လှည့်လည်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ တစ်ပတ်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာပေးကာလများ ပြီးဆုံးပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေတွင် ပါရှိသည့်အတိုင်း အရေးယူမှုတွေ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒုရဲမှူးအောင်ကျော်စိုးက ပြောသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး စစ်ဆေးမှုတွင် နယ်မြေခံရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပညာပေးစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ပညာပေးစစ်ဆေးမည့် တစ်ပတ်အတွင်း နေ့စဉ်နံနက် ၈ နာရီမှ ၁၀ နာရီခွဲအထိ ဆောင်ရွက်ပြီး ညနေပိုင်းတွင် ညနေ ၄ နာရီမှ ၆ နာရီအထိ ပညာပေးစစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ **မိုး**

နွေရာသီအခမဲ့ကွန်ပျူတာအခြေခံသင်တန်းဖွင့်

နတ်မောက် မေ ၅
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် နွေရာသီအခမဲ့ ကွန်ပျူတာအခြေခံ သင်တန်းဖွင့်ပွဲကို မေ ၃ ရက် နံနက် ၇ နာရီခွဲက အမှတ်(၁) အ-ထ-က ကွန်ပျူတာခန်းမဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး နတ်မောက်မြို့ ကွန်ပျူတာနည်းပြဆရာဦးအောင်စောထွန်းက ကွန်ပျူတာသင်တန်း အခမဲ့ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ဆက်လက်၍ ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးကော်မတီက ဦးဆောင်၍ အလှူရှင်ဦးအေးသွင်က ကွန်ပျူတာသင်တန်းဖြစ်မြောက်ရေးအတွက် လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကွန်ပျူတာသင်တန်းတွင် နည်းပြဆရာလေးဦးက သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၄၀ တက်ရောက်ခဲ့ရာ သင်တန်းကာလ တစ်လကြာသင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

ကျေးရွာချင်းဆက် မြေသားလမ်းပေါ်ရှိတံတား အသစ်ပြန်လည်တည်ဆောက်

သာစည် မေ ၅
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ညောင်တို-သမန်းကန်-ပေါက်တောကျေးရွာတို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် မြေသားလမ်းမကြီးပေါ်ရှိ တံတားကြီးအား အသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်းသိရသည်။

ယမန်နှစ်က မိုးရေကြောင့် ပျက်စီးယိုယွင်းသွားသဖြင့် ကျေးလက်ပြည်သူများ သွားလာမှုတွင် အခက်အခဲဖြစ်နေမှုကြောင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၂၉ ရက်မှစတင်ပြီး အသစ်ပြန်လည်တည်ဆောက်ရန်အတွက် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကြီးမှာ ၂၀၁၅ ခုနှစ် မေ ၁၉ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် ချောင်းရေကြီးကာ ပြိုကျပျက်စီးခဲ့ခြင်းဖြစ်သည်။ ယခုပြန်လည်၍ အသစ်တည်ဆောက်မည့် တံတားကြီး၏ ပေအရှည်မှာ အလျား ပေ ၈၀ ရှိပြီး တံတားအကျယ်အဝန်းမှာ ၁၄ ပေရှိ၍ တံတားအမြင့်မှာ ၁၀ ပေရှိသည့် တံတားတစ်ခုဖြစ်ပြီး တံတားအမျိုးအစားမှာ အုတ်ခုံခံသံပေါင်ရက်မ သစ်သားတံတားဖြစ်သည်။

ထိုတံတားကြီးကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ် ၄၈ ဒသမ ၇၆ သန်း အကုန်အကျခံ၍ အသစ်ပြန်လည်တည်ဆောက်ခြင်း ဖြစ်သည်။

တံတားကြီးပြီးဆုံးသွားပါက ညောင်တို-ရုံးတော-ကြာကန်-သမန်းကန်- ပေါက်တောကျေးရွာတို့မှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့တွင် တိုးတက်မြင့်မားလာမည့်အပြင်ဒေသတွင်း စီးပွားရေးလုပ်ငန်းများတွင်လည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်းသိရသည်။ **မောင်ကို (သာစည်)**

မိုင်းဖြတ်မြို့နယ် အိုက်လုံကျေးရွာအုပ်စု ဟာကြားဒီပ(အောက်)ရွာရှိ မီးဘေးသင့်မိသားစုအား ထောက်ပံ့ငွေပေးအပ်လှူဒါန်း

မိုင်းဖြတ် မေ ၅
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် အိုက်လုံကျေးရွာအုပ်စု ဟာကြားဒီပ (အောက်) ရွာမှ မီးဘေးသင့် မိသားစုအား ထောက်ပံ့ငွေပေးအပ်လှူဒါန်းခြင်းကို မေ ၃ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်း၌ ပြုလုပ်ခဲ့သည်။

ယင်းသို့ ထောက်ပံ့ပေးရာတွင် လူမှုရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးဒေါ်အေးငြိမ်းစံက အိုက်လုံကျေးရွာအုပ်စု ဟာကြားဒီပ(အောက်)ရွာမှ မီးဘေးသင့် အိမ်ထောင်စုအား ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးပါ အစုံတစ်စုံနှင့် ငွေကျပ်ငါးသောင်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာမှ တာဝန်ရှိသူများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **ရှောလမွန်(ပြန်/ဆက်)**

ရက် ၁၀၀ အတွင်းဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှ မီဒီယာများအား ရှင်းလင်း

မုံရွာ မေ ၅

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုလျော့နည်းပြီး အပူချိန်များမြင့်တက်ကာ ရေရှားပါးသည့်အဖြစ်များ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါရာသီဥတုဖြစ်စဉ်များကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေရှားပါးသောကျေးရွာများသို့ ရေပေးဝေထောက်ပံ့မှုနှင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို မေ ၃ ရက် နံနက် ၈ နာရီက မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးဝင်းအတွင်း ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အယ်နီညိုဖြစ်စဉ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်နိုင်သော ကျေးရွာများသို့ လက်ရှိရေဖြန့်ဝေ ဆောင်ရွက်နေမှုအခြေအနေနှင့် ရက် ၁၀၀ အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြရာ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ သတင်းမီဒီယာအသီးသီးမှ မီဒီယာအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ကျေးရွာနှစ်ရွာတွင်မြေသား ရေလှောင်ကန်များတူးဖော်

ဝက်လက် မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်း နွေရာသီတွင် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရက် ၁၀၀ အတွင်း ကျေးရွာနှစ်ရွာတွင် မြေသားရေလှောင်ကန်များကို တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွမ်းမံရန်ပုံငွေကျပ် ၁ ဒသမ ၅ သန်းစီဖြင့် (၁၀၀ × ၁၀၀ × ၃) ပေရှိ မြေသားရေလှောင်ကန်တစ်ကန်ကို စမွန်းကျေးရွာတွင် မေ ၁ ရက်မှ စ၍တူးဖော်ခဲ့ရာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး နတ်ကုန်းကျေးရွာတွင်လည်း အဆိုပါ မြေသားရေလှောင်ကန်မျိုးတစ်ကန်ကို ရက် ၁၀၀ အတွင်း ဆက်လက်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆန်း၏ပြောကြားချက်အရ သိရသည်။ **နန်းမြင့်(ဝက်လက်)**

လေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက အိမ်မိုးသွပ်ပြားများ ထောက်ပံ့လှူဒါန်း

မုံရွာ မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ဧပြီလနောက်ဆုံးပတ်အတွင်းက မိုးသက်လေပြင်းနှင့် မိုးသီးများကျရောက်ခဲ့မှုကြောင့် မြို့ပေါ်နှင့် ရပ်ကွက် ကျေးရွာများရှိ လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုဖြစ်စဉ်များကြောင့် အဆောက်အအုံထိခိုက်ပျက်စီးမှုများ ပြန်လည်ပြင်ဆင်ဆောက်လုပ်နိုင်ရေးအတွက် မေ ၂ ရက် ညနေ ၄ နာရီအထိ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က သွပ်ချပ်ရေ ၅၀၀၀ ချပ်၊ ဟွန်ဒါ ဦးတင်မောင်က သွပ်ချပ်ရေ ၁၂၀၀၀ ချပ်၊ ရန်ကုန်မြို့မှ ATE ကုမ္ပဏီက သွပ်ချပ်ရေ ၁၀၀၀၀ ချပ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်များက သွပ်ချပ်ရေ ၈၂၈၃ ချပ် စုစုပေါင်း သွပ်ချပ်ရေ ၃၅၂၈၃ ချပ်၊ စေတနာရှင် အလှူရှင်များမှ စုပေါင်းလှူဒါန်းငွေ ၁၀၂၀၀၀၀ ကျပ်ကို လာရောက်ထောက်ပံ့ခဲ့ကြောင်း၊ ယခုလက်ခံရရှိသည့် အိမ်မိုးသွပ်များကို လေဘေးသင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်များ လှူဒါန်းထောက်ပံ့သည့် အိမ်မိုးသွပ်ချပ်ရေ ၃၅၂၈၃ ချပ်နှင့် အလှူငွေများအား ရွှေဘိုခရိုင်အတွင်းရှိ လေဘေးသင့် ကျေးရွာများရှိ ပြည်သူများထံ ရောက်ရှိရေး ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ငါန်းဇွန် မေ ၅

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ အမှတ်(၁)ရပ်ကွက် ရွှေငါးအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းဝင်းအတွင်း၌ မေ ၂ ရက် ညနေ ၅နာရီက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရီနှင့် ရွှေငါးအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးအေးကိုတို့က အသင်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် နှစ်ချုပ်စာရင်းအင်းများကို ရှင်းလင်းပြောကြားပြီး အသင်းဝင်များနှင့် ညှိနှိုင်းဆွေးနွေးသည်။ ဆက်လက်၍ ငါန်းဇွန်မြို့ အမှတ်(၁)ရပ်ကွက် မြိုင်သဇင်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းဝင်း၌ ညနေ ၅ နာရီ မိနစ် ၄၀ က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုဆောင်ရွက်

နွားထိုးကြီး မေ ၅

နွားထိုးကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ မီးဘေးသင့်အိမ်ထောင်စု ၁၅ စုအား မေ ၃ ရက် နံနက်က မြင်းခြံခရိုင် ရဲတပ်ဖွဲ့မိသားစုမှ သွပ်အချပ် ၅၀၊ နွားထိုးကြီးမြို့နယ် ရဲတပ်ဖွဲ့မိသားစုမှ ဓာတ်ဘူး ၁၅ လုံး၊ စတီးခွက် ၁၅ ခွက်ကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်ဦးစီးသော ရဲတပ်ဖွဲ့အရာရှိ အရာခံ၊ တပ်သားများက ရွာသစ်မီးလောင်ပြင်ကို သန့်ရှင်းရေးပြုလုပ်၍ ပြည်သူ့အကျိုးပြုဝန်ဆောင်မှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဒွေးမြင့်မောင်**

အုပ်ချုပ်ရေးမှူးများနှင့်စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်လှစ်

မိတ္ထီလာ မေ ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် အစိုးရသစ်သက်တမ်းကာလအတွင်း အုပ်ချုပ်ရေးကိစ္စများ လွယ်ကူအဆင်ပြေချောမွေ့စေရေး ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၆) ဖွင့်ပွဲကို မေ ၄ ရက်က ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစဝ်နေလင်းက အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များနှင့် သင်တန်းကာလအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအနေဖြင့် သင်တန်းစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာပြီး သင်တန်းပို့ချချက်များကို လေ့လာမှတ်သားကာ လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ရေးအတွက် ကြိုးစားသင်ယူကြရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်က ရှင်းလင်းမှာကြားခဲ့သည်။

ယင်းသင်တန်းအား မေ ၄ ရက်မှ မေ ၁၇ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖွဲ့စည်းပုံ၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ခေါင်းဆောင်မှုပညာ၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ ပြန်ကြားရေးနှင့် စာကြည့်တိုက် စသည့်ဘာသာရပ်များကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများက သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းသို့ ရပ်ကွက် ၁၄ ခု နှင့် ကျေးရွာအုပ်စု ၅၈ အုပ်စု မှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ စုစုပေါင်း ၁၁၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

သဘာဝဘေးဆိုင်ရာ ပြည်သူလူထုအသိပညာပေးဟောပြောပွဲ ဟားခါး၌ကျင်းပ

ဟားခါး မေ ၅

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော သဘာဝဘေးဆိုင်ရာ ပြည်သူလူထုအသိပညာပေး ဟောပြောပွဲကို မေ ၃ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချမ်ဟရဲနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်ဦးတို့က အမှာစကားပြောကြားကြပြီး သဘာဝဘေးဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသသည်။

ယင်းနောက် ဟားခါးမြို့နယ် မီးသတ်ဦးစီးမှူးဦးစာရုံမန်းက မီးဘေးနှင့်ပတ်သက်၍ ပြည်သူများ လိုက်နာသိရှိသင့်သည့် ဆောင်ရန်၊ ရှောင်ရန်၊ သတိပြုရမည့်အချက်များကို ပညာပေးဗီဒီယိုမှတ်တမ်းများဖြင့်လည်းကောင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးအောင်ရင်က မိုးလေဝသခန့်မှန်းချက်များကိုလည်းကောင်း ဟောပြောခဲ့ကြပြီး မီးဘေး၊ ငလျင်ဘေး၊ မြေပြိုဘေး၊ မုန်တိုင်းဘေးနှင့် မိုးကြိုးဘေး စသည့် အသိပညာပေးလက်ကမ်းစာစောင် ၅ မျိုးကို ဖြန့်ဝေခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

ဟားခါးခရိုင်(ပြန်/ဆက်)

ကော့သောင်းသူ၊ ကော့သောင်းသားများအသင်း ခရိုင်ဆေးရုံကြီးသို့ သောက်ရေသန့်များလှူဒါန်း

ကော့သောင်း မေ ၅

ကော့သောင်းမြို့နယ် ကော့သောင်းသူ၊ ကော့သောင်းသားများအသင်းက မေ ၃ ရက် နံနက်ပိုင်း က ခုတင် ၁၀၀ ခရိုင်ဆေးရုံကြီးသို့ သောက်ရေသန့်များလှူဒါန်းခဲ့သည်။အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် နိုင်ငံနှင့်အဝှမ်း မြို့ပြနှင့် ကျေးလက်ဒေသပြည်သူများ သောက်သုံးရေအခက်တွေ့လျက်ရှိရာ ကော့သောင်းသူ၊ ကော့သောင်းသားများအသင်းမှ စေတနာရှင်များ ပူးပေါင်းကာကော့သောင်းမြို့ ခုတင် ၁၀၀ ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ရေသန့်တစ်လီတာဝင်ဘူး ၆၀၀ ကျော်အားသွားရောက်လှူဒါန်းခဲ့သည်။ **ကျော်စိုး (ကော့သောင်း-ပြန်/ဆက်)**

သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)

ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်

ယခင်အပတ်မှအဆက်

ယူနန်ဘုံကျောင်း

အကွက် (၅၇၁) မှာ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ လမ်း ၃၀နှင့် ၃၂လမ်းကြား တည်ရှိသည်။ ပဒေသာဝင်း၊ ဒေါ်လှမင်းဝင်းဟူ၍ အသိများသည်။ ပဒေသာတန်းမှာ အပြင်ဘက် ရပ်ကွက်အတန်းများ ဖြစ်သည်။ ပဒေသာဝင်းထဲ၌ ဉက္ကာ ဇီဝမွှာရုံ၊ ပုဂ္ဂလိကဗုဒ္ဓတက္ကသိုလ်သင်တန်းမျှားဖွင့်လှစ်သင်ကြားရာ ဖြစ်သည်။ အကွက် (၅၇၀)မှာ လမ်း ၈၀ တရုတ်တန်းနှင့် ၈၁လမ်းကြား၊ ၃၁လမ်းကြားနှင့် ၃၂ လမ်းကြား တည်ရှိသည်။ ဝင်းတစ်ခုလုံး ကျယ်ဝန်းသော ယူနန်ဘုံကျောင်းဝင်းကြီးဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၁၉ ခုနှစ် (မန္တလေးမြို့တည်ရန် ပြင်ဆင်သည့်ကာလ)မှ စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။ (၃၁)ဦးပါ ဂေါပကအဖွဲ့ဖြင့် တည်ထောင်အုပ်ချုပ်သည်။ မင်္ဂလာအခမ်းအနားများ၊ ဧည့်ခံပွဲများပါ ကျင်းပလေ့ရှိသည်။

ဆေးရိုးဝင်း

အကွက် (၅၆၆) မှာ ၈၄လမ်းနှင့် ၈၃လမ်းကြား၊ ၃၂လမ်းနှင့် ၃၃လမ်းကြား တည်ရှိသည်။ အရှေ့ယပ်ဝင်းဟုလည်း ခေါ်တွင်သည်။ ဆေးရိုးဝင်းဟုလည်းခေါ်သည်။ မြောက်မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်သည် မဟာမုနိဘုရားကြီး မြောက်ဘက်ရပ်ကွက်များဖြစ်၏။ ရွှေဘုန်းရှိန်ရပ်ကွက်မှာ မန္တလေးရတနာပုံ ရပ်ကွက်များ အမည်ပေးစဉ်က သတ်မှတ်ခဲ့သည့်အမည်ဖြစ်ပြီး မဟာမုနိဘုရားကြီး ပတ်ဝန်းကျင်ဘုန်းကျက်သရေ မင်္ဂလာရှိစွာ မှည့်ခေါ်ထားခြင်းဖြစ်၏။ သို့ရာတွင် နောက်ပိုင်း၌ ရွှေဘုန်းရှိန်အမည်ထက် ရှမ်းပွဲရပ်အမည်က ဖုံးလွှမ်းသွားခဲ့၏။ ရွှေတုံးတံတား မင်္ဂလာချောင်းမှ တောင် ၄၅ လမ်း (ဗိုလ်ဗထူးလမ်း)နှင့် အရှေ့ ၈၁ လမ်းမှ အနောက်ဘက်ရွှေတစ်ချောင်းထိ ကျယ်ဝန်း၏။ ရပ်ကွက်ရုံးမှာ ဘုရားကြီးမြောက်စောင်းတန်းဟောင်း ဘုရားကြီးဈေးအတွင်း ၄၂ လမ်းအနီးရှိ စည်သာဓမ္မာရုံ မြင်းဝန်မင်းကြီးတိုက် မြောက်ဝန်းအဝိုင်းအတွင်းတည်ရှိ၏။ စည်သာဓမ္မာရုံမှာ ရှေးဟောင်းမံဘုရား ရုပ်ပွားတော်များရှိပြီး မြို့ဝန်မင်း ဦးခင်မောင်ပု၊ ဒေါ်ဆိုင်ကောင်းမှု ဓမ္မာရုံဖြစ်ကြောင်း ကမ္ပည်းတွေ့ရသည်။

လှေသင်းအတွင်းဝန်

သီပေါမင်းလက်ထက် လှေသင်းအတွင်းဝန် ဦးရွှေမောင်း၊ စလေမြို့စား မင်းကြီးသီရိမဟာဇေယျကျော်ထင်မှာ သီပေါမင်းလက်ထက် နန်းတွင်းရေး၌ ထင်ရှားထက်မြက်သူ ဝန်ကြီးဖြစ်၏။ သီပေါမင်း ပါတော်မမူမီ မန္တလေးသို့တက်လာသော နယ်ချဲ့များအား ခုခံတွန်းလှန်ရန် ဧရာဝတီမြစ်ကြောင်း မြင်းခြံ၌ တာဝန်ကျသော စစ်ကြောင်းရေတပ် ဗိုလ်ချုပ်ပင်ဖြစ်၏။ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်တွင် လူအင်အားမမျှသည်က တစ်ကြောင်း၊ ရွှေနန်းတော်မှ ဘုရင့်အမိန့်ကြောင့်တစ်ကြောင်း လက်နက်ချခဲ့ရသူဖြစ်သည်။ နယ်ချဲ့ခုခံရေးတွင် စုဖုရားလတ်၏ ဆန္ဒနှင့်ထပ်တူ စစ်တိုက်လိုသည့် ဝန်ကြီးဖြစ်၏။ ပါတော်မူဇာတ်လမ်းများ ရုပ်ရှင်များတွင် လှေသင်းအတွင်းဝန်၏ သတ္တိဗျတ္တိဟန်ကို တွေ့ကြရသည်။ လှေသင်းအတွင်းဝန်၏ ကုသိုလ်ကောင်းမှုများမှာ အများအပြားရှိသည်။

ကျောက်ထိုးရုံကွေ့

၄၂ လမ်း၊ ၈၄ လမ်းထောင့်မှာ ကျောက်ထိုးရုံကွေ့ဖြစ်သည်။ ကျောက်ထိုးရုံကွေ့အမည်တွင်နေခြင်းမှာ ကိုလိုနီခတ်က မန္တလေးမြို့တွင် ကျောက်ရောဂါ ကျရောက်ခဲ့သဖြင့် မြို့နေလူထုအား ကြပ်မတ်၍ ကျောက်ဆေးများ ထိုးနှံကာကွယ်ပေးခဲ့ရသည်။ ထိုနေရာ၌ ရပ်ကွက်သူကြီးတို့က ဦးစီးပြီး ကျောက်ဆေးထိုးရုံ ဖွင့်ထိုးပေးရသည့်နေရာဖြစ်၍ နောင်တွင် ကျောက်ထိုးရုံကွေ့ဟုတွင်နေသည်။ ထိုကျောက်ထိုးရုံကွေ့တွင် ယခင်က သစ်သားဇရပ်ဆောင်ကြီးရှိခဲ့ရာမှ ၁၃၁၄ ခုနှစ်တွင် ၎င်းရပ်ကွက်ရှိ ရွှေဘုန်းရှိန်ရပ်ကွက် မြို့မသူကြီးမင်း ဦးဘခက်၊ ဒေါ်လှမယ်တို့က အုတ်ဓမ္မာရုံကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။ မြို့မသူကြီး ဦးဘခက်၊ ဒေါ်လှမယ်၊ တူမ မမြရီ၊ ငွေဒါးဖိနပ်လုပ်ငန်း ကောင်းမှုဟူသော ကမ္ပည်းရေးထိုးထားသည်။ လှေတန်းလမ်းများနားတွင် ရပ်ကွက်လိုက်ဓမ္မာရုံများ ရှိကြသည်။ ၄၁ လမ်းမြောက်ဘက်တွင်လည်း ရှမ်းပွဲဓမ္မာရုံ တည်ရှိသည်။

သဘင်ရုံး

၄၂ လမ်းဝဲယာတွင် ထင်ရှားသည်များအနက် မဟာအောင်မြေမြို့နယ်နှင့် မန္တလေးသဘင်ရပ်ကွက် ကိုယ်စား

> **သီပေါမင်းလက်ထက် လှေသင်းအတွင်းဝန်ဦးရွှေမောင်း၊စလေမြို့စား မင်းကြီးသီရိမဟာဇေယျကျော်ထင်မှာသီပေါမင်းလက်ထက်နန်းတွင်းရေး၌ထင်ရှားထက်မြက်သူဝန်ကြီးဖြစ်၏။သီပေါမင်းပါတော်မမူမီမန္တလေးသို့ တက်လာသော နယ်ချဲ့များအား ခုခံတွန်းလှန်ရန် ဧရာဝတီမြစ်ကြောင်း မြင်းခြံ၌ တာဝန်ကျသော စစ်ကြောင်းရေတပ်ဗိုလ်ချုပ်ပင်ဖြစ်၏။**

လှေတန်းရပ်ကွက်များ

ရွှေဘုန်းရှိန်ရပ်ကွက်တွင် (၁၆)ရပ်ကွက်ပါဝင်သည်။ ရွှေတုံးတံတား မင်္ဂလာချောင်းအရှေ့အနောက် ရပ်ကွက်များတွင် လှေတပ်သားအမှုထမ်းများ နေရာချထားပေးရာ အရပ်ဖြစ်သည်။ အကွက် (၅၁၀)(က) မှာ ၈၄ လမ်း၊ ၈၅ လမ်းကြားဖြစ်သည်။ အကွက် (၅၁၃) (က)မှာ ၈၄ လမ်းကြားဖြစ်သည်။ လှေတန်းအနောက်ပြဖြစ်သည်။ ယင်းရပ်ကွက် ၄၂ လမ်းအတွင်း လှေသင်းဝန်နေထိုင်ရာ လှေသင်းဝန်ဦးမောင်မောင်၏ ဆွေစဉ်မျိုးဆက်များ ယခုတိုင်နေထိုင်ကြသည်။ အကွက် (၅၁၄) မှာ ၈၃ လမ်း၊ ၈၂ လမ်းကြားဖြစ်သည်။ လှေတန်း အလယ်ပြဖြစ်သည်။ အကွက် (၅၁၇) (က)မှာ ၈၁ လမ်းနှင့် ၈၂ လမ်းကြားဖြစ်သည်။ လှေတန်းအရှေ့ပြ ဖြစ်သည်။ မင်းစံလှတန်း၊ ရွှေတုံးလှေတန်းဟု မှတ်သားခေါ်ဝေါ်ကြပြီး ရွှေတုံးလှေတော်၊ မင်းစံလှတော်တို့မှာ မြန်မာမင်းလက်ထက် ထင်ရှားသော လှေတော်များဖြစ်သည်။

ပြုသဘင်အစည်းအရုံး တည်ရှိသည်။ လောကနတ်ခန်းမ အမည်ပေးထားပြီး အောက်ထပ်ခန်းမငှားရမ်းသည့်ဌာန ဖြစ်သည်။ ယခင်က သဘင်ကောင်စီရုံးအဖြစ် ထင်ရှားခဲ့သည်။ ရှမ်းပွဲရပ်ဟု အများကခေါ်ကြသည်။ ဤအရပ်မှ သဘင်အနုပညာရှင်များ ရှင်သန်ထွန်းပေါက်ခဲ့ရာ ဘူမိနက်သန်ဖြစ်သလို ထင်ရှားသော သဘင်ပညာရှင်များ၊ တေးရေးဆရာများလည်း ပေါ်ပေါက်ခဲ့သည်။ ဝိုင်အမ်ဘီ သခင်တင်မှာ ရှမ်းပွဲရပ်၌ မွေးဖွားခဲ့သူဟု မှတ်သားရပြီး မျိုးချစ်တေးပြုစာဆိုတစ်ဦးဖြစ်သည်။ မိုးကိုဒူးနဲ့ တိုက်မယ် သီချင်း၊ တို့ဗမာသီချင်းများကို ရေးဖွဲ့ခဲ့သူဖြစ်သည်။ ဆရာတင်သည် ထိုသီချင်းကို ၁၉၃၀ နှစ်က စပ်ဆိုခဲ့ပြီး ၁၉၃၀ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့က ရွှေတိဂုံဘုရား ရာဟုထောင့်တန်ဆောင်းတွင် တို့ဗမာသီချင်းကို သခင်တင်ကိုယ်တိုင် သီဆိုခဲ့သည်။ ရှမ်းပွဲရပ် (၄၅)လမ်းမြောက်ဘက် ရတနာမြသိန်းတန်ဘုရားအနီးတွင် ရွာစားစိန်ဗေဒါ၏ တေးရေးဆရာကြီး ဦးသက်တင်လည်း နေထိုင်သွားခဲ့ပြီး ၎င်းရပ်မှာပင် အသက် ၈၀ ကျော်၌ ကွယ်လွန်ခဲ့သည်။ ရှမ်းပွဲဆရာတင်(ကဗျာဘဏ်တိုက်စာအုပ်များ ပြုစုသူ)သည် တေးပြုစာဆိုအဖြစ်ဂီတသမိုင်းတွင် ထင်ရှားသူဖြစ်သည်။

ရှမ်းပွဲ

အကွက် (၈၃၇)မှာ (၄၂)လမ်း၊ (၄၃)လမ်းကြားနှင့် (၈၁)လမ်း၊ (၈၂)လမ်းကြားဖြစ်သည်။ ရှမ်းပွဲရပ်ဟု ခေါ်ဝေါ်ကြသည်။ ရှမ်းပွဲခေါ်ခြင်းမှာ ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်းမှ ရှမ်းတိုင်းရင်းသားများ မင်းတုန်းမင်း၊ သီပေါမင်းခေတ်ကလည်းက မဟာမုနိဘုရားကြီးသို့ လာရောက်ဖူးမြော်ကြရင်း ရှမ်းပြည်နယ်ထွက် ကုန်ပစ္စည်းများ၊ သနပ်ဖက်များ၊ လက်ဖက်ခြောက်များ တည်ခင်းရောင်းချကြရာအရပ် ဖြစ်သည်။ ယခုထိ ရှမ်းပွဲရပ်တွင် ရှမ်းဖက်ရိပ်သာနှင့် လက်ဖက်ခြောက်ရောင်းချခဲ့ရာ ပွဲရုံဝင်းကြီးများရှိသည်။

ရှမ်းပခုံးထမ်းရှမ်းပွဲ

မင်းတုန်းမင်းလက်ထက် ၁၈၇၂ခု ဩဂုတ် ၂ ရက် ၁၂၃၄ ခု ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့ထုတ် မြန်မာသတင်းစာတွင်လည်း ရှမ်းပွဲသတင်းခေါင်းစဉ်ဖြင့် (မျက်ပါးရပ် ရှမ်းပခုံးထမ်းပွဲကြီးကို ဖျက်သိမ်းကြောင်း) ခေါင်းစဉ်ဖြင့် ဖော်ပြရာတွင် "ကမ္ဘောဇတိုင်းကြီးက ကျရောက်သော ရှမ်းကုန်သည်ပခုံးထမ်းတို့မှာ ရှေးအထက် ကာရီက အပြည်ပြည်အလမ်းလမ်း ရောင်းခန်းဝယ်တာကိုထောက်၍ အပေါက်ပေါက်အဝဝ သွားလာကြသောကြောင့် ဘုန်းတော်ကြီးလှသောဘုရား အခွန်တော်လစ်လပ်ရှိသည်များကို ရှမ်းကုန်သည် ပခုံးထမ်းတို့ အလမ်းလမ်းအဝဝ မသွားမထွက်ရအောင် မြို့တော်မျက်ပါးရပ်တွင် ရှမ်းပခုံးထမ်းပွဲဝိုင်းကြီး တည်လုပ်တော်မူ၍ ကျရောက်သမျှကုန်တို့ကို လက်ခံသိမ်းယူ၍ ကုန်သည်တို့ အလိုရှိရာကုန်ကိုလည်း ထပ်ချေပေးတော်မူသည်။

ကုန်သည်တို့မဖြောင့်၊ ကုန်တော်ကိုတင်ယူပြီးလျှင် မိမိတို့ကုန်များကို သံလွင်တစ်ဖက်သို့ ကူးထွက်ရောင်းစားသောကြောင့် အကျိုးလစ်လပ်ဆုံးပါးလေသည်။ ၎င်းမျက်ပါးရပ် ရှမ်းပခုံးထမ်းပွဲတော်ကြီးကိုလည်း ယခု ဖျက်သိမ်းတော်မူကြောင်းများ ကြားသိရသည်" စသည်ဖြင့် ဖော်ပြပါရှိသည်ကိုထောက်၍ ရှမ်းပခုံးထမ်းကုန်သည်များ၏ရှမ်းပွဲသည် မျက်ပါးရပ်ထိ ကျယ်ပြန့်ခဲ့ကြောင်း သိသာသည်။ ရှမ်းပွဲရပ် ရှမ်းသနပ်ဖက်ရိပ်သာ (ဦးဘသာ၊ ဒေါ်စိန်ရင်)တို့မှာ ထင်ရှားသော ကုန်သည်ကြီးများဖြစ်သည်။ ၎င်းတို့ မိသားစုအလှူဒါနများကို လည်း တွေ့နိုင်သည်။

ရှမ်းပွဲဧည့်တန်း

အကွက် (၈၃၆) မှာရှမ်းပွဲသင်ပန်းကုန်းရပ်ဟု တွင်သည်။ သင်ပန်းကုန်းမှ လာရောက်အခြေပြုနေထိုင်သူများသဖြင့် အမည်တွင်နေခြင်းဖြစ်သည်။ အကွက် (၈၃၅)မှာ မြသိန်းတန်ဘုရားဓမ္မာရုံနှင့် တည်ရှိသည်။ ၈၁ လမ်း၊ ၄၅လမ်းထောင့်ဖြစ်ပြီး ရှမ်းပွဲဧည့်တန်းဟုလည်း ရှေးက ခေါ်ဝေါ်ခဲ့သည်။ ဧည့်တန်းမှာ မဟာမုနိဘုရားကြီး ပွဲတော်သို့ အနယ်နယ်မှ လာရောက်ကြသည့် တောင်ပေါ်ဒေသမှ ရှမ်း၊ပလောင်၊ ပဒေါင်၊ အင်းသား၊ ဝ၊ ကိုးကန့် စသည့် တိုင်းရင်းသားလူမျိုးများက မိသားစုလိုက် တပို့တွဲလ ဘုရားပွဲတော်တွင် ဘုရားဖူးလာရောက် လှူဒါန်းလေ့ရှိသည့်အတိုင်း ၎င်းနေရာများတွင် တည်းခိုနေထိုင်ကြရာ အတန်းဖြစ်ခဲ့၍ ဧည့်တန်းဟု ခေါ်ဝေါ် ခြင်းဖြစ်သည်။ ယင်းရပ်ကွက်၏ အနောက်ဘက်ရပ်ကွက်မှာ ရှမ်းပွဲ ကျောက်ကုန်းတန်းရပ်ဖြစ်သည်။ ကျောက်ကုန်သည်များ နေထိုင်ခဲ့သဖြင့် ကျောက်ကုန်းရပ်တွင်လျက်ရှိသည်။ ၄၅ လမ်း၊ ဗထူးလမ်းတွင်ရှေးက ခတ်ပုံတိုက်ကြီးများ အချို့ မရှိတော့ဘဲစတိုးဆိုင်များ၊ ကုန်ဆိုင်များဖြင့်စည်ကားလာသည်။

ဘုရားကြီးဈေး

အကွက် (၈၃၄)၊ (၈၃၃) မှာ ဘုရားကြီးဈေး တောင်မြောက်ဈေးတန်းဝဲယာအရပ်ဖြစ်သည်။ ဘုရားကြီးဈေးမှာ ၄၅ လမ်းနှင့် ၄၂ လမ်းအတွင်းဖြစ်သည်။ ရှေးက ညနေဈေးဖြစ်သော်လည်း ယခု တစ်နေကုန်ဈေးဖြစ်သည်။ အကွက် (၈၃၄) တွင်သံဖြူတန်းဖြစ်သည်။ ဘုရားကြီးဈေးတွင် ကထိန်တော်အသင်း ယနေ့ထက်တိုင် တည်ရှိပြီး နှစ်ပေါင်း ၈၀ကျော် လှူဒါန်းခဲ့ကြသည်။ ဘုရားကြီးဈေး ရပ်ကွက်ရုံးအနီးမှ ဆရာပုကျောင်းနှင့် ထင်ရှားသူများတွင် စာရေးဆရာတက္ကသိုလ် မောင်စောလွင်၊ ဒေါ်စိန်စိန်ရီတို့ မိသားစုနေထိုင်သည်။ သနပ်ဖက်၊ လက်ဖက်ခြောက်တိုက် ရှေးယခင်ကတည်းက တည်ရှိခဲ့သည်။ ရှမ်းပွဲမှ ဤတိုက်ကြီးများမှာ ရှေးအဆောက်အအုံလက်ရာများဖြစ်သည်။ ရှမ်းပွဲရပ်၌ အခြားထင်ရှားသူများအနက် ဦးမြချို မှန်စီရွှေချအနုပညာလုပ်ငန်း၊ ဦးသိန်းထွန်း ရွှေခြည်ဦး မြန်မာ့ရွှေချည်ထိုးလုပ်ငန်းနှင့်အငြိမ့်များ အနေဖြင့် ၄၃ လမ်း၊ ၈၁ လမ်း၊ ၈၂ လမ်းကြားတွင် ကိုစန်းတင်၊ ဌေးဌေးမြင့်တို့၏ လမင်းတရာအငြိမ့်တည်ရှိသည်။ ဘုရားကြီးဈေးတွင် ကွယ်လွန်သူ ကဗျာဆရာ နီမောင်တို့ ဇနီးမောင်နှံလည်း တစ်ချိန်က ဈေးထွက်ခဲ့ကြသည်။

မြင်းဝန်မင်းကြီးတိုက်

အကွက် (၈၃၀)မှာ ၈၃ လမ်း၊ ၈၄ လမ်းကြား၊ ၄၂ လမ်းတောင်ဘက် မြင်းဝန်တိုက်မြောက်ပေါက် ခဝါခြံရပ်ဖြစ်သည်။ ရှေးယခင်က ခဝါသည်များ နေထိုင်ခဲ့သဖြင့် ခဝါခြံရပ်တွင်ခဲ့သည်။ အကွက် (၈၃၁) မှာ မြင်းဝန်မင်းကြီးတိုက် အနောက်ပေါက် ၈၃ လမ်း၊ ၈၄ လမ်းနှင့် ၄၂ လမ်း၊ ၄၅ လမ်းကြားဖြစ်သည်။ ဒါန သုခဓမ္မာရုံ၊ ရတနာမင်းဆင်အဖွဲ့တို့ တည်ရှိသည်။ မြင်းဝန်မင်းကြီးတိုက်မှာ ၄၅ လမ်းမှ ၄၂ လမ်းထိ ကျယ်ဝန်းသော ကျောင်းတိုက်ကြီးဖြစ်သည်။ ရှေးယခင်က အမရပူရခေတ် ကောင်းစားစဉ်က ၃၅လမ်း အရိုးအိုးလေး ဘုရားထိ ကျယ်ဝန်းသည်ဟု အဆိုရှိသည်။

ဘိုးတော်ဘုရားလက်ထက် အက္ကပတ်မြင်းဝန် ဦးမြတ်ထင်သည် မဟာမုနိဘုရားကြီး ရုပ်ပွားတော်ကြီးအတွက် ဂန္ဓကုဋီတိုက် အုတ်ပြာသာဒ်တော်ကြီး တည်ဆောက်ရန် ၁၁၄၇ခုနှစ်က ပန္နက်ချချိန်နှင့်အတူ သူ၏ ကုသိုလ်မြင်းဝန်တိုက်ကိုလည်း တစ်နေ့တည်း ဝင်းတွေနှင့်တည်ခဲ့သော မင်းနေပြည်

ပန္နက်ချ တည်ဆောက်စေခဲ့သည်။ မြင်းဝန်မင်းကြီး တည်ဆောက်သဖြင့် မြင်းဝန်တိုက်ဟုတွင်သည်။ အက္ကပတ်မြင်းဝန်ဘွဲ့မှာ နေမျိုးကျော်ထင်စည်သူဖြစ်သည်။ မဟာမုနိဘုရားကြီး ပင့်ဆောင်စဉ်ကလည်း ပါဝင်ခဲ့သူဖြစ်သည်။ ကျောင်းပေါင်း ၃၆ ကျောင်းရှိသည်။ မှန်စီရွှေချကျောင်းကြီးများလည်း ရှိသည်။

မင်းတုန်းမင်းခေတ်၌ လက်ပံစဉ်မိဖုရားက မြင်းဝန်တိုက်အတွင်း ဘုံသုံးဆင့်စမြင်ခံကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။ မန္တလေးမြို့၏ ရှေးကျသော ကျောင်းတိုက်ကြီးတစ်ခုဖြစ်သည်။ ရှေးကျောင်းများ အများအပြား တွေ့ရသလို မြင်းဝန်မင်းကြီးတိုက်အတွင်း တနင်္ဂနွေထောင့်၌ ရှေးဟောင်းဘုရားဆူရေ ၄၀ ကျော်ခန့် ရှိသည်။ မြင်းဝန်တိုက်မှာ ယခင်က မင်္ဂလာမှန်ကင်းတိုက်ဟုလည်း တွင်ခဲ့သည်။ ၁၁၅၇ ခုနှစ် ကျောင်းကြီးပြီး၍ ဝါတော် ၂၀ ရှိ အရှင်ပုညာရန္တဆရာတော်အား တင်လှူသည်။ မြင်းဝန်တိုက်အရှေ့ပေါက် ရွှေကျောင်းတွင် ထင်ရှားသော စာပေပညာရှင်ဆရာတော် ဦးသုတလက်ာရ သီတင်းသုံးပြီး ရှားပါးစာအုပ်စာတမ်း၊ ပေပုရပိုက်များ စုဆောင်း၍ စာကြည့်တိုက်တည်ထောင်ထားသည်။

ဒေါ်သက်ရှည်ကျောင်း

အကွက် ၈၂၉ မှာ မြင်းဝန်မင်းကြီးကျောင်းတိုက် တောင်ပေါက်ဖြစ်သည်။ (၄၅) လမ်း၊ ဗိုလ်ဗထူးလမ်းအတွင်းဖြစ်သည်။ ရွှေဘုန်းရှိန်ဗလီ တည်ရှိသည်။ (၈၄) လမ်းကွေ့တွင် ယခင်က ပါဠိပထမပြန် ကုသိုလ်အတွက် ခတ်ဆီဆိုင် တည်ရှိခဲ့သည်။ ယခုရှမ်းစုစာတိုက်ကွေ့ဖြစ်သည်။ အကွက် (၈၂၈)မှာ ဝါးတန်းမင်းသားစုဟု တွင်သည်။ (၄၂) လမ်း၊ (၄၅)လမ်းနှင့် (၈၄)လမ်း၊ (၈၅)လမ်းကြားဖြစ်သည်။ အကွက် (၈၂၇) မှာ မင်းသားစုသဲပုံစေတီ တည်ရှိသည်။ ဗုဒ္ဓဘာသာဝင်များက ပါဝင်၍ နှစ်စဉ်တည်ထားကြသည့် သဲပုံစေတီဖြစ်သည်။ မင်းသားစုရပ်ဟုတွင်ခြင်းမှာ ထိုင်းသုံ့ပန်းမင်းညီမင်းသားများ နေထိုင်ခဲ့ရာအရပ်ဖြစ်သည်။ ဤသဲပုံစေတီကို မင်းသားစု အဆက်အနွယ်များက ရိုးရာမပျက်တည်ခဲ့ကြသည်။ ထိုရပ်ကွက် (၈၄) လမ်းအနောက်ဘက်တွင် ဒေါ်သက်ရှည်ကျောင်း တည်ရှိသည်။ ယခု အမက (၁၂)ဖြစ်သည်။ ဒေါ်သက်ရှည်မှာမင်းကွန်းလူအိုရုံ တည်ထောင်သူ ဒေါ်ဦးဇွန်း၏ ညီမဖြစ်သည်။

ဘုရားထဲက အရုပ်ကလေးတွေ

ရှမ်းပွဲရပ်၊ မင်းသားစုရပ် (၈၄)လမ်း ဝန်းကျင်တွင် ရှေးယခင်က မြန်မာ့ရိုးရာ အပွရုပ်၊ ဇီးကွက်ရုပ်၊ ဖိုးဝရုပ်၊ သူငယ်တော်ရုပ်စသည့် အပွရုပ်မျိုးစုံလုပ်ကိုင်ကြသူ ပညာရှင်များလည်း နေထိုင်ခဲ့ကြသည်။ မြန်မာ့ရိုးရာ အပွရုပ်လုပ်ကိုင်သူ ပညာရှင်များမှာ မျိုးဆက်နည်းပါးလာပြီဖြစ်သည်။ အထူးသဖြင့် ဘုရားတန်ဆောင်းများတွင် ရှေးယခင်ကတွေ့ရလေ့ရှိသော အကြွေစေ့ထည့်လျှင် မှန်သေတ္တာအတွင်းမှ ထွက်လာသည့်အရုပ်လုပ်ငန်းမှာလည်း ဤအရပ်က တီထွင်လုပ်ခဲ့ကြသည်ဟု မှတ်သားရသည်။ ဘုရားကြီးဘက်မှလည်း လုပ်ကိုင်ခဲ့ကြသည်။ အရုပ်ကလေးများမှာ ကလေးကြိုက်ဖြစ်သည်။ မြတ်စွာဘုရား ကြွချီလာသည့် ရုပ်ပုံလည်းပါသည်။

ဆက်လက်ဖော်ပြပါမည်။

[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]

ထူးဆန်းသောယောက်ျားလေး ဖွားမြင်သောမိဘများ ဆင်းရဲလွန်း၍ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင်ခွဲစိတ်ကုသရန် အကူအညီများလိုအပ်

ကျောက်ကြီး မေ ၅

ဧပြီ ၂၇ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီခွဲတွင် မွေးဖွားခဲ့သော ပဲခူးတိုင်းဒေသကြီး မအူပင်ဆိပ်အုပ်စု ကပ်ကျေးဆိပ်ကျေးရွာ၌ ထူးဆန်းသောယောက်ျားလေး ဖွားမြင်ခဲ့ပြီး ယခုအခါ ခွဲစိတ်ကုသရန် ၎င်းမိဘများ ဆင်းရဲလွန်း၍ မကုသနိုင်သဖြင့် အကူအညီများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မွေးဖွားပြီးချိန်တွင် ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသခဲ့ကြောင်း သိရသည်။

"မွေးတာတောင် ရွာကသားဖွားဆရာမနဲ့ပဲ မွေးခဲ့ရတာပါ။ ဆေးရုံဆေးခန်းအတွက် သွားလာရခက်ခဲသလို ငွေကြေးလဲမတတ်နိုင်ပါဘူး။ ကျောက်ကြီးမြို့နယ် ဆေးရုံကြီးကိုတော့ သွားပြခဲ့ပါသေးတယ်"ဟု ကလေး၏ဖခင် ဦးမင်းအုပ်စိုးက ပြောသည်။

ကျောက်ကြီးမြို့ ပြည်သူ့ဆေးရုံရှိ တာဝန်ကျဆရာမများက ခွဲစိတ်ကုသပါက အသက်ရှင်နိုင်ရန်ဖြစ်နိုင်ခြေ နည်းပါးသည့်အတွက် ကလေးကိုဆေးရုံတွင် ထားခဲ့ရန်ပြောခဲ့ပြီး ကလေးထားခဲ့ခြင်းမရှိပါက မိခင်နှင့်ကလေး ပေးတွေ့ခြင်းမပြုလုပ်ရန် မှာကြားခဲ့ကြောင်း ၎င်းက ရှင်းပြပြောဆိုသည်။

"ခွဲစိတ်ကုသဖို့ဆိုရင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နဲ့ အာရုံကြောကိုသွားရမှာပါ။ တာဝန်ကျဆရာဝန်ကလဲ ဒီအတိုင်းလမ်းညွှန်မှုပေးခဲ့ပါတယ်။

ဆေးရုံကလက်မခံဘဲ ပြန်လွှတ်လိုက်တာတော့ မဟုတ်ပါဘူး။ သူတို့ရဲ့ ဆန္ဒသဘောအတိုင်းပြန်ခေါ်သွားတာပါ" ဟု ကျောက်ကြီးမြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိုးကျော်သူကပြောသည်။

မြန်မာနိုင်ငံတွင် ခွဲစိတ်ကုသရန်အတွက်ဖြစ်နိုင်ခြေ နည်းပါးနိုင်ကြောင်းနှင့် ရန်ကုန်ဆေးရုံကြီးသို့ သွားနိုင်ပါက လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြပြောဆိုသည်။

လူထူးဆန်းလေး၏ ဦးခေါင်းအပြင်ဖက်တွင် သီးခြားစီထုတ်လျက်သား ဦးနှောက်အပိုင်းအစဟု ယူဆရသော ပလတ်စတစ်နှင့် ထုပ်ပိုးထားသကဲ့သို့ ဦးခေါင်းထိပ်ပေါ်တွင် ဖြစ်တည်လျက်ရှိပြီး ပါးစပ်နှင့်တွဲလျက် နှာခေါင်း၊ မျက်လုံး၊ နှုတ်ခမ်းများ တွဲယှက်မွေးမွားခဲ့ကြောင်း သိရသည်။

"သူ့မိခင်နဲ့ပေးတွေ့နေပါပြီ။ ကလေးက လက်ရှိအခြေအနေအရ ကျန်းမာရေးကောင်းတယ်။ မိခင်လဲကောင်းတယ်။ လတ်တလောအခြေအနေအရ ဒီကလေးခွဲစိတ်ကုသရေးအတွက် စိတ်ပူနေကြရတာပါပဲ။ အထောက်အပံ့အကူအညီလေးတွေရနိုင်မှ ရန်ကုန်ဆေးရုံကြီးကို ပို့ဆောင်နိုင်မှာပါ" ဟု ကလေးနှင့် ဆွေမျိုးတော်စပ်သူတစ်ဦးက ပြောသည်။

ကလေးငယ်အား ခွဲစိတ်ကုသနိုင်ရန် ကျောက်ကြီးမြို့ရှိ အလှူရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများသို့ အကူအညီတောင်းခံထားကြောင်းနှင့် ရန်ကုန်ဆေးရုံကြီးသို့ သွားရောက်ကုသနိုင်ပါက အမြန်ဆုံးသွားရောက်ကုသမည်ဖြစ်ကြောင်း ကလေး၏ဖခင် ဦးမင်းအုပ်စိုးက ရှင်းပြပြောဆိုသည်။

ကိုကျောက်ကြီး

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယင်လုံရေအိမ်များ တည်ဆောက်ပေးမည်

မုံရွာ မေ ၅

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ကျေးရွာပေါင်း ၅၁ ရွာတွင် အများသုံးနှင့် အိမ်ထောင်စုသုံး ယင်လုံရေအိမ် ၂၄၃ လုံးကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ လုပ်ငန်းစဉ်တွေထဲက လုပ်ဆောင်ရမဲ့ လုပ်ငန်းတစ်ရပ်အနေနဲ့ ကျေးလက်ဒေသတွေမှာ ဆောင်ရွက်ပေးတာပါ။ ယင်လုံအိမ်သာများကို စနစ်တကျသုံးစွဲခြင်းဖြင့် ယင်နဲ့ပတ်သက်တဲ့ ရောဂါတွေကင်းဝေးစေပြီး ကျန်းမာသန်စွမ်းစွာနဲ့ မိသားစုအကျိုး၊ တိုင်းပြည်အကျိုးကို ပါဝင်ဆောင်ရွက်နိုင်စေဖို့အတွက်အခုလို တည်ဆောက်ပေးတာပါ" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းကျော်ကျော်မျိုးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် အများသုံးနှစ်ခန်းတွဲရေအိမ်နှစ်လုံးကို ငွေကျပ် ၄ ဒသမ ၆ သန်းဖြင့်လည်းကောင်း၊ ကသာခရိုင်အတွင်းရှိ ကျေးရွာကိုးရွာတွင် အများသုံးနှစ်ခန်းတွဲရေအိမ်ခြောက်လုံး၊ ငါးခန်းတွဲရေအိမ်သုံးလုံး စုစုပေါင်းကိုးလုံးကို ငွေကျပ် ၃၀ ဒသမ ၃ သန်းဖြင့်လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာ ၁၃ ရွာတွင် အများသုံးနှစ်ခန်းတွဲ ရေအိမ် ၁၃ လုံး၊ လေးခန်းတွဲရေအိမ်နှစ်လုံး၊ ငါးခန်းတွဲရေအိမ်တစ်လုံး၊ အိမ်ထောင်စုသုံး ၃၅ လုံး စုစုပေါင်း ၄၅ လုံးကို ငွေကျပ် ၃၅ ဒသမ ၅သန်းဖြင့်လည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာတစ်ရွာတွင် အများသုံးငါးခန်းတွဲ ရေအိမ်တစ်လုံးကို ငွေကျပ် ၅ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ ကျေးရွာခြောက်ရွာတွင်အများသုံး နှစ်ခန်းတွဲ ရေအိမ်နှစ်လုံး၊ လေးခန်းတွဲရေအိမ်တစ်လုံး၊ ငါးခန်းတွဲ ရေအိမ်သုံးလုံး၊ အိမ်ထောင်စု သုံးရေအိမ်အလုံး ၄၀ စုစုပေါင်း ၄၆ လုံးကို ငွေကျပ် ၃၁ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာ ၁၇ ရွာတွင် အများသုံး နှစ်ခန်းတွဲရေအိမ်သုံးလုံး၊ လေးခန်းတွဲ ရေအိမ်ခုနစ်လုံး၊ ငါးခန်းတွဲရေအိမ်နှစ်လုံး၊ အိမ်ထောင်စုသုံး ရေအိမ် ၁၂၅လုံး စုစုပေါင်း ၁၃၇ လုံးကို ငွေကျပ် ၆၆ ဒသမ ၉ သန်းဖြင့်လည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာသုံးရွာတွင် အများသုံးငါးခန်းတွဲရေအိမ်သုံးလုံးကို ငွေကျပ် ၁၆ ဒသမ ၅ သန်းဖြင့်လည်းကောင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ကျေးရွာ ၅၁ ရွာတွင် အများသုံး အိမ်ထောင်စုသုံး ယင်လုံရေအိမ် ၂၄၃ လုံး တည်ဆောက်ပေးမည်ဖြစ်ရာ အိမ်ခြေ ၁၃၃၄၁ လုံးသို့ အထောက်အကူဖြစ်စေမည်ဖြစ်ပြီး အများသုံးနှင့် အိမ်ထောင်စုသုံး ယင်လုံအိမ်သာများကို ကျေးလက်နေပြည်သူများ စနစ်တကျသုံးစွဲခြင်းဖြင့် ယင်ကောင်များမှတဆင့် ဖြစ်ပွားတတ်သော ရောဂါကင်းရှင်းစွာဖြင့် မိမိတို့မိသားစုဘဝဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ကျန်းမာသန်စွမ်းစွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း များတွင် ပါဝင်လုပ်ဆောင်နိုင်စေရန်အတွက် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ရေနံချောင်းမြို့တွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်းအသိပညာပေး

ရေနံချောင်း မေ ၅

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် မေ ၄ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသိပညာပေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ခိုင်၏ အနီးကပ်ကြီးကြပ်မှုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်ကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍မေ ၁ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေနံချောင်းမြို့ လမ်းမတော်လမ်းတစ်လျှောက်မှာ ယာဉ်အသွားအလာများတဲ့အတွက် အဝေးပြေးယာဉ်တွေ၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်တွေကို စနစ်တကျသွားကြဖို့၊ ဖြူနီကျားပြသထားတဲ့နေရာတွေမှာ ယာဉ်မရပ်ဖို့၊ ဆိုင်ကယ်စီးသူတွေ ဦးထုပ်ဆောင်းဖို့နဲ့ နှစ်ယောက်ထက်ပိုမစီးကြဖို့ အခုအသိပညာပေးနေတာဖြစ်ပါတယ်။ အသိပညာပေးကာလ လွန်သွားရင်တော့ ဥပဒေနဲ့အညီ ဖမ်းဆီးအရေးယူတာတွေ လုပ်သွားဖို့ရှိပါတယ်" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးက ရှင်းလင်းပြောပြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများကို ရက် ၁၀၀ စီမံချက်နှင့်အညီ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ကားတွေကို စည်းကမ်းနဲ့ စနစ်တကျသွားလာဖို့ ကျွန်တော်တို့ကိုဦးထုပ်ဆောင်းခိုင်းတာတွေဟာ ကျွန်တော်တို့အတွက်လို့မြင်ပါတယ်။ ခုလိုစနစ်ကျလုပ်ပေးတော့ လမ်းဘေးရပ်သူ မရှိတော့ဘူးလေ၊ လမ်းကပိုကျယ်လာတယ်။ သွားရလာရပိုကောင်းသွားတယ်။ ကျွန်တော်တို့ကတော့ ခုလိုလုပ်တာကြိုက်တယ်။ ကြိုလည်းကြိုဆိုပါတယ်" ဟု ဆိုင်ကယ်ကယ်ရီသမားတစ်ဦးက ပြောသည်။

ဖြိုးမွန်ကျော်

စားသုံးသူအကာအကွယ်ပေးရေး၊ ဥပဒေများ၊ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရေး အသိပညာပေးဟောပြော

သုံးခွ မေ ၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စပါယ်ချောင်ကျေးရွာအုပ်စု ညောင်လေးပင်ကျေးရွာ ဓမ္မရက္ခိတတန်ဆောင်း၌ စားသုံးသူ ပြည်သူများ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများ၊ ကျန်းမာရေးနှင့် ဘေးဥပဒ် အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်း လုပ်ငန်း ဟောပြောပွဲကို မေ ၄ ရက် နံနက် ၇ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန သုံးခွမြို့နယ် ဦးစီးမှူး ဦးကျော်စိုးက ဟောပြောရာတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း၊ စားသုံးသူများရရှိသင့်သော အခွင့်အရေးများ ကုန်ပစ္စည်းများဝယ်ယူရာတွင် စားသုံးသူအနေဖြင့် သတိပြုရမည့် အချက်များ၊ စားသုံးသူအား ဆုံးရှုံးနစ်နာစေနိုင်သည့် အန္တရာယ်ရှိသော စားသောက်ကုန်ပစ္စည်းများအကြောင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးအတွက် ဦးစီးဌာနက ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့သည်။

တက်ရောက်လာကြသူများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးက ထုတ်ဝေသော 'စားသုံးသူ ပြည်သူများ အန္တရာယ်ကင်းစေဖို့ သတိပြုလိုက်နာဆောင်ရွက်စို့' လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ကြည်စိုးလွင်(သုံးခွ)

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် တရားရုံးဝန်ထမ်းများနှင့်တွေ့ဆုံ

တောင်သာ မေ ၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် တရားရုံး အစည်းအဝေးခန်းမ၌ မေ ၃ ရက်က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းသည် မြင်းခြံခရိုင် တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံး ဝန်ထမ်းများ၊ တရားစီရင်ရေးဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှေ့နေများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။

ယင်းသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဦးစိုးသိန်းသည် တရားဥပဒေစိုးမိုးရေးအတွက် အမှုများမြန်ဆန် ထိရောက်စွာစစ်ဆေးပြီးပြတ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်ရန်အတွက် မှန်ကန်မြန်ဆန်ပြီး တရားမျှတရန်လိုကြောင်း၊ အမှုလက်ကျန်နည်းပါးစေရန် တရားစီရင်ရေးနှင့် ဆက်နွယ်သော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကြရန်၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အများပြည်သူတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အများပြည်သူတို့နှင့် ဆက်ဆံရာတွင် သိမ်မွေ့ ညင်သာစွာ ဆက်ဆံရန်၊ တရားသူကြီးများသည်လည်း တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်စေရန် အဓိက တာဝန်ရှိသူများဖြစ်၍ အဂတိ တရားကင်းစွာ စစ်ဆေးစီရင်ကြရန်၊ အမှုများကို မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ရန် ကြန့်ကြာနေသော အချုပ်တရားခံအမှုများ၊ တရားမမှုခင်းများကိုလည်း အမြန်ပြီးပြတ်နိုင်ရေး၊ စီမံချက်ချ ဆောင်ရွက်သွားကြရန်နှင့် အများပြည်သူ ယုံကြည်ကိုးစားသော တရားစီရင်ရေး စနစ်ကြီး ပေါ်ပေါက်လာစေရန် လာဘ်ပေးလာဘ်ယူမှုများ အထူးရှောင်ကြဉ်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင် (မြင်းခြံ)

ကျွဲနွားနှင့် တိုင်းရင်းကြက်များ ကာကွယ်ရေး သန်လျင်မြို့နယ် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၅

သန်လျင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာသိန်းသိန်းဦးနှင့် အဖွဲ့ဝင်များသည် မေ ၃ ရက်က သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာရှိ ကျွဲ၊ နွားများအား ခွာနာလျှာနာကာကွယ်ဆေးများထိုးပေးခြင်း၊ တိုင်းရင်းကြက်များအား လည်လိမ်ကာကွယ်ဆေး (အိုင်တူး) မျက်စဉ်းခတ်ခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ကျွဲ၊ နွားများ လည်ချောင်းကွဲ၊ ပေါင်ပုပ်လတ်ပုပ်နှင့် ဒေါင့်သန်းရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

သန်းဝင်း(သန်လျင်)

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင့်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည် မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်း)

ပတ်ဝန်းကျင်ကို အသံဖြင့် နှိပ်စက်ဒုက္ခပေးနေသူများ

à မြန်ဂုဏ်ဆောင်

လူသားပတ်ဝန်းကျင်တွင် လူ၊ တိရစ္ဆာန်နှင့် စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဆိုင်ရာလျှပ်စစ်ပစ္စည်းများမှ ထွက်သောအသံမျိုးစုံက လေထုထဲတွင်ပျံ့နှံ့နေသည်။ အသံမျိုးစုံဖြင့်ဖွဲ့စည်းထားသော ဆူညံသံ၊ အသံဗလံ၊ ညစ်ညမ်းသံများ အရှေ့၊ အနောက်၊ တောင်၊ မြောက်နှင့် အထက်၊ အောက်ပါမကျန် လွှမ်းမိုးနေသည်။ လေထုကြားခံ နယ်မြေကိုထိုးဖောက်ပြီး လူသားတို့နားအမြှေးပါးလေးကိုဖြတ်သန်းပြီး အသံလှိုင်းများက ဥဒဟိုဝင်ရောက်နေသည်။ တုန်ခါမှုအသံများက လူသား၏နားစည်ကို ရိုက်ခတ်တုန်ခါစေသည်။ အကြားအာရုံ၌ ကြားခြင်းဟူ၍ ဦးနှောက်အသိဉာဏ်က လက်ခံလိုက်သည်။

အသံ၏သွင်ပြင်သဏ္ဌာန်သည် သာယာနာပျော်ဖွယ်အသံ၊ နားမခံနိုင်သောဆူညံသံ (Noise) များက ရောထွေးဝင်ရောက်ကြသည်။ မလိုလားအပ်သောအသံပေါ်၌ မှီတွယ်၍ နှစ်လိုကြည်နူး ပီတိဝေဖြာရသည်။ သံစဉ်အနိမ့်အမြင့် မညီမျှဘဲ ဇွတ်ဆိုကြသောအသံများက ဆူညံသံ၊ သံသေးသံကြောင်အဖြစ် ဝန်းကျင်ကို ရိုက်ခတ်နေသည်။

ဝန်းကျင်၌ လှုပ်ရှားသွားလာနေကြစဉ် လူစည်ကားရာနေရာဒေသတွင် အသံမျိုးစုံက ဖုံးလွှမ်းနေသည်။ ယင်းကြောင့် အသံမျိုးစုံမဝင်ရောက်နိုင်ရန် အသံလုံသော အဆောက်အအုံများတွင် လူသားတို့အလုပ်လုပ်နေကြခြင်းဖြင့် အလုပ်၏ တာသွားမှု၊ ထိရောက်မှု၊ အလုပ်အပေါ် အာရုံစိုက်မှုစွမ်းအား ပိုမိုလာစေသည်။

နိစ္စဓူဝသွားလာလှုပ်ရှားနေကြသောသူများက အသံမျိုးစုံကို ဖန်တီးထုတ်လုပ်ကြသည်။ မလိုအပ်ဘဲ အသံကို လိုအပ်သည်ထက် ပိုမိုလွန်ကဲစွာထုတ်လွှင့်နေမှု၊ ပါဝါကုန်အသံကို မြှင့်ထားမှု၊ သမားရိုးကျ လုပ်ကိုင်စားသောက်သွားလာနေကြသူများ အသံပယောဂကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။ သာယာနာပျော်ဖွယ် အသံလှိုင်းများအနေအထားမှ ဆူညံသံများအဖြစ် ပြောင်းလဲပြီး အသံ၏ဂုဏ်သိက္ခာကို ကျဆင်းစေသည်။

အသံနှင့်ပတ်သက်၍ မိမိတစ်ဦးတစ်ယောက်တည်း နားသောတဆင်ရမည့် အသံလွှင့်စက်တစ်ခု၊ ရေဒီယို၊ တီဗွီ၊ အသံချဲ့စက်၊ ကာရာအိုကေ၊ နိုက်ကလပ်၊ ရုပ်ရှင်၊ ဗီဒီယို၊ ကပွဲ၊ အငြိမ့်၊ ဇာတ်သဘင်တို့မှအသံများက မလိုအပ်ဘဲ အသံကုန်လွှင့်ထုတ်နေမှုကြောင့် ပတ်ဝန်းကျင်၌ စိတ်မချမ်းမြေ့မှုဒဏ်ကို မျှဝေခံစားကြရသည်။

ပတ်ဝန်းကျင်တွင် မွေးထားသော အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်တို့၏ အော်မြည်သံ၊ တွင်ခုံမှ ဂဟေဆော်သံ၊ ပြန်စိတ်ဝိုင်း လွှစက်မှ ဆူညံသံ၊ မော်တော်ယာဉ် ကား၊ ဆိုင်ကယ်၏ အိတ်ဇောသံ၊ လေယာဉ်ပျံသံ၊ ရန်ဖြစ်သံ၊ ဆဲဆိုသံများက ပတ်ဝန်းကျင်၏မြင်ကွင်းများတွင် နားအာရုံကို ထိုးဖောက်ဝင်ရောက်လာကြသည်။

သာယာနာပျော်ဖွယ် ဂီတသံပင် ကြားရသောအချိန် ရှည်ကြာမှု၊ လိုအပ်သည့် တုန်ခါနှုန်းထက် လွန်ကဲဖွင့်လှစ်မှုတို့ကြောင့် နှစ်လိုဖွယ်မဖြစ်ကြတော့ပါ။ အော့နှလုံးနာဖွယ်၊ ရွံ့ရှာဖွယ် ဖရုသဝါစာများသာ ဖြစ်ကုန်သည်။

ဤလောကကမ္ဘာကြီးတွင် လူနှင့်တိရစ္ဆာန်များစွာဖြင့် ဖွဲ့စည်းထားရာ ကမ္ဘာ့လေထုကြားခံနယ်ကြောင့် အသံက တစ်နေရာမှတစ်နေရာသို့ ကူးလူးရွေ့လျားသွားသည်။ လေထုကြားခံနယ်မရှိလျှင် အသံလည်းရှိမည်မဟုတ်။ အသံသည် တုန်ခါမှုများဖြင့်ဖွဲ့စည်းတည်ဆောက်ထားရာ အသံ၏တုန်ခါမှုက လူသားနားစည်ကို ရိုက်ခတ်လှုပ်ရှားတုန်ခါစေသည်။ ယင်းကြောင့် အကြားအာရုံ၌ ကြားခြင်းကို လူသား၏ဦးနှောက်က ခံယူလိုက်သည်။

ဆူညံသံ (Noise) သည် လူသားတစ်ဦး၏နားထဲက နားစည်ကိုထိတွေ့သည်။ ယင်းနောက် နှလုံးကိုထိခိုက်သည်။ ယင်းနောက် ဦးနှောက်က ဆူညံသံကို လက်ခံရယူလိုက်သည်။ ယင်းနောက် လူ့အာရုံကြော၊ ဟော်မုန်းထုတ်ပေးသော အကျိတ်၊ အင်ဇိုင်းထုတ်ပေးသော ဂလင်း၊ မျိုးပွားအင်္ဂါစုများကို တစ်ဆင့်ပြီးတစ်ဆင့် တုန်ခါနှုန်းဖြင့် ဆက်သွယ်သတင်းပို့သည်။ ယင်းနောက် သွေးကြောကိုကျုံ့သွားစေသည်။ သွေးသွားလာမှုနှောင့်နှေးရာမှ အသားအရည်မလှပဘဲ ညိုပုပ်ပုပ် ဖြူဖတ်ဖြူရော်ဖြစ်ပြီး အလှအားကို ထိခိုက်စေသည်။ ယင်းနောက် အကြော အဆစ်များ တောင့်တင်းလာသည်။ မျက်စိကိုက်လာသည်။ တစ်ကိုယ်လုံး မသိမသာဖြစ်သော ဝေဒနာခံစားမှုက စိတ်ပိုင်းဆိုင်ရာကို ထိခိုက်လာသည်။ စိတ်ဖိစီးလာသည်။ စိတ်ခံနိုင်ရည် မရှိဘဲ ဆူညံသံကို ဆက်တိုက် ဆက်ကာဆက်ကာ ကြားရသော အခါ စိတ်ရောဂါဆိုးကြီး စွဲကပ်လာရသည်။

တုန်ခါနှုန်းမြင့်သော၊ ဒက်စီဗယ် (Decibel)များသော အသံ ဂျက်လေယာဉ်သံ၊ အမြောက်သံ၊ သေနတ်သံ၊ ဗုံးသံများ ပြင်းထန်လွန်းသောကြောင့် သက်ကြီးရွယ်အိုများ မခံစားနိုင်ဘဲ နားထိုင်း၊ နားလေးဝေဒနာဖြစ်သွားရသည်။

သာမန်လူသားတစ်ဦးသည် အကြားအာရုံတွင် တစ်စက္ကန့်လျှင် သုံးဆယ်မှ နှစ်သောင်းအတွင်းရှိသော အသံကို သာကြားနိုင်စွမ်းသည်။ တစ်စက္ကန့်တုန်ခါမှု သုံးဆယ်အောက်နှင့် နှစ်သောင်းအထက်ရှိတုန်ခါနှုန်းကို မကြားနိုင်ပါ။ တုန်ခါမှု နှစ်သောင်းထက်ပိုသောအသံသည် အသံလွန် (Ultra Sound) ဖြစ်သည်။

နားစည်က သေးငယ်လွန်းသော အမြှေးပါးလေးဖြင့် ဖွဲ့စည်းထားရာ အသံတုန်နှုန်းများသော အသံလှိုင်းက နားစည်ကိုပေါက်သွားနိုင်သည်။ နားစည်ပေါက်ပြဲသွားပါက ကု၍မရ၊ အစားထိုး၍မရပါ။ နားစည်ပေါက်က အကြားအာရုံဆုံးရှုံးပြီး နားရောဂါဖြစ်သော သွေးထွက်ခြင်း၊ နားပြည်ယိုခြင်းများဖြစ်လာသည်။ နားရောဂါမှတစ်ဆင့် ဦးနှောက်တွင် အကျိတ်ဖြစ်လာကာ ဦးနှောက်ခွဲစိတ်ကုသမှုကိုပင်ခံကြရသည်။

ဆူညံသံကိုရှောင်တိမ်းနိုင်ဖို့ နားဝကိုထည့်ပြီးပိတ်ရသော ဖော့အဆို့ (Ear Plug) ကို အသုံးပြုလာကြသည်။

လူသူကင်းဝေးရာနေရာသို့ မရှောင်ထွက်နိုင်သူများ၊ အေးချမ်းစွာ စာရေးစာဖတ် ပြုလုပ်ချင်သူများ၊ အိပ်ရေးဝဝ အိပ်ချင်သူများ၊ စိတ်ကိုဖြေလျှော့လိုသူများ၊ စက်ရုံ အလုပ်ရုံနား အလုပ်,လုပ်ချင်သူများ၊ တရားထိုင်ချင်သူများအတွက် အသုံးသင့်မြတ်သော Ear Plug ဖြင့် ပတ်ဝန်းကျင်ဆူညံမှုကို ရှောင်ရှားနေကြသည်။

အသံတွင် သာယာသံ (Sound) နှင့် ဆူညံသံ (Noise) ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ သာယာသံသည် သံစဉ်မှန်၍ ဂီတသံမြောက်သည်။ ဆူညံသံက နားမခံသာအောင် ကျယ်လောင်သောအသံဗလံဖြစ်ပြီး သံစဉ်မညီ၊ အနိမ့်အမြင့်တုန်ခါနှုန်း ကသောင်းကနင်းဖြစ်သည်။

ဆူညံသံဖြစ်သော မလိုလား မနှစ်သက်အပ်သောအသံ၊ ကျယ်လောင်သော သီချင်းဂီတသံ၊ အသေးစားလွှစက်၊ လွှဝိုင်း၊ သံပြားကိုထုနှက်ရသော တွင်ခုံ၊ သံသေတ္တာလုပ်ငန်း၊ သံဂဟေဆိုင်မှ အသံတို့က ဆူညံသံများပင်ဖြစ်ကြသည်။

ပတ်ဝန်းကျင်မှအသံကို တိုင်းတာရေးကိရိယာ ဒက်စီဗယ်လ် (Decibel) ယူနစ်ဖြင့် တိုင်းတာရသည်။ သာမန်စကားပြောသံသည် ဒက်စီဗယ်လ် ၆၀ ရှိရာ လူသာမန်က ဒက်စီဗယ်လ် ၁၃၀ ခန့်ထိ ပြောနိုင်စွမ်းသည်။

ဒက်စီဗယ်လ်အသံတွင် သေနတ်ပစ်သံ၊ မီးရထားသံတို့က ဒက်စီဗယ် ၁၀၀ သာရှိ၍ လူကိုဒုက္ခမပေး။ နားထောင်နိုင်သည်။ အသံ၏ဂုဏ်သတ္တိသည် အသံ၏တုန်ခါနှုန်း (Vibration Frequency) ပေါ်တွင် တည်မှီနေသည်။

နိစ္စဓူဝ ရုန်းကန်လှုပ်ရှားနေကြသော လမ်းဘေးအချဉ်ပေါင်းသည်၊ ဆီရောင်းချသူ၊ အလှူခံအဖွဲ့၊ မော်တော်ယာဉ်ဖြင့် ဗေဒင်ဟောသူ၊ ဆေးရောင်းသူ၊ တွန်းလှည်းကလေးများဖြင့် ကုန်ပစ္စည်းရောင်းသူ၊ မော်တော်ကားစက်သံ၊ ဟွန်းသံ၊ ပြောက်အိုးဖောက်သံ၊ အသံချဲ့စက်အော်လံသံတို့မှထွက်သော ဆူညံသံ ညစ်ညမ်းမှု (Noise Pollution) က ခရီးသွားပြည်သူများအား များစွာနားဒုက္ခပေးသည်။ ဒက်စီဗယ်လ် ၉၀ ကျော်သည်။

လမ်းထိပ်အလှူခံမဏ္ဍပ်မှ အသံချဲ့စက်ကျယ်လောင်သံများက အသက်ကြီးအိုမင်းသူ၊ မကျန်းမာသူတို့အား ဆူညံညစ်ညမ်းသံအဖြစ် နိစ္စဓူဝ နားကိုဒုက္ခပေးနေသဖြင့် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကို ထိခိုက်နစ်နာသည်။ မလိုလားအပ်သောအသံ၊ ဆူညံသံ၊ ညစ်ညမ်းသံတို့က စိတ်ဖိစီးခြင်း၊ သွေးတိုးခြင်း၊ နှလုံးခုန်ခြင်း၊ ကြွက်သားများတောင့်တင်းခြင်း၊ အကြားအာရုံပျက်စီးခြင်း၊ အိပ်စက်နားနေမှုကို အနှောင့်အယှက်ပြုခြင်းတို့ကို ဖြစ်ပေါ်လာရသည်။

စာမျက်နှာ (၂၀) သို့

ပတ်ဝန်းကျင်ကို အသံဖြင့် နှိပ်စက်ဒုက္ခပေးနေသူများ

စာမျက်နှာ (၁၉) မှအဆက်

အသံ (Sound) ကို ဒက်စီဗယ် (Decibel) ယူနစ်ဖြင့်တိုင်းတာရာ သာမန်စကားပြောသံသည် ဒက်စီဗယ် ၆၀ ခန့်သာရှိသည်။ လူတစ်ဦးသည် အသံအမြင့် ဒက်စီဗယ် ၁၃၀ ခန့်အထိ အသံကိုဖန်တီးနိုင်သည်။ ကြားနိုင်ခွင့်ရှိသည်။ သေနတ်ပစ်ခတ်သံ၊ မီးရထားမောင်းသံက ဒက်စီဗယ် ၁၀၀ ခန့်ရှိသည်။ အသံပြင်းအားတစ်ခုတည်းက လူကိုဒုက္ခပေးနိုင်သည် မဟုတ်။ အသံ၏တုန်ခါမှု (Vibration of Frequency) က များစွာသက်ရောက်မှုရှိသည်။

ယနေ့မြို့ပြတိုးတက်မှုခေတ်၏ ပြယုဂ်တွင် အသက်ရှင်ရုန်းကန်နေကြရသူများမှာ သာမန်အသံမျိုးထက်ပို၍ ဆူညံသံ အသံဗလံများကြားဝယ် အသက်ရှင်ရုန်းကန်နေသည်။ လူသားထု၏ ၉၀ ရာခိုင်နှုန်းသော အပြစ်မဲ့လူသားတို့သည် ဆူညံမှုကြားဝယ် နားပိတ်ထားရအောင် အသံ၏ဖိအားကို ခံနေကြရသည်။

အသံ၏ဂုဏ်သတ္တိ ဘေးထွက်ဆိုးကျိုးများဖြစ်သော 'ဆူညံသံ' များကြားထဲ သွားလာလှုပ်ရှားနေကြသော လူသားများသည် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ အသံညစ်ညမ်းမှုဒဏ်ကို မျှဝေခံစားနေကြရသည်။

ပတ်ဝန်းကျင်မှထွက်ပေါ်လာသော အသံမျိုးစုံသည် လူသားပတ်ဝန်းကျင်ကို စိတ်အနှောင့်အယှက်ဖြစ်စေသည်။ ဆူညံသံညစ်ညမ်းမှု (Noise Pollution) ကြားဝယ် အလွှာအသီးသီးမှလူသားတို့ ရုန်းကန်လှုပ်ရှားနေကြရသည်။

လူသားတို့အတွက် ရုပ်ပိုင်းဘဝ၊ စိတ်ပိုင်းဘဝ ထိခိုက်ပျက်စီးမှုကို ဆူညံသံ၊ နှစ်လိုဖွယ်ကင်းသော ကျယ်လောင်သံများက ထိုးဖောက်ဝင်ရောက်လာကြသည်။ လူတို့၏ ကိုယ်ပိုင်လေဟာနယ်အား သည်းခံနိုင်ဖွယ်မရှိအောင် အလွဲသုံးစားပြုလုပ်မှုကို ကြုံတွေ့ဖြတ်သန်းကျော်လွှားကြသည်။

ကျွန်ုပ်တို့ငယ်စဉ် သိပ္ပံမောင်ဝ၏ ဆောင်းပါး၊ ဝတ္ထုတိုလေးများကို ခေတ်စမ်းစာပေအဖြစ် အမြတ်တနိုးဖတ်ရှုခဲ့စဉ်က ရွာကျက်သရေတွင် တိတ်ဆိတ်အေးချမ်းမှု၊ သာယာဖွယ်နှစ်လိုမှုများဖြင့် နွေးထွေးစေခဲ့သည်။ ကျေးလက်ဒေသ၏ အေးချမ်းမှု၊ ဆူညံသောအသံဗလံ၊ ညစ်ညမ်းရှုပ်ထွေးသောအသံများဖြင့် နှိပ်စက်ဖိစီးမှုကိုမခံရသော ကျေးလက်ဓလေ့ဘဝစရိုက်များအပေါ် မြတ်နိုးခုံမင်ခဲ့ကြရသည်။ တိတ်ဆိတ်မှု၊ အေးချမ်းမှုနှင့် သာယာနှစ်လိုဖွယ် အသံများက လူသားတို့ကို သာယာနှစ်လိုဖွယ် နွေးထွေးစေနိုင်သည်။

အကြောင်းအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေသော မော်တော်ယာဉ်ကားဟွန်းသံ၊ ဆိုင်ကယ်မောင်းသံ၊ မလိုအပ်ဘဲတီးနေသောဟွန်းသံ၊ အလှူခံမဏ္ဍပ်နှင့် နယ်လှည့်ဘုရားလူကြီး၏ နိဗ္ဗာန်ဆော်သံ၊ ရွာဦးကျောင်းက သစ်စည်ခေါက်သံ၊ ခေါင်းလောင်းသံ၊ စည်ဗျောသံ၊ တုံးမောင်းခေါက်သံ၊ နာရီအချက်ပေးသံ၊ တွန်းလှည်းဖြင့်ရောင်းချသော အချဉ်ပေါင်းသည်၏အသံ၊ ထီရောင်းသံ၊ ခါသကြန်စာရောင်းသူအသံ၊ ဗေဒင်စာအုပ်ရောင်းသံ၊ လက်ပွေ့စာနယ်ဇင်းရောင်းသူအသံ၊ လမ်းဆုံလမ်းခွက ဖုန်းပြောသူတို့အသံ၊ နေအိမ်နှင့်ဈေးဆိုင်များရှိ ဇိမ်ခံပစ္စည်းများမှထွက်လာသောအသံစုံတို့က ဝန်းကျင်မှလူသားများ၏ အသိ၊ အတွေး၊ အာရုံမျိုးစုံကို အနှောင့်အယှက်ပြုစေသည်။

ကုန်မျိုးစုံဆိုင်၊ ဆေးဆိုင်၊ အထည်ဆိုင်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်တို့မှ ထွက်ပေါ်လာသော အသံမျိုးစုံက ပကတိနှစ်ကိုယ်ကြားရုံမျှအသံလှိုင်းမဟုတ်ဘဲ ဆူညံသောအသံကို သူ့ဆိုင်၊ ကိုယ့်ဆိုင်၊ သူ့အိမ်၊ ကိုယ့်အိမ် အပြိုင်အဆိုင်ကြဲ၍ နားကွဲမတတ် သီချင်းဖွင့်ကြသည်။ နီးစပ်ရာပတ်ဝန်းကျင်မှ နေအိမ်၊ ဈေးဆိုင်၊ တရားရိပ်သာစခန်း၊ ပရိယတ္တိစာသင်တိုက်များနှင့် သက်ကြီးရွယ်အို၊ လူမမာ၊ ကလေးသူငယ်များအထိ နယ်ကျော်ပြီး ဒုက္ခပေးသော ဆူညံသံဖြစ်သည်။

အသံစုံကြားရသည့်အထဲတွင် ဟွန်းသံ၊ ဥသြစွဲသံ၊ အရေးပေါ်မော်တော်ယာဉ်သံ၊ အော်လံမှထွက်သောအသံ၊ ဆောင်းဘောက် (Sound Box) မှ အသံကုန်တင်ထားသောအသံ၊ အချိန်ပြည့် ၂၄ နာရီ အလှူခံမဏ္ဍပ်အသံ၊ အလှူခံဌာနတွင် ဘုရားလူကြီးတစ်ဦးစီက မိနစ်နှစ်ဆယ်၊ သုံးဆယ်ခန့် သြဝါဒခြွေပြီး ဘုရားလူကြီးဆယ်ဦးခန့် 'မိုက်ခဲ' များက မိုက်မလွှတ်တမ်း နိဗ္ဗာန်ဆော်သံများက အသံချဲ့စက်ခွင့်ပြုမိန့်မယူဘဲ ဥပဒေသတ်မှတ်ချက်ကို မထီမဲ့မြင်ပြုသောအသံ၊ အဆိုပါ ဆူညံသံတို့က ဝန်းကျင်တွင် အသက်ရှင်နေကြသော လူသား၊ သက်ကြီးရွယ်အို၊ နာမကျန်းဝေဒနာသည်၊ ဖျားနာနေသူ ဝေဒနာရှင်များအတွက်သာမက ပညာသင်ကြားနေကြသော ကျောင်းသူ၊ ကျောင်းသားများ၏ စာမေးပွဲရာသီပင်မရှောင် အသံဖြင့်နှိပ်စက်နေကြသည်။

ဆူညံသံကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါရှိသူဝေဒနာသည်များအတွက် စိတ်ဖိစီးမှု ကြုံတွေ့ရသည်။ အိပ်စက်နားနေချိန်တွင် အနှောင့်အယှက်ပိုရသည်။

မနှစ်သက်ဖွယ်အသံက အချိန်နှင့်တစ်ပြေးညီ နိစ္စဓူဝ ကြားနေရပါက ရွံမုန်းလာသည်။ အသံကြားရာစက်ကွင်း အသံလှိုင်းမှ လွတ်ရာကျွတ်ရာသို့ ကွေကွင်းလိုကြသည်။

စက်မှုဇုန်များကို မြို့ပြင်ပသို့ထုတ်ပြီး လူများစုကို အသံဖြင့်နှိပ်စက်နေမှုကို ရှောင်ကွင်းကြသည်။ စက်ရုံ၊ အလုပ်ရုံ၏ ဆူညံသံများက အိမ်နီးနားချင်းမှလူသားများကို အသံ၊ အနံ့ဖြင့်နှိပ်စက်သည်။ ဆူညံသံကိုလျှော့ချရန် ဒီဇိုင်းမျိုးစုံကို တည်ဆောက်၍ အသံဂုဏ်ကို လျှော့ချသည်။ အသံကိုထိန်းချုပ်သည်။ စက်ရုံနေရာများနှင့် စက်ယန္တရားကို အုတ်တံတိုင်း၊ အကာအရံများဖန်တီး၍ ထိန်းချုပ်သင့်သည်။ ဆူညံသံညစ်ညမ်းမှုကို ထိန်းသည်။

မြန်မာနိုင်ငံတစ်နံတစ်လျှားတွင် သာမှုနာမှု၊ သာရေးနာရေး၊ အလှူပွဲ၊ မင်္ဂလာပွဲ၊ ရိုးရာပွဲနှင့် ဧည့်ခံပွဲများတွင် အသံချဲ့စက်ကိုအသုံးပြု၍ ဆော်သြကြသည်။ နိစ္စဓူဝ အလှူခံမဏ္ဍပ်များမှလည်း နားမခံသာအောင် လိုအပ်သောအသံထက် ပိုမိုကျယ်လောင်စွာ အချိန်အကန့်အသတ်မရှိ ဖွင့်နေကြသည်။ ပတ်ဝန်းကျင်မှ သွားလာလှုပ်ရှားနေကြသူများကို လိုအပ်သည်ထက်ပိုမိုသောအသံကြောင့် နားဒုက္ခဖြစ်ကြရသည်။

နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်းဝယ် နေရာဒေသအသီးသီးကို ရပ်ကွက်၊ ကျေးရွာများမှ ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိပုဂ္ဂိုလ်များဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁)ဖြင့် တိတိပပပြဋ္ဌာန်း၍ နယ်မြေအသီးသီးတွင် စီမံခန့်ခွဲမှုကို ဖောင်းပေးဆောင်ရွက်လျက်ရှိသည်။

ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေအခန်း ၉ တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏ တာဝန်ဝတ္တရားများကို ပြဋ္ဌာန်းရာတွင် 'ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အသံချဲ့စက်ဖွင့်လိုပါက သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးထံ ခွင့်ပြုမိန့်ရယူရမည့်အပြင် သတ်မှတ်ထားသည့်စည်းကမ်းချက်များကို လိုက်နာရမည်' ဟူ၍ ဖွင့်ဆိုပြဋ္ဌာန်းခဲ့သည်။

နည်းဥပဒေပုဒ်မ ၁၄ (ဂ) (၁)တွင် 'အသံချဲ့စက်ဖွင့်လိုသည့်အကျိုးအကြောင်းနှင့် အသံချဲ့စက်ဖွင့်လိုသည့် ရက်နှင့်အချိန်ကိုဖော်ပြပြီး သက်ဆိုင်ရာကာယကံရှင်၊ အဖွဲ့အစည်း၊ အသံချဲ့စက်ပိုင်ရှင်က အုပ်ချုပ်ရေးမှူးထံ အနည်းဆုံး သုံးရက်ကြိုတင်ပြီး အသံချဲ့စက်ဖွင့်ခွင့်ကို လျှောက်ထားရမည်' ဟု ပြဋ္ဌာန်းထားသည်။

နည်းဥပဒေပုဒ်မ ၁၄ (ဂ) (၂) တွင် သာမန်အားဖြင့် နံနက် ၆ နာရီမှ ည ၉ နာရီထိသာ ခွင့်ပြုခြင်း၊ အများပြည်သူအနှောင့်အယှက်မဖြစ်ရေးအတွက် ခွင့်ပြုသည့်ဥပစာအတွင်း အများပြည်သူကြားသိနိုင်ရုံသာ ဖွင့်ခွင့်ပြုခြင်း၊ ခွင့်ပြုသည့်ကိစ္စမှတပါး အခြားကိစ္စများအတွက် အသုံးမပြုရခြင်း၊ တာဝန်ရှိသူကလိုအပ်၍ ခွင့်ပြုချက်ရုပ်စဲခြင်းကို လိုက်နာဆောင်ရွက်ခြင်း စသည့်စည်းမျဉ်းစည်းကမ်းချက်များ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက် အသံချဲ့စက်ဖွင့်ခွင့်လျှောက်ထားသူအား ခွင့်ပြုရပါမည်။ လျှောက်ထားသူကလည်း သတ်မှတ်သည့်စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာရမည်ဖြစ်သည်။ အငှားလိုက်သည့်အသံချဲ့စက်သာမက ဆောင်းဘောက် (Sound Box) များကိုလည်း အများပြည်သူများ အနှောင့်အယှက်ဖြစ်အောင်မဖွင့်ရန်၊ အများပြည်သူများ အနှောင့်အယှက်ဖြစ်ပါက ဥပဒေအရ တရားစွဲခံရမည်ဖြစ်သည်။ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ၂၇ အရ ငွေကျပ် ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ခြင်းခံရမည်။ အကယ်၍ ငွေဒဏ်ပေးဆောင်ရန်ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုများက ကျန်းမာရေးချို့တဲ့သကဲ့သို့ ဆူညံသံများကလည်း ကျန်းမာရေးကို ထိခိုက်စေသည်။ အသံလှိုင်း၏တုန်ခါမှုကြောင့် နားအာရုံထိခိုက်မှုကို ငယ်ရွယ်နုပျိုချိန် တက်သစ်စအရွယ်လူငယ်တို့အတွက် သတိမထားမိသော်လည်း အသက်အရွယ်ကြီး၍ အိုမင်းလာသောအခါ ဆူညံသံ၏ဂယက်ကို ခံစားရမိသည်။ ဆူညံသံဂယက်ကြောင့် စိတ်ဖိစီးမှု၊ စိတ်ညစ်မှု၊ စိတ်မကြည်လင်မှုရောဂါများ ဖြစ်လာကြရသည်။

အသက်ကြီးလျှင် မည်သူမဆို နားအေးပါးအေးနေချင်ကြသည်။ မိမိဘဝနေညိုချိန်တွင် အကြားအမြင် အသိများကိုချုံ့ပြီး ဘဝကို အကောင်းဆုံး အလှဆုံး ကပြသွားချင်သည်။

စစ်ကိုင်းတောင်ရိုး သီတဂူကျောင်းတိုက် သာသနာပြုသီတဂူဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ဉာဏိဿရ မိန့်ခဲ့သော 'ဘာတွေယူသွားမှာလဲ၊ ဘာတွေချန်ထားခဲ့မှာလဲ' ဟူသော ဘဝဒဿနမေးခွန်းအတိုင်း နေ့စဉ်ကြားနေရသော ဆူညံသံများနှင့် ကင်းဝေးရာဒေသကို ရှာကြသည်။

မူလအသံထက် ဒက်စီဗယ်ပိုသော အော်ငေါက်သံကိုပင် မကြားချင်။ နှလုံးကို တိုက်ရိုက်ထိခိုက်စေသော လက္ခဏာဖြစ်သည်။ ကမ္ဘာတွင်ရှိနေသော စိတ်ဝေဒနာရှင်များ၏ သုံးပုံတစ်ပုံက ဆူညံသံ၏နှိပ်စက်မှုကြောင့် ဖြစ်ကြရသည်။

ယင်းကြောင့် အသံ၏ဒုက္ခ ဆူညံသံ၏ဂုဏ်သတ္တိဖြင့် ကိစ္စများမြောင် လူတို့ဘောင်ဝယ် ပြေးလွှားရုန်းကန်နေကြသော လူသားများ၏ ပုထုဇဉ်လောကမျိုးစုံကြားဝယ် မိမိ၏အမှတ်တမဲ့ အပြုအမူ အသံတစ်သံကြောင့် စိတ်အာရုံ၊ အကြားအာရုံကို အနှောင့်အယှက်မပေးရအောင် အစစတွေးတောကြံဆ၍ အသံဖြင့်နှိပ်စက်သူ မဖြစ်ရအောင် 'သူ့တာကိုယ်တာ' ထိန်းသိမ်းခြင်းဖြင့် နိုင်ငံကြီးသားပီသအောင် စွမ်းဆောင်ကြပါစို့ဟူ၍။ ။

မြန်ဂုဏ်ဆောင်

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ပွင့်ဖြူ မေ ၅

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ဧပြီ ၃၀ ရက် ညနေ ၃ နာရီခန့်က တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းကြောင့် ကျေးရွာအုပ်စု ၂၆ အုပ်စုတွင် အမိုးများလန်သွားသော ကျေးရွာ ၈၃ ရွာနှင့် မြို့ပေါ်ရပ်ကွက် တစ်ရပ်ကွက်တို့၌ ပျက်စီးသွားသောအိမ် ၂၉၀၊ အမိုးများလန်ခြင်းနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးအိမ် ၂၅၆၀ စုစုပေါင်းအိမ် ၂၈၅၀၊ အခြေခံပညာကျောင်းခုနစ်ကျောင်းနှင့် ပြိုလဲပျက်စီးသွားသည့်ကျောင်းတစ်ကျောင်း၊ စေတီတစ်ဆူ ပြိုလဲပျက်စီးခဲ့ပြီး သာသနာရေးအဆောက်အအုံ ၂၇ လုံး အမိုးလန်ပျက်စီးခဲ့ရာ တစ်မြို့နယ်လုံး ပျက်စီးမှုတန်ဖိုးကျပ် ၁၁၅၂၆၇၅၀၀ ဆုံးရှုံးခဲ့ရပြီး ဒဏ်ရာရသူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်းခြောက်ဦးရှိခဲ့ရာ လူနှင့်တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါလေဘေးသင့်၍ ပျက်စီးဆုံးရှုံးခဲ့သော ကျေးရွာအုပ်စု ကိုးအုပ်စုရှိ အိမ်ထောင်စု ၁၆၉ စုအား မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကနဦးအနေဖြင့် အဝတ်အထည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများကို မြို့နယ်ထွေ/အုပ် အစည်းအဝေးခန်းမ၌ မေ ၃ ရက် နံနက် ၁၀နာရီက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတို့ထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သူရထွန်း(ပွင့်ဖြူ)

သောက်ရေသုံးရေ ဖူလုံစွာရရှိစေရေး ရေကန်သစ် တူးဖော်ပေးမည်

ပုဗ္ဗသီရိ မေ ၅

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စု စက်ကုန်းကျေးရွာအတွင်းရှိ ကျေးလက်နေပြည်သူများအတွက် စက်ကန်အမည်ရှိ မြေသားသောက်ရေကန်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ပေးမည်ဖြစ်သည်။

အဆိုပါရေကန်အား အလျားပေ ၆၀၊ အနံပေ ၈၀၊ အမြင့်ခြောက်ပေဖြင့် တည်ဆောက်မည်ဖြစ်ပြီး ရေကန်ဆောက်လုပ်ပြီးစီးပါက ကျေးရွာအတွင်းရှိ အိမ်ခြေ ၁၂၂ အိမ်၊ လူဦးရေ ၅၈၀ အတွက် သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်းသိရပြီး လုပ်ငန်းများဆောင်ရွက်နေမှုကို မေ ၄ ရက် နံနက် ၇ နာရီက ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်းစိုးနှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုခဲ့ပြီး ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေရဲရင့်

မီးပိတ်ပြီးဖုန်းဆော့လျှင် မျက်စိကွယ်နိုင်သည်အထိ အန္တရာယ်ရှိ

ကော့သောင်း မေ ၅

ညဘက်အချိန်ဖြစ်စေ အမှောင်ခန်းထဲမှာဖြစ်စေ မီးပိတ်ပြီး ဖုန်းဆော့ကစားခြင်း ဖုန်းကြည့်ခြင်းနှင့် ကွန်ပျူတာကြည့်ခြင်း စသည့်အပြုအမူများကြောင့် glaucoma ဆိုသည့် မျက်စိရေတိမ်ရောဂါဖြစ်တတ်ပြီး မျက်စိကွယ်နိုင်သည်အထိ အန္တရာယ်ရှိနိုင်ကြောင်း ထိုင်းနိုင်ငံ ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး မစ်စတာဝချီရဖိန်ကျန်က သတိပေးပြောကြားလိုက်ကြောင်း သိရသည်။

မျက်မှောက်ခေတ် လူနေမှုအနေအထားအရ အဓိကလူသုံးအများဆုံးအရာတစ်ခုမှာ လက်ကိုင်ဖုန်းဖြစ်ကြောင်း၊ လူအတော်များများက ညဘက်အချိန်မှာမီးပိတ်ပြီးဖုန်းကြည့်ခြင်း၊ ဖုန်းဆော့ကစားခြင်းများ ပြုမူလုပ်ဆောင်လေ့ရှိခြင်းကြောင့် မျက်လုံးကိုထိခိုက်စေနိုင်ကြောင်း၊ အထူးသဖြင့် ပညာသင်လျက်ရှိသည့်အရွယ်နှင့် အလုပ်ခွင်ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် အရွယ်များတွင် ပိုပြီးထိခိုက်လွယ်ပြီး မျက်စိအမြင်အာရုံကြော အားနည်းခြင်း မျက်စိမှုန်လွယ်ခြင်း စသည့်ဖြစ်စေနိုင်ကြောင်း သိရသည်။

သက်ကြီးအရွယ်ဖြစ်စေ မျက်စိရောဂါရှိသူတွေဖြစ်စေ အမှောင်မှာဖုန်းကြည့်ခြင်း ကွန်ပျူတာကြည့်ခြင်း ပြုလုပ်ပါက မျက်စိကွယ်သွားနိုင်သည်အထိ အန္တရာယ်များသည်။ အမှောင်ထဲတွင် ဖုန်းကြာရှည်ကြည့်ပါက မိမိခန္ဓာကိုယ်မှာ ညောင်းညာကိုက်ခဲခြင်း၊ မျက်စိမှုန်လာခြင်း၊ မျက်ရည်ခန်းခြောက်လာခြင်းများ စသည်များ တုံ့ပြန်အချက်ပေးလာတတ်ကြောင်း၊ အနည်းငယ်ကြာလာပါက ဇက်ကြောတက်ခြင်း၊ နားရင်းကိုက်ခြင်း၊ ခေါင်းကိုက်ခြင်းစသည်တို့ဖြစ်လာစေပြီး မျက်လုံးကိုထိခိုက်လာစေနိုင်ကြောင်း၊ အထူးသဖြင့် ဖုန်းကြည့်ရာတွင် ၁၀ မိနစ်ကြာတစ်ကြိမ် မျက်စိအနားပေးပြီး မိနစ် ၂၀ တစ်ကြိမ်ကိုယ်အနေအထားပြောင်းရန်လိုအပ်ကြောင်း၊ တစ်နာရီကြာတိုင်း ခဏနားပြီးကိုယ်လက် အကြောများလျှော့ပေးရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ကျန်းမာရေးဌာနမှ ပြည်သူများသို့ အကြံပြုထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ပြည်သူများအကြားတွင်လည်း လက်ကိုင်တယ်လီဖုန်းများ တွင်ကျယ်စွာအသုံးပြုနေကြပြီဖြစ်ရာ သတိပြုဆင်ခြင်ရန်လိုအပ်ကြောင်း စောင့်ကြည့်လေ့လာသူများက အကြံပြုပြောကြားသည်။

ကျော်စိုး(ကော့သောင်း–ပြန်/ဆက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးသစ်အဆောက်အအုံဖွင့်ပွဲ ဟားခါးတွင်ကျင်းပ

ဟားခါး မေ ၅

ချင်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၈ နာရီက ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ အဆိုပါရုံးသစ်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးနှင့် တာဝန်ရှိသူများက ရုံးသစ်အဆောက်အအုံဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားရာတွင် သစ်တောများအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာ၌ ဒေသခံပြည်သူများ သဘာဝပတ်ဝန်းကျင်အပေါ် အလွန်အကျွံမှီခိုအားထားထုတ်ယူသုံးစွဲမှုများ လျော့နည်းသွားစေရေးအတွက် စီမံဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရရှိရန်လိုအပ်ပါကြောင်း၊ မိမိတို့အားလုံး နောင်လာနောက်သား မျိုးဆက်သစ်များအတွက် သဘာဝပတ်ဝန်းကျင်ကောင်းများကို ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်းပေးသွားကြရမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်ဦးနေအေးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က ရုံးသစ်အဆောက်အအုံဖွင့်ပွဲအထိမ်းအမှတ်အလံငယ်ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်ထံသို့ ပေးအပ်သည်။

ယင်းနေ့ဖွင့်လှစ်သည့် ချင်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးသစ်အဆောက်အအုံသည် အလျား ပေ ၆၀၊ အနံ ပေ ၄၀ ရှိ သံကူကွန်ကရက် တစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် ၉၆ ဒသမ ၂၀၀ သန်းဖြင့် မာစီပါကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဒုတိယအကြိမ် ဓမ္မစကူးဆရာဖြစ်သင်တန်း မော်လိုက်မြို့ မြို့မကျောင်းတိုက်၌ဖွင့်လှစ်

မော်လိုက် မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့ မြို့မကျောင်းတိုက်အတွင်းရှိ ပရိယတ္တိစာသင်တိုက်၌ ပြုလုပ်သည့် ဒုတိယအကြိမ် ဓမ္မစကူးဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၇ နာရီ ခွဲက အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူတို့က နမောတဿသုံးကြိမ်ရွတ်ဆိုဆုတောင်းဖွင့်လှစ်ခဲ့ကြပြီး ဓမ္မစကူးဖြစ်မြောက်ရေး နာယက တောင်တလုံးတောရကျောင်းဆရာတော် ဘဒ္ဒန္တပိဏ္ဍောလထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

ဆက်လက်ပြီး မြို့နယ်ဓမ္မစကူးဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူးဆရာတော် ဘဒ္ဒန္တသက္ကာစာရက ဓမ္မစကူးဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို မိန့်ကြားတော်မူခဲ့ပြီး၊ မြို့နယ်ဓမ္မစကူးဖြစ်မြောက်ရေးဥက္ကဋ္ဌ မြို့မကျောင်းတိုက်ဆရာတော် ဦးတေဇောဘာသမှ ဓမ္မစကူးအနာဂတ်မျှော်မှန်းချက်ဩဝါဒစကား ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းသို့ မော်လိုက်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများက သင်တန်းသား၊ သင်တန်းသူ ၆၀ ကျော်ကို ဓမ္မစကူးသင်တန်းဌာနချုပ်မှ သင်တန်းနည်းပြ ဆရာ၊ ဆရာမ လေးဦးတို့က သင်တန်းကာလ ခုနစ်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်လိုက်သားလေး

အရန်သားဖွားသင်တန်းဆင်းပွဲနှင့် ဆေးသေတ္တာများပေးအပ်

ဝက်လက် မေ ၅

ကိုယ်ဝန်ဆောင်မိခင်များသေဆုံးမှုကျဆင်းရေး တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုကျဆင်းရေးအတွက် ရည်ရွယ်၍ အရန်သားဖွားဆရာမသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျန်းမာရေးဦးစီးဌာန၌ ဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းပွဲကို ဧပြီ ၂၉ ရက်က ကျင်းပခဲ့သည်။ သင်တန်းကို ခြောက်လကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၁၂ ဦးတက်ရောက်ခဲ့သည်။ သင်တန်းဆင်းပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်က သင်တန်းသူများအနေဖြင့် မိမိတို့ရပ်ရွာပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

နန်းမြင့်(ဝက်လက်)

ဒီပဲယင်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ယခင်နှစ်ထက်စော၍ဖြစ်ပေါ်

ဒီပဲယင်း မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် အပူချိန်မြင့်တက်ခြင်း၊ ပြင်းထန်သောလေပြင်းများတိုက်ခိုက်ခြင်းနှင့်အတူ မိုးသီးများကြွေကျခြင်းနှင့် မိုးများအဆက်မပြတ်ရွာသွန်းခဲ့သောကြောင့် ခြင်ပေါက်ဖွားမှုနှုန်းလည်း များပြားခဲ့ကြောင့် ခြင်မှဖြစ်ပေါ်တတ်သော သွေးလွန်တုပ်ကွေးရောဂါသည်လည်း ယခင်နှစ်များထက်စော၍ ဖြစ်ပွားနေကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနန္ဒညီဆွေက ပြောကြားသည်။

ဒီပဲယင်းမြို့နယ်တွင် အိုင်ပေါက်တောကျေးရွာမှ ၄ နှစ်အရွယ်ယောကျ်ားလေးတစ်ဦး၊ ယင်းတွေကျေးရွာမှ ၇ နှစ်အရွယ်ယောကျ်ားလေးတစ်ဦးနှင့် သရက်ကျင်းကျေးရွာမှ ၁၁ နှစ်အရွယ် မိန်းကလေးတစ်ဦးတို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ရာ ဒီပဲယင်းမြို့ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်၍ ဆေးကုသလျက်ရှိသည်။ ရောဂါနှင့်ပတ်သက်၍ အချိန်မီဆေးကုသခံယူနိုင်၍ အသက်အန္တရာယ်စိုးရိမ်စရာမရှိကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နန္ဒညီဆွေက ပြောသည်။

အဆိုပါသွေးလွန်တုပ်ကွေးဖြစ်ပွားနေသောကျေးရွာများသို့ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားခြင်းမရှိရအောင် သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ တစ်အိမ်တက်ဆင်း သောက်ရေအိုး၊ စဉ့်အိုး၊ အုတ်ကန်များကို စစ်ဆေးပြီး ဖုံး-သွန်-လဲ-စစ်လုပ်ငန်း ဆောင်ရွက်ပေးခြင်းနှင့်အတူ ကျေးရွာနေပြည်သူများကို အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိသည်။

သိန်းထွန်း(ဒီပဲယင်း)

ရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာများသို့ သောက်သုံးရေများ ဖြည့်တင်းပေးပို့

ကွမ်းခြံကုန်း မေ ၅

အယ်နီညိုရာသီဥတုကြောင့် ရေတွင်း၊ ရေကန်များရှိ ရေများ လျော့နည်းခန်းခြောက်လျက်ရှိသဖြင့် ရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာများသို့ သောက်သုံးရေများဖြည့်တင်းပေးပို့ခြင်းလုပ်ငန်းများကို ကျေးလက်ဦးစီးဌာနမှ အလေးထားဆောင်ရွက်လျက်ရှိရာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဂါလန် ၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ဧပြီ ၁ ရက်တွင် ဆိပ်ကမ်းသာကျေးရွာသို့လည်းကောင်း၊ ဧပြီ ၂၆ ရက်တွင် မြိုင်သာယာကျေးရွာသို့လည်းကောင်း၊ ဧပြီ ၂၈ ရက်တွင် အင့်ဟင်ကုန်းကျေးရွာသို့လည်းကောင်း စုစုပေါင်းရေဂါလန် ၆၀၀၀ ကို ပေးပို့ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သရဖီ

သဘောသဘာဝအမြင်ဖွင့်ဆွေးနွေးပွဲနှင့် ကျေးရွာများ ရွေးချယ်ရေးညှိနှိုင်းဆွေးနွေး

ကျောက်တန်း မေ ၅

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ သဘောသဘာဝအမြင်ဖွင့်ဆွေးနွေးပွဲနှင့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်းကျေးရွာ စိစစ်ရွေးချယ်ရေးအစည်းအဝေးကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအစည်းအဝေးခန်းမ၌ မေ ၂ ရက် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်မြစိမ်းရောင်ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးတင်အောင်သန်းကမြစိမ်းရောင်ကျေးရွာစီမံကိန်း သဘောသဘာဝအား အမြင်ဖွင့်ဆွေးနွေးခဲ့ပြီး စီမံကိန်းကျေးရွာခုနစ်ရွာအား ဦးစားပေးအလိုက် ရွေးချယ်ပေးခဲ့သည်။

စန်းစန်း(ကျောက်တန်း)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး HE.Murat Yavuz Ates နှင့်အဖွဲ့အား မေ ၄ ရက် နံနက် ၁၁ နာရီက ပြည်နယ်ဝန်ကြီးချုပ်ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ကျန်းမာရေး၊ ပညာရေး တိုးတက်မြှင့်မားရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့လည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ခေတ္တစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊အမှတ်(၁၈)၊အောင်ရိပ်သာလမ်း၊(၂၈)ရပ်ကွက်၊မြောက်ဒဂုံနေ
ဦးစိုးမြင့် + ဒေါ်အုန်းရီ တို့၏ သား
မောင်ကျော်စည်သူ(၁၂/ဒဂမ(နိုင်)၁၁၅၅၉၇)
နှင့်
ရန်ကုန်မြို့၊အမှတ်(၅၉၅/ခ)၊အောင်သဇ္ဇာလမ်း၊ကြီးပွားရေးရပ်ကွက်နေ
ဦးဝင်းမြင့် + ဒေါ်သိန်းသိန်းသန်း တို့၏ သမီး
မယမုံဦး (၁၂/သဃက(နိုင်)၁၈၁၉၇၃)
တို့သည်(၂၂-၄-၂၀၁၆)ရက်နေ့တွင်နှစ်ဖက်မိဘများရှေ့မှောက်၌
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း
မောင်ကျော်စည်သူ + မယမုံဦး

နှစ်ဦးသဘောတူစေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊
အမှတ်(၃၃)၊ အခန်း(၁၅)နေ
ဦးမြင့်လွင်-ဒေါ်Jennifer သိဂီ (Sule Shangri-La Hotel)တို့၏
တစ်ဦးတည်းသောသား
မောင်တင်ဝင်းလှိုင်
(B.A,Eco Business Management)
(Uniteam Marine Company Ltd)
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊
အမှတ်(၅၀/၅၂)၊ မြေညီထပ်နေ
ဦးခင်မြင့်(တပ်မတော်လေ-ငြိမ်း)-ဒေါ်သန်းရင်တို့၏ သမီးလတ်
မခိုင်ဇင်လတ် **(B.A, Myanmar)**
(Wadi Trading Co.,Ltd)
တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်အရ ၂၇-၄-၂၀၁၆ရက်တွင်
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
မောင်တင်ဝင်းလှိုင်-မခိုင်ဇင်လတ်

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)
(၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ဖိတ်ကြားခြင်း

အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုအားလုံးတက်ရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ဆွမ်းဆက်ကပ်ခြင်း - ၁၃-၅-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁၀း၀၀နာရီ
အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊
တာမွေ၊ ရန်ကုန်မြို့။

ညစာစားပွဲအစီအစဉ်

(က) ရန်ကုန် - ၁၃-၅-၂၀၁၆ရက်(သောကြာနေ့) ညနေ ၆း၀၀နာရီ
- M-3စားသောက်ဆိုင်

(ခ) နေပြည်တော် - ၁၄-၅-၂၀၁၆ရက်(စနေနေ့) ညနေ ၆း၀၀နာရီ
- Western Park စားသောက်ဆိုင်၊ ဥတ္တရသီရိ။

(ဂ) မန္တလေး - ၁၃-၅-၂၀၁၆ရက်(သောကြာနေ့)၊ ညနေ ၆း၀၀နာရီ
မင်္ဂလာမန္တလေး၊ ကိုလာလာစားသောက်ဆိုင်။

ဒို့ရွှေလမ်း
မြန်မာပြည်အနှံ့ဘုရားဖူးပို့ဆောင်ရေး

* ကျိုက်ထီးရိုး၊ ပဲခူးရွှေမော်ဓော၊ နေပြည်တော် မြို့(အနှံ့)(၃)ရက် (၃၆၀၀၀ိ/-) (၂၀-၅-၂၀၁၆)
* ကျောက်စိမ်းဘုရား၊ ကျောက်ဆည်၊ ပလိပ်မြွေဘုရား၊ မန္တလေးဘုရားစုံဖူး(၂)ရက် (၂၀၀၀၀ိ/-) (၂၈-၅-၂၀၁၆)၊ (၄-၆-၂၀၁၆)
* မန္တလေး-ပြင်ဦးလွင်၊ စစ်ကိုင်း-မင်းကွန်း၊ ကျောက်စိမ်းဘုရား(၃၅၀၀၀ိ/-) (၁၀-၆-၂၀၁၆)

အေးသာယာ-G.T.Cကျောင်းအနီး၊ တောင်ကြီးမြို့။
၀၉-၂၆၁၂၉၁၅၀၀၊ ၀၉-၇၈၇၈၉၃၀၀၆၊ ၀၉-၂၅၄၁၇၂၁၇၅

ခရီးစဉ်တိုင်း အဆင့်မြင့် Air-con Express

ရွှေနဂါး

ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
တာချီလိတ် / ဝေ...
Ph: 209077, 209388

ဗီဇသုခ

ရွှေတိဂုံကောင်းမြို့ ကြေးချိုင်ကမ်းခြေအပန်းဖြေခြင်း ငါးရံကျွန်း ၆၀၀၀၀ိ/-
ဘားအံ၊ ကျိုက်ထော် ရေတံခွန်၊ မြဝတီဘုရား၊ မဲဆောက်၊ ဦးအောင်ဇေယျ...
ကျိုက်ထီး... ၇၀၀၀၀ိ/-

ချစ်ခြင်းများစွာနဲ့ May ...ပျော်စရာအမှတ်တရတွေနဲ့ May ...အလှတရားတွေနဲ့ May ...အေးချမ်းကြည်နူးစရာများနဲ့ May
ဘယ်လို Mayလေးဖြစ်ချင်လဲဆိုတာ ကြိုက်တာရွေးချယ်ကြည့်ပါဦးနော်.......

ထန်ကောက်သီးသန့် အစွဲလိုက်ခရီးစဉ်(၂ည/၃ရက်) 27 May - 29 May တစ်ဦးလျှင် $350	ဝင်ကာပူ အစွဲလိုက်ခရီးစဉ်(၃ည/၄ရက်) 19 May - 22 May တစ်ဦးလျှင် $720
ထန်ကောက် - ပတ္တရား အစွဲလိုက်ခရီးစဉ်(၄ည/၅ရက်) 19 May - 23 May တစ်ဦးလျှင် $595	ဘာလီကမ်းခြေ အစွဲလိုက်ခရီးစဉ်(၄ည/၅ရက်) 20 May - 24 May တစ်ဦးလျှင် $989
ဗီယက်နမ် အစွဲလိုက်ခရီးစဉ်(ဟနွိုင်း-ဟာလောင်-နဘင်း)(၄ည/၅ရက်) 21 May - 25 May တစ်ဦးလျှင် $600	ဆီးရီလင်္ကာ အစွဲလိုက်ခရီးစဉ်(၅ည/၆ရက်) 1 June - 6 June တစ်ဦးလျှင် $1110
ဗီယက်နမ် - ကမ္ဘောဒီးယား အစွဲလိုက်ခရီးစဉ်(၄ည/၅ရက်) 20 May - 24 May တစ်ဦးလျှင် $1135	

ODYSSEY Travels & Tours Co., Ltd.

မန္တလေးမြို့တွင် ကျင်းပမည့် Tourism Seminor
"Destination Management and HR Development"

- Better Life ၏ Executive Director Mr. Kyaw Min Htin (President, JTB. Polestar Co.Ltd)မှ MTF နှင့် MJC တို့ပြုလုပ်သော Tourism in Myanmar Seminor ကို အခမဲ့တက်ရောက်နိုင်ပါသည်။
- Pratical Japanese Tour Guide Training Course in Mandalay (Mingalar Mandalay)
Tution Fee -10000(Kyats) , 2016 May 14 & 15 (Sat ~Sun), Ph: 01 382529, 09 250185455

Better Life ECSC Education & Career Supporting Centre
100% Scholarship ဖြင့် ဂျပန်နိုင်ငံ နှင့် ထိုင်ဝမ်နိုင်ငံ ရှိ တက္ကသိုလ်ကြီးများသို့ သွားရောက်ပညာသင်ကြားနိုင်မည့်အခွင့်အရေး

- ဂျပန်နိုင်ငံ သို့ Language School ဖြင့်ပညာသင်ကြားလိုသူများအတွက်အထူး Promotion ဖြင့်October Intake အတွက် ကျောင်း Form များလက်ခံနေပါပြီ။ လူဦးရေ ကန့်သတ်ထားသည်။
- 100% Scholarship ဖြင့်တက္ကသိုလ်ကြီးများသို့သွားရောက်လိုသူများအတွက် September Intake အတွက်ကျောင်း Form များ လျှောက်ထားနိုင်ပါသည်။ (အခမဲ့ဝန်ဆောင်မှု)
- Native Speaker ကိုယ်တိုင်သင်ကြားပေးသော ဂျပန်စာ N5~N1 တန်းခွဲသင်များ ရပြီ။

No. (410~411), 4th Floor, La Pyayt Wun Plaza Dagon Town ship Yangon. Ph: 01 382529, 09 250649545
https://www.facebook.com/BetterLifeEducationCentre

Travel & Tours
01-551240, 09-5003647

- ဘန်ကောက် (May20/27) (3D/2N) $330 (အထပ်စဉ်)
- ဗီယက်နမ်-ဟိုချီမင်း-မဲခေါင် (June-10) (၄ရက်) $360
- ဗီယက်နမ်-ကမ္ဘောဒီးယား (June-1) (၆ရက်) $650
- ဗီယက်နမ်-ဟနွိုင်း-ဟာလောင်းဒေး-ဟိုချီမင်း (May-25) $595
- ဘာလီကျွန်း(၅ရက်) $880 ကိုရီးယား-ဗီယက်နမ် (၆ရက်) $990
- မလေးရှား (၅ရက်) $680 စင်္ကာပူ (၄ရက်) $680

Package
Fb: Myanmar Myat Cherry Travel & Tours

အဆောက်အဦ အငှားချမည်

လှိုင်သာယာမြို့နယ်၊ ရန်ကုန် - ပုသိမ်လမ်းမကြီး နှင့် ရန်ကုန် - ညောင်တုန်းလမ်းမကြီးအား ဖြတ်သန်းသွားသော လှူစည်ကားရာ လမ်းမကြီးပေါ်ရှိ
မျက်နှာစာပေ(100) ဧရိယာစတုရန်းပေ(12,000)ခန့်ကျယ်ဝန်းသော (၃) ထပ် အဆောက်အဦအသစ်အား ပိုင်ရှင်မှ အငှားချမည်။
- ဝှ + မီး Transformer
- တစ်လလျှင် USD(6,500) (ညှိနှိုင်း)
(အကျိုးဆောင်ပေးနိုင်ပါသည်။) ပိုင်ရှင်မှ အကျိုးဆောင်ခ မပေးပါ။
ဆက်သွယ်ရန် - 09 49709415 (ရုံးချိန်အတွင်း)

STRATEGY FIRST

ICM single subject diploma in Business Mgt & Administration

Course Contents:
- The Management Framework to Business Administration
- Characteristic Features of Organisations
- The Structure of Business Enterprises
- Functions within Organisations - The Production Function, The Purchasing Function, The R&D Function, The Marketing Function, The HR Department
- The Administrative Officer's Role

Lecturer:
Daw Aye Aye Win, M.A (Int'l Business Studies) (Sophia), M. Com, B. Com (Hons) (YIE), Dip in English
Every Tuesday - 6:00 to 8:30 pm
Program Fees - (395,000 kyats + 105 USD for exam & reg)
သင်တန်းကို ပြည်လမ်းကျောင်းတွင် တက်ရောက်ရပါမည်။

Starting Date: 10 May 2016

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.
#289, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon.
CALL NOW: (09) 250 7171 66 ~ 68

လှူဒါန်းရန်၊ လက်ကားဖြန့်ချိရန်နှင့် ကုန်ပစ္စည်းပရိမိုးရှင်း၊ မွေးနေ့လက်ဆောင်ပေးရန်
ဒီဇိုင်းစုံ၊ ရောင်စုံ အိတ်မျိုးစုံကို စက်ရုံတိုက်ရိုက်ဈေးနှုန်းဖြင့် ရရှိနိုင်ပါသည်။
